# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

**ပါပဝဂ်(ဓမ္မပဒ-၁၁၆)**


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၀၆၀)




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို


*စာမျက်နှာ ၃ ကော်လံ ၅* ❊




# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့သည် ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။ **သတင်းစဉ်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ တွေ့ဆုံစဉ်။**
သတင်းစဉ်




မြန်မာ့အလင်း

# နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အမြင်သဘောထားများ

(၆)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။ ဤအစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ နိုဝင်ဘာလ ၂၇ ရက်နေ့က ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က “ ကျွန်မတို့ဟာ ငြိမ်းချမ်းရေးကို ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး” ဟု ပြောကြားခဲ့ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့၏ သဘောသဘာဝကို လုစ်ဟပြသလိုက်ခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရန် စိတ်ပိုင်းဆိုင်ရာ သတ္တိလိုအပ်ကြောင်းကို နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်က ထပ်ဆင့်ထောက်ပြခဲ့ပါသည်။ တစ်ဆက်တည်း နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်က “ စိတ်ပိုင်းဆိုင်ရာသတ္တိဆိုတာ ကိုယ့်ကိုယ်ကိုယ်ရင်ဆိုင်ရဲတဲ့ သတ္တိပဲဖြစ်ပါတယ်” ဟု ပြောခဲ့ခြင်းသည် လူသားတို့၌ ရှိတတ်သော အားနည်းချက်တစ်ရပ်ကို ညွှန်ပြခဲ့ခြင်းဖြစ်ပါသည်။ လူသားတို့သည် မိမိတို့ ဆုပ်ကိုင်ထားသော သဘောထားအမြင် ရည်မှန်းချက်တို့ မှန်ကန်မှု ရှိသည်၊ မရှိသည်၊ လက်တွေ့ကျမှုရှိသည်၊ မရှိသည်တို့ကို ရဲရဲဝံ့ဝံ့ ရှုမြင်သုံးသပ်ရန် ဝန်လေးတွန့်ဆုတ်လေ့ရှိပါသည်။ လူသားတို့ ၌ ရှိလေ့ရှိသော ဤအားနည်းချက်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့၌ အမှန်တကယ် သတိထားကျော်လွှားရမည့်ကိစ္စရပ်ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဆိုပါသဘောသဘာဝကို ရည်ညွှန်းပြောဆိုခဲ့ခြင်းဖြစ်ပါသည်။

ငြိမ်းချမ်းရေးကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့၌ အပြန်အလှန်အပေးအယူ ညှိနှိုင်းမှု ပြုလုပ်နိုင်ခြင်းသည် အသက်သွေးကြောလိုအပ်ချက် ဖြစ်ပါသည်။ ဤသဘောသဘာဝတို့ကို မီးမောင်းထိုးတင်ပြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ရင်ဆိုင်ရဲတဲ့သတ္တိဆိုတာ အမှန်တရားကို ရင်ဆိုင်ရဲတဲ့ သတ္တိပါသလို လိုအပ်တဲ့နေရာမှာ အလျှော့အတင်းလုပ်ဖို့ အဆင်သင့်ဖြစ်ဖို့ လိုပါတယ်”ဟု ပြောကြားခဲ့ခြင်းဖြစ်ပါသည်။နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်က “ချက်ချင်းလက်ငင်းအဖြေတွေရှာလို့ မရသေးဘူးဆိုရင်လည်း ရှာလို့မရသေးဘူးဆိုတာကို သေသေချာချာရင်ဆိုင်ပြီးတော့ အဖြေရအောင် ရှာရမှာပါ”ဟု ပြောဆိုခဲ့ခြင်းသည် မလွယ်ကူသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့၏ သဘာဝကို အလေးအနက်ထားဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ငြိမ်းချမ်းရေးကို တခြားလူတွေ လိုချင်တာ မလိုချင်တာထက် အလိုချင်ဆုံးကတော့ ကျွန်မတို့ပြည်သူလူထုပါပဲ.... အဓိက မျက်ခြည်မပြတ်ရမှာကတော့ ပြည်သူ့ရဲ့မျက်နှာပါပဲ” ဟု ပြောကြားခဲ့ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တာဝန်ရှိသော ပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံး နှလုံးသွင်းရမည့် ခံယူချက်ကို ထောက်ပြခဲ့ခြင်းဖြစ်ပါသည်။သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့သော ခံယူချက်ကို နှလုံးသွင်းလျက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့ကို ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်ကြပါရန် လေးစားစွာ ထပ်ဆင့်နှိုးဆော် တင်ပြအပ်ပါသည်။ ॥

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၈**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။

မိုး/ဇလ

# စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကဘဏ်များ များစွာအထောက်အကူပြု

**ရန်ကုန် နိုဝင်ဘာ ၂၈**

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကဘဏ်များအခန်းကဏ္ဍသည် များစွာအရေးပါပြီး ပိုမိုအထောက်အကူပြုလျက်ရှိကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်က ပြောသည်။

“ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေရေးကြေးရေးကဏ္ဍမှာ အထောက်အကူပြုနိုင်ဖို့ မြန်မာနိုင်ငံမှာ ပုဂ္ဂလိကဘဏ် ၂၄ ခု ဖွင့်လှစ်နိုင်ဖို့ ခွင့်ပြုပေးခဲ့ပါတယ်၊ ဒါ့အပြင် နိုင်ငံခြားဘဏ်ခွဲ ၁၃ ခုကိုလည်း ဖွင့်လှစ်လုပ်ကိုင်စေခဲ့ပါတယ်၊ နိုင်ငံပိုင်ဘဏ်ကတော့ လေးခုရှိပါတယ်၊ ပုဂ္ဂလိကဘဏ်တွေဟာ ဒီဂျစ်တယ်ဘဏ်စနစ်ကို ထိရောက်စွာ အသုံးပြုလာကြတဲ့အတွက် နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ များစွာအထောက်အကူပြုလျက်ရှိပါတယ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ချမှတ်ထားတဲ့ဥပဒေ၊ နည်းဥပဒေများအရ ကြီးကြပ်ကွပ်ကဲကာ လိုအပ်တဲ့အကူအညီများလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်” ဟု ဦးဝင်းသော်က နိုဝင်ဘာ ၂၆ ရက်တွင် မီလီယာဟိုတယ်၌ ကျင်းပသော သမဝါယမဘဏ်နှစ်ပတ်လည် အခမ်းအနား၌ ပြောကြားသည်။

ယခုအခါ ပြည်တွင်းပုဂ္ဂလိကဘဏ်များက ကတ်စနစ်ဖြင့် ငွေထုတ်ယူနိုင်သည့် ATM စက်များ အသုံးပြုလာခြင်း၊ စတိုးဆိုင်ကြီးများနှင့် စူပါမားကတ်များတွင် Pos များတွင်ကျယ်စွာအသုံးပြုလာခြင်း၊ နိုင်ငံတကာသုံးကတ်များဖြစ်သည့် Master, VISA, UPI, JCB စသည့် ပြည်တွင်းပြည်ပအသုံးပြုနိုင်သော Credit ကတ်၊ Debit ကတ်များကို တွင်ကျယ်စွာ အသုံးပြုလာခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်ဘဏ်စနစ်ပြောင်းလဲရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။

ထို့အပြင် Mobile Banking , Internet Banking, Mobile Banking Agent တို့ကိုပါ ဆောင်ရွက်လာသည့်အတွက် မြို့ပြများသာမက ကျေးလက်ဒေသများအထိ ဘဏ်များက ငွေကြေးဝန်ဆောင်မှုကို ပေးလျက်ရှိသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**



ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

ထင်သာမြင်သာပြုပြင်စရာ

# ကျေးရွာချင်းဆက်မြေသားလမ်း ပျက်စီးနေ၍ ပြုပြင်ပေးစေလို

မြို့ကုန်းကျေးရွာနှင့် မိုးစစ်ကျေးရွာကို ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် မြေသားလမ်းသည် ကျေးရွာနှစ်ခုမှ ပြည်သူများ ရွှေကူမြို့နယ်သို့ သွားလာရန် အတွက် အားထားရသောလမ်းဖြစ်သည်။



အဆိုပါ လမ်းကိုအသုံးပြု၍ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အချိန်တိုအတွင်း ခရီးပေါက်၍အဆင်ပြေလျက်ရှိသည်။

ကျေးရွာချင်းဆက်လမ်းကိုအသုံးပြု၍ သစ်တင်ကားကြီးများ ဝန်နှင့်လမ်းမမျှအောင် တင်ဆောင်သွားလာနေသဖြင့် လမ်းတစ်လျှောက် ချိုင့်ခွက်များဖြစ်ကာ လမ်းအသုံးပြုသူများနှင့် ခရီးသွားများမှာ အဆိုပါ ချိုင့်ခွက်များကို ရှောင်တိမ်းပြီးသွားလာနေရ၍ ခရီးမတွင်ကျယ်ဘဲ ခရီးထောက်လျက်ရှိနေကြသည်။ မိုးရာသီကာလဆိုလျှင် ရေဗွက်အိုင်ကြီးဖြစ်နေရာ ခရီးတိုသွားလာသည့် လှည်းယဉ်များအဖို့ အားထည့်ရုန်းကန်နေရသလို ဆိုင်ကယ်များမှာလည်း မကြာခဏတိမ်းမှောက်မှုများ ရှိသဖြင့် ပြည်သူများ အတိဒုက္ခများဖြစ်လျက်ရှိသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းကို အသုံးပြုသွားလာနေသည့် ကျေးရွာသားတစ်ဦးက “ အခုတော့ လမ်းမကောင်းလို့ ရွာသားတွေပဲ ဒုက္ခဖြစ်ကြရတယ်၊ မြေသားလမ်းပေါ်ကို ဝန်တင်ထားတဲ့ သစ်ကားကြီးတွေမောင်းတော့ ဒီလမ်းပျက်တာပေါ့၊ သွားလို့ရအောင် တစ်နိုင်တစ်ပိုင်လုပ်တာလည်း အဆင်မပြေပါဘူး”ဟု ပြောသည်။

ထို့ကြောင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအစရှိသဖြင့် ဆောင်ရွက်ရန် သွားလာနေရသည့် အဆိုပါ မြေသားလမ်းကို အမြန်ပြန်လည်ကောင်းမွန်လာစေရေး ဒေသခံပြည်သူများက မျှော်လင့်နေလျက်ရှိကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၈-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၆၅/၇၅၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၀ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၈၅/၇၉၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၉ ·၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၅ ·၃ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ·၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၁ ·၈၀ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၄၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



❄ *ရှေ့စုံးမှ*

ခံယူကြပြီး ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များအား အပြန်အလှန်မိတ်ဆက်ပေးကြသည်။

ဂုဏ်ပြုကြိုဆိုပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရ ဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်ဝင်း၊ ဦးကျော်တင်၊ ဗာတီကန် မြို့ပြနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစံလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားအပြီးတွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် နိုင်ငံတော်သမ္မတအိမ်တော် ညှိသည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ညှိခန်းမ၌ တွေ့ဆုံကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ တွေ့ဆုံစဉ်။**
သတင်းစဉ်

# မစ္စ ဗန်နက်ဆာ ချန်ယွမ်ရင်အား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက မစ္စ ဗန်နက်ဆာ ချန်ယွမ်ရင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သည်။

မစ္စချန်ကို ၁၉၆၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ သူမသည် ဗြိတိန်နိုင်ငံ ကင်းဘရစ်ချ်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ဥပဒေ(ဂုဏ်ထူးတန်း)ကို ၁၉၈၈ ခုနှစ်တွင် လည်းကောင်း၊ စင်ကာပူဥပဒေပညာရှင်အဖွဲ့၏ ပညာရှင်အသိအမှတ်ပြုလက်မှတ်ကို ၁၉၉၀ ပြည့်နှစ်တွင် လည်းကောင်း ရရှိခဲ့ပြီး ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဥပဒေပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သည်။

မစ္စချန်သည် ၁၉၉၅ ခုနှစ်တွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး မြောက်အမေရိကဒေသ အရှေ့တောင်အာရှဒေသနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၂ ခုနှစ် ဩဂုတ်လအထိ နယူးယောက်မြို့ရှိ စင်ကာပူအမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ၂၀၀၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၁ ခုနှစ် ဇန်နဝါရီလအထိ ရန်ကုန်မြို့ရှိ စင်ကာပူသံရုံးတို့၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဇွန်လအထိ စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် သူမသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဇွန်လအထိ စင်ကာပူနိုင်ငံရှိ United Nations Development Programme Global Centre for Public Service Excellence တွင် ပူးတွဲ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးဖြစ်စဉ် ပိုမို တိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေများ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၈**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှိခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးဖြစ်စဉ် ပိုမိုတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေများ၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ဆောင်ရွက်ရန် အခြေအနေများနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည့် အလားအလာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် မြန်မာ-ဘီလာရုစ် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင် ဘီလာရုစ်ဘက်ဥက္ကဋ္ဌနှင့် State Military Industrial Committee of The Republic of Belarus ၏ First Deputy Chair-man ဖြစ်သူ Maj. Gen. Igor De-midenko နှင့် အဖွဲ့အား မွန်းလွဲပိုင်းတွင် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာ-ဘီလာရုစ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေး၊ စစ်ဘက်နှင့် မသက်ဆိုင်သည့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများအား သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံမှု ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့ တွေ့ဆုံဆွေးနွေးစဉ်။**
သတင်းစဉ်

# သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော သောက်ရေသန့်လုပ်ငန်းရှင်များ တွေ့ဆုံပွဲနှင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၈**

တတိယအကြိမ်နှင့်အထက် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော သောက်ရေသန့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က သောက်ရေသန့်လုပ်ငန်းမူဝါဒပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သောက်ရေသန့်များကွပ်ကဲမှုနှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနှင်းနန္ဒာကျော်က ဆက်လက်ရှင်းလင်းဆွေးနွေးသည်။ သောက်ရေသန့်လုပ်ငန်းရှင်များက သောက်ရေသန့်ဆိုင်ရာ ဗဟုသုတများနှင့် သိရှိလိုသည်များကို မေးမြန်းရာ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီး၍ စားသုံးသူများ နေ့စဉ်စားသုံးနေသည့် အစားအစာများထဲတွင် ဓာတုဆိုးဆေးကင်းစင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးနှင့် အစားအသောက်များကို စိတ်ချယုံကြည်စွာ စားသောက်နိုင်ရေးအတွက် လိုက်လံစစ်ဆေးလျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်များရှိ စားသောက်ဆိုင်ရာများကို လိုက်လံစစ်ဆေးသည်။ စစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တက္ကသိုလ်အတွင်းရှိ နယ်မြေတာဝန်ခံများနှင့် ပူးပေါင်း၍ ကျောင်းဝင်းအတွင်းရှိ စားသောက်ဆိုင်များသို့ လိုက်လံစစ်ဆေးသည်။ **သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့်ရှိ နိုင်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံသားများ ပြည်တွင်းပဋိပက္ခများနှင့် ရန်လိုမုန်းတီးမှုများကြောင့် ကြီးမားစွာ ဝေဒနာခံစားနေရ ကမ္ဘာတစ်လွှားတွင် ပဋိပက္ခများအား အကြမ်းမဖက်ဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊**
**လေးစားရပါသော အစိုးရအဖွဲ့ဝင်များ၊**
**ရဟန်းအမတ်နှင့် ညီအစ်ကို ဆရာတော်များ၊**
**ဂုဏ်သရေရှိ သံတမန်အဖွဲ့ဝင်များ၊**
**ဧည့်သည်တော်များ ခင်ဗျား**

မြန်မာနိုင်ငံသို့ ကြွရောက်လာရန် ဖိတ်ကြားသည့်အတွက် ကျေးဇူးတင်ရှိပါသည်။ လှိုက်လှဲပျူငှာသော စကားပြောကြားခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်အားလည်း ကျေးဇူးတင်ပါသည်။ ဤခရီးစဉ် ဖြစ်မြောက်ရေးအတွက် စွမ်းစွမ်းတမံ စီစဉ်ဆောင်ရွက်ပေးသူများ အားလုံးကိုလည်း အထူးကျေးဇူးတင်ပါသည်။ လူနည်းစုဖြစ်သော်လည်း စိတ်အားထက်သန်သည့် ကက်သလစ်ခရစ်ယာန် ဘာသာဝင်များနှင့်အတူ ဆုတောင်းရန်၊ သူတို့၏ ယုံကြည်ခြင်း၌ တည်ကြည်ခိုင်မြဲစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် သူတို့၏ ကြိုးစားအားထုတ်မှုကို ခွန်အားဖြည့်ပေးရန် ကျွန်ုပ် ရည်ရွယ်၍ လာရောက်ရခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် ဗာတီကန်တို့အကြား တရားဝင် သံတမန်ဆက်သွယ်ရေး ထူထောင်ပြီး များမကြာမီ လာရောက်ခွင့်ရသည့်အတွက်လည်း အလွန်ပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ တိုင်းပြည်၏ အခြေခံအဆောက်အအုံကို ပြန်လည်ဆန်းသစ်ရန် အားစိုက်ထုတ်နေရသော်ငြားလည်း ဤကဲ့သို့ သံတမန် ထူထောင်ခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်းထဲတွင် ဆွေးနွေးညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရန် မြန်မာနိုင်ငံ၏ ခိုင်မာသော စိတ်အားထက်သန်မှုကို ပြသနေသည့်သင်္ကေတအဖြစ် ကျွန်ုပ် မှတ်ယူလိုပါသည်။

ကျွန်ုပ်၏ ခရီးစဉ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မှီတင်းနေထိုင်ကြသူများအားလုံးကို ရင်းနှီးစွာ တွေ့ဆုံရန် ဖြစ်ပါသည်။ တရားမျှတသော၊ ပြန်လည် ကျေအေးသင့်မြတ်သော၊ အလုံးစုံပါဝင်သော လူ့အဖွဲ့အစည်းကို ဖော်ဆောင်ရန် ကြိုးစားလုပ်ဆောင်နေကြသော သူများကိုလည်း အားပေးစကား ပြောကြားလိုပါသည်။ မြန်မာနိုင်ငံသည် သဘာဝအလှအပများ၊ သယံဇာတများနှင့် ကျေးဇူးတော်ပြည့်ဝသည့် နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တန်ဖိုးအရှိဆုံး အဖိုးတန်ရတနာမှာ မြန်မာနိုင်ငံ၏ ပြည်သူလူထု ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများသည် ကာလရှည်ကြာဖြစ်ပွားနေ၍ နက်နက်ရှိုင်းရှိုင်း ကွဲပြားမှုများ ဖြစ်ပေါ်စေသော ပြည်တွင်းပဋိပက္ခများနှင့် ရန်လိုမုန်းတီးမှုများကြောင့် ကြီးမားစွာ ဝေဒနာခံစားနေခဲ့ကြရသကဲ့သို့ ဆက်လက်ခံစားနေရဆဲလည်း ဖြစ်ပါသည်။ လက်ရှိအချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းနေချိန်တွင် ထိုပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် ဒဏ်ရာဒဏ်ချက်များအား ကျေအေးခြင်းနှင့် ကုသခြင်း အရေးကိစ္စမှာ အရေးအကြီးဆုံး နိုင်ငံရေးနှင့် ဘာသာရေး ဦးစားပေးလုပ်ငန်းစဉ်များမှ အမြင့်မားဆုံး လုပ်ငန်းစဉ်တစ်ခု ဖြစ်ရပါမည်။ ဤစိန်ခေါ်မှုများကို ကိုင်တွယ်နိုင်ရန် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများမှ ကျွန်ုပ်အနေဖြင့် နှစ်သက်အားရကြောင်း ဖော်ထုတ်ပြသရန်သာ ရှိပါတော့သည်။ ထိုသို့ အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများမှ အထူးသဖြင့် ပင်လုံငြိမ်းချမ်းရေးညီလာခံသည် အကြမ်းဖက်ခြင်းကို ချုပ်ငြိမ်းစေရန်၊ အပြန်အလှန်



**ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မိန့်ခွန်းပြောကြားစဉ်။** သတင်းစဉ်

ယုံကြည်မှု တည်ဆောက်နိုင်ရန်နှင့် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်သောသူ အားလုံး၏ အခွင့်အရေးများအား လေးစားမှုရှိစေရန် တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များအား ဖိတ်ခေါ်ကာ ဆွေးနွေးစေသည့် ညီလာခံ ဖြစ်ပါသည်။

ဧကန်စင်စစ်၊ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းနှင့် အမျိုးသား ပြန်လည်ကျေအေးသင့်မြတ်ရေးဟူသည့် ခက်ခဲကြမ်းတမ်းသော လုပ်ငန်းစဉ်သည် တရားမျှတခြင်းနဲ့ လူ့အခွင့်အရေးကို လေးစားမှသာလျှင် ရှေ့ဆက်နိုင်မည် ဖြစ်သည်။ သမ္မာကျမ်းတွင် ပရောဖက်များက တရားမျှတမှုဟူသည်မှာ မှန်ကန်၍ အစဉ်တည်တံ့မည့် ငြိမ်းချမ်းရေးအတွက် အခြေခံဟု ရှုမြင်ခဲ့ကြစဉ် ရှေးပညာရှင်များက တရားမျှတခြင်းဟူသည်မှာ "လူသားတိုင်းအား ၎င်းတို့ ရသင့်ရထိုက်သည်ကို ပေးခြင်း"ဟု အနက်ဖွင့်ခဲ့ကြသည်။ ဝမ်းနည်းဖွယ်ရာ ကမ္ဘာစစ်ကြီးနှစ်ခုက ထိုရှုမြင်ချက်များ မှန်ကန်ကြောင်း အတည်ပြုပေးခဲ့ကာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို ပြဋ္ဌာန်းသတ်မှတ်ခြင်းနှင့် ကုလသမဂ္ဂအဖွဲ့အစည်းကြီးကို တည်ထောင်ခြင်းတို့အား ဦးတည်စေခဲ့သည်။ ဤသို့ဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းသည် ကမ္ဘာတစ်လွှားတွင် တရားမျှတရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးရှိစေရန်နှင့် ပဋိပက္ခများအား အကြမ်းမဖက်ဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာရန်အတွက် အခြေခံဖြစ်လာခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် တည်ရှိနေသော နိုင်ငံတကာ သံတမန်အသိုင်းအဝိုင်းသည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရုံသာမက အထက်ဖော်ပြပါ အခြေခံမှုများအား လိုက်နာစောင့်ထိန်းရန် မြန်မာနိုင်ငံ၏ အားစိုက်မှုကိုလည်း အသိအမှတ်ပြုခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အနာဂတ်သည် ငြိမ်းချမ်းရေးဖြစ်ရမည်။ ထိုငြိမ်းချမ်းရေးသည် လူသားတိုင်း၏ လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးကို လေးစားမှု၊ တိုင်းရင်းသားလူမျိုးစုတိုင်းနှင့် ၎င်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာကို လေးစားမှု၊ တရားဥပဒေအား လေးစားလိုက်နာမှု၊ မည်သူ့ကိုမျှချန်လှပ်ထားခြင်းမရှိဘဲ အများအကျိုးအတွက် ပံ့ပိုးမှုပေးနိုင်ရန် လူတစ်ဦးစီတိုင်းနှင့် အဖွဲ့တိုင်းအား မြှင့်တင်ပေးသည့် ဒီမိုကရေစီစနစ်ကို လေးစားမှု စသည်တို့အပေါ် အခြေခံသည်။

အမျိုးသား ပြန်လည်ကျေအေးသင့်မြတ်ရေးနှင့် အတူယှဉ်တွဲနေထိုင်ရေးကို ဖော်ဆောင်သည့် လုပ်ငန်းစဉ်ကြီးတွင် မြန်မာနိုင်ငံရှိ ဘာသာရေးအဖွဲ့အစည်းများ၌ တသီးတခြားတာဝန်ရှိပေသည်။ မတူညီသည့် ဘာသာရေး ယုံကြည်မှုများသည် စိတ်ဝမ်းကွဲမှုများနှင့် အယုံအကြည်ကင်းမဲ့မှုများကို ဖန်တီးသည့် အရင်းအမြစ်မဖြစ်စေဘဲ စည်းလုံးညီညွတ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့် သတိပညာပြည့်ဝသည့် နိုင်ငံတော် တည်ဆောက်ရေးအတွက် ခွန်အားတစ်ခု ဖြစ်ရပါမည်။ ဘာသာတရားများအနေဖြင့် နိုင်ငံတွင်း နှစ်ကာလကြာရှည်စွာ ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် အတိဒုက္ခရောက်သူများအတွက် ခံစားချက်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ရေးဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များအား ကုစားပေးခြင်းတွင် အလွန်အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ခိုင်မာစွာ ခံယူထားသော မူတန်ဖိုးများအား အခြေခံထားသည့် ဤဘာသာရေး အဖွဲ့အစည်းများသည် ပဋိပက္ခများဆိုင်ရာ သက်ရောက်မှုများအား ကုစားပေးနိုင်ခြင်း၊ အပြန်အလှန်ဆွေးနွေးညှိနှိုင်းရန်အတွက် ပေါင်းကူးပေးခြင်း၊ တရားမျှတရေး ဖော်ဆောင်ပေးခြင်းနှင့် အတိဒုက္ခ ခံစားနေရသူများအားလုံးအတွက် ရပ်တည်အရေးဆိုပေးခြင်း စသည်တို့အား ပြုလုပ်နိုင်စွမ်းရှိပါသည်။ သဟဇာတရှိခြင်းနှင့် အပြန်အလှန် လေးစားမှုရှိခြင်းမှုအပေါ် အခြေခံ၍ မြန်မာနိုင်ငံရှိ ဘာသာရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင်များသည် ငြိမ်းချမ်းရေးအတွက်၊ ဆင်းရဲသား အတိဒုက္ခရောက်သူများအား ကူညီပေးရေးနှင့် မွန်မြတ်သည့် ဘာသာတရား သွန်သင်ချက်များ၊ လူ့တန်ဖိုးများအား သွန်သင်ပေးရေး ကိစ္စရပ်များတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်နေကြသည်ကို မြင်တွေ့ရခြင်းသည် မျှော်လင့်ခြင်း၏ တောက်ပသော အလင်းရောင်တစ်ခု ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးခြင်းနှင့် တစ်လုံးတစ်ဝတည်းရှိခြင်းဟူသည့် ဓလေ့တစ်ခု တည်ဆောက်ရာတွင် ဘာသာရေးအဖွဲ့အစည်းများသည် ဘုံအကျိုးအတွက် ဆောင်ရွက်ခြင်းနှင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် မျှော်လင့်ခြင်းနှင့် ကြွယ်ဝဖူလုံမှုရှိသည့် အနာဂတ်တစ်ခုတည်ဆောက်ရန် ပစ်ပယ်၍မရသော စိတ်ဓာတ်နီတိရေးရာ အခြေခံအုတ်မြစ်များ ချမှတ်ခြင်းကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နေကြပါသည်။

ယနေ့ ခေတ်ကာလတွင်ပင် အနာဂတ်သည် နိုင်ငံ၏ လူငယ်များ လက်ထဲတွင် ရှိနေပါသည်။ လူငယ်များဟူသည်မှာ အမြတ်တနိုးထားပြီး မြေတောင်မြှောက်ပေးရမည့် လက်ဆောင်မွန်တစ်ခု၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် အရည်အသွေးရှိသော ပညာရေးကို မှန်ကန်စွာ ဖန်တီးပေးလျှင် ကြီးမားစွာ အကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်ပါသည်။ ၎င်းသည် သားစဉ်မြေးဆက်များအကြား တရားမျှတမှုအတွက် အရေးပေါ် လိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ ရုတ်ခြည်းပြောင်းလဲနေပြီး ချိတ်ဆက်မှု အားကောင်းလာလျက်ရှိသော ကမ္ဘာကြီးရှိ မြန်မာနိုင်ငံ၏ အနာဂတ်သည် လူငယ်များအား လေ့ကျင့်ပျိုးထောင်ပေးမှုအပေါ်တွင် မူတည်ပါသည်။ ထိုသို့ လူငယ်များအား လေ့ကျင့်ပျိုးထောင်ရာတွင် နည်းပညာ နယ်ပယ်များဆိုင်ရာ အတတ်ပညာများသာမက ဖြောင့်မတ်ရိုးသားခြင်း၊ သိက္ခာသမာဓိရှိခြင်းနှင့် လူသားချင်းစာနာစိတ်ထားရှိခြင်းစသည့် နီတိတန်ဖိုးများကိုလည်း သင်ကြားပေးရန် လိုအပ်ပါသည်။ ထိုနီတိတန်ဖိုးများသည် ဒီမိုကရေစီစနစ်အား ခိုင်မာစေခြင်းနှင့် လူ့အဖွဲ့အစည်း၏ အဆင့်တိုင်းတွင် စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ရှင်သန်တိုးပွားစေပါသည်။ သားစဉ်မြေးဆက်များအကြားရှိရမည့် တရားမျှတမှုသည် လူ့လောဘနှင့် အတ္တတို့ဖြင့် ဖျက်ဆီးခြင်းကင်းသော ဘဘာဝပတ်ဝန်းကျင်တစ်ခုကို အနာဂတ်မျိုးဆက်သစ်များအတွက် အမွေပေးရန် တောင်းဆိုပါသည်။ လူငယ်များထံမှ မျှော်လင့်ခြင်းကို လုယူဖျက်ဆီးခြင်းမပြုရန်၊ နိုင်ငံတော်နှင့် လူသားမျိုးနွယ်တစ်ခုလုံး၏ အနာဂတ်ကို ပုံသွင်းပေးမည့် သူတို့၏ စိတ်ကူးအိပ်မက်များနှင့် အရည်အချင်းများအား လက်တွေ့အကောင်ထည်ဖော်ခြင်းကို မဟန့်တားရန် အရေးကြီးပါသည်။

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဆွေတော်များ ခင်ဗျား**

ကျွန်ုပ်၏ ကက်သလစ် ခရစ်ယာန် ညီအစ်ကို မောင်နှမများကို ကျွန်ုပ် တိုက်တွန်းအားပေးလိုသည်မှာ ယနေ့ခေတ်ကာလတွင် လူ့အဖွဲ့အစည်း တစ်ရပ်လုံးအား အကျိုးပြုသည့် ချစ်ခြင်းမေတ္တာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များဖြင့် ခရစ်ယာန်ယုံကြည်ခြင်း၌ စွဲမြဲခိုင်မာကြစေရန်၊ ပြန်လည်ကျေအေးသင့်မြတ်ရေးနှင့် ညီရင်းအစ်ကိုစိတ်ထားရှိရေး သတင်းစကားကို စဉ်ဆက်မပြတ်ဖော်ထုတ်ကြပါရန်ဖြစ်သည်။ ကက်သလစ်ခရစ်ယာန်များသည် ဤမြတ်နိုးဖွယ်ရာ မြန်မာနိုင်ငံတော်ရှိ လူသားအားလုံးအတွက် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်း ခေတ်သစ်ကို ဆောင်ကြဉ်းပေးနိုင်ရန် ဘာသာပေါင်းစုံမှ ညီအစ်ကိုမောင်နှမများ၊ စိတ်ကောင်းနှလုံးကောင်းရှိသူများနှင့် တလေးတစား ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ကြိုးပမ်းပေးကြမည်ဟု ကျွန်ုပ် မျှော်လင့်ပါသည်။

**"မြန်မာနိုင်ငံတော် အစွန့်ရှည် တည်တံ့ပါစေ"**

ယခုလို အာရုံစိုက် နားထောင်ပေးသည့်အတွက် သင်တို့အားလုံးကို ကျေးဇူးတင်ရှိပါသည်။ အားလုံးအကျိုးအတွက် အထူးကြိုးပမ်းဆောင်ရွက်နေကြသော သင်တို့၏ လုပ်ဆောင်ချက်များအတွက် ဆုတောင်းမေတ္တာပို့သရင်း သင်တို့အားလုံးအပေါ် သတိပညာ၊ ခွန်အားနှင့် ငြိမ်းချမ်းရေး၏ ကောင်းချီးကျေးဇူးတော်များ ရရှိကြပါစေဟု တောင်းဆုပြုလိုက်ပါသည်။

❑ **မတူညီသည့် ဘာသာရေး ယုံကြည်မှုများသည် စိတ်ဝမ်းကွဲမှုများနှင့် အယုံအကြည်ကင်းမဲ့မှုများကို ဖန်တီးသည့် အရင်းအမြစ် မဖြစ်စေဘဲ စည်းလုံးညီညွတ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့် သတိပညာပြည့်ဝသည့် နိုင်ငံတော်တည်ဆောက်ရေးအတွက် ခွန်အားတစ်ခုဖြစ်**

❑ **ဘာသာတရားများအနေဖြင့် နိုင်ငံတွင်း နှစ်ကာလကြာရှည်စွာ ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် အတိဒုက္ခရောက်သူများအတွက် ခံစားချက်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ရေးဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များအား ကုစားပေးခြင်းတွင် အလွန်အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်**

# တရားမျှတမှု၊ လွတ်လပ်မှုနဲ့ လုံခြုံမှုတို့ကို အာမခံချက်ပေးနိုင်သည့် ဥပဒေများနှင့် အဖွဲ့အစည်းများရှိသည့် နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရေးတာဝန်ကို ဆက်လက် ထမ်းဆောင်ရန်မှာ မိမိတို့ရဲ့ လက်ရှိတာဝန်ပဲဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၈

**ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မိန့်ခွန်းပြောကြားသည့် အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ကြိုဆိုနှုတ်ခွန်းဆက်စကား အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ပုပ်ရဟန်းမင်းကြီးဖရန်စစ်၊**
**ဂုဏ်သရေရှိညွှေ့သည်တော်များ၊**

ငြိမ်းချမ်းရေးနှင့် မေတ္တာတရားရဲ့စွမ်းအားနဲ့ ဖန်တီးနိုင်စွမ်းအပေါ် မိမိတို့ရဲ့ယုံကြည်မှုကို ထပ်လောင်းအတည်ပြုတဲ့ ယနေ့တွေ့ဆုံပွဲကနေ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကို လက်ခံကြိုဆိုခွင့်ရတဲ့အတွက် မိမိအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ယနေ့ မိမိတို့နဲ့ အတူရှိနေပေးတဲ့အတွက်လည်း ပုပ်ရဟန်းမင်းကြီးအား ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။

**မိမိတို့ရဲ့တာဝန်ပဲဖြစ်**

ပုပ်ရဟန်းမင်းကြီးအနေနဲ့ မိမိတို့ မြန်မာပြည်သူ ပြည်သားတွေ လိုအပ်နေတဲ့၊ လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ လူမှုရေးအရ သဟဇာတရှိမှုတို့အပေါ် နားလည်မှုပေးခြင်းဟာ မိမိတို့အတွက် ခွန်အားနဲ့ အနေဟာ ကမ္ဘာ့နိုင်ငံအများစုရဲ့အာရုံစိုက်မှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ရခိုင်ပြည်နယ်ရှိ မတူကွဲပြားတဲ့ အသိုက်အဝန်းများအကြား ယုံကြည်မှု၊ အပြန်အလှန်နားလည်မှု၊ သဟဇာတဖြစ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ထိခိုက်စေခဲ့တဲ့ ကာလရှည်ကြာဖြစ်ပေါ်ခဲ့တဲ့ ကိစ္စရပ်များ၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာမှာ မိမိတို့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေ အောင်မြင်ဖို့ဆန္ဒရှိကြတဲ့ မိမိတို့နိုင်ငံရဲ့ပြည်သူ ပြည်သားများ၊ မိတ်ဆွေကောင်းများရဲ့ထောက်ခံအားပေးမှုဟာ တန်ဖိုးမဖြတ်နိုင်တဲ့အရာတွေ ဖြစ်ပါတယ်။ ပုပ်ရဟန်းမင်းကြီးမှ သယ်ဆောင်လာတဲ့ ကရုဏာတရားနဲ့ အားပေးမှုလက်ဆောင်များကို မိမိတို့ အလေးအနက် တန်ဖိုးထားပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျရောက်သည့် အကြိမ် (၅၀) မြောက် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ အခမ်းအနားအတွက် ပုပ်ရဟန်းမင်းကြီး၏ အမှာစကားဟာ မိမိတို့ရဲ့နှလုံးသားကို ရိုက်ခတ်စေပါတယ်။





**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** သတင်းစဉ်

မျှော်လင့်ချက်တွေကို သယ်ဆောင်လာပေးပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်က အတည်ပြုသတ်မှတ်ခဲ့တဲ့ နိုင်ငံတော်သီချင်းမှာ "တရားမျှတလွတ်လပ်ခြင်းနဲ့မသွေ" ဆိုတဲ့ စကားရပ်နဲ့ စတင်ခဲ့ပါတယ်။ ဒီအချက်ဟာ တရားမျှတမှုမရှိပါက စစ်မှန်တဲ့ လွတ်လပ်ရေးကို ရရှိနိုင်မည်မဟုတ်ဆိုတဲ့ မြန်မာနိုင်ငံကို စတင်တည်ထောင်ခဲ့တဲ့ ခေါင်းဆောင်ကြီးများရဲ့ခိုင်မာတဲ့ ခံယူချက်ကို ထင်ဟပ်ပြသနေပါတယ်။ ဒီစကားရပ်ဟာ မိမိတို့ပြည်သူများအနေနဲ့ ၎င်းတို့ရဲ့အလားအလာများကို အပြည့်အဝသိရှိနိုင်စေမယ့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သူများရဲ့ ဆောင်ရွက်ချက်ကို ပြန်လည်ကြားယောင်စေပါတယ်။ မိမိတို့နိုင်ငံရှိ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီတိုင်းအတွက် တရားမျှတမှု၊ လွတ်လပ်မှုနဲ့ လုံခြုံမှုတို့ကို အာမခံချက်ပေးနိုင်သည့် ဥပဒေများနှင့် အဖွဲ့အစည်းများရှိသည့် နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရေးတာဝန်ကို ဆက်လက်ထမ်းဆောင်ရန်မှာ မိမိတို့ရဲ့လက်ရှိတာဝန်ပဲဖြစ်ပါတယ်။

**အားဖြည့်ပေး**

မြန်မာနိုင်ငံဟာ စိန်ခေါ်မှုတွေအများအပြားနဲ့ ရင်ဆိုင်နေရပြီး စိန်ခေါ်မှုတစ်ခုချင်းစီတိုင်းအတွက် ခွန်အား၊ စိတ်ရှည်သည်းခံမှုနဲ့ ရဲရင့်မှုတွေ လိုအပ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ သဘာဝသယံဇာတပေါကြွယ်ဝမှုတွေနဲ့ ပြည့်စုံနေတဲ့ နောက်ခံအလှတရားကို အခြေပြုပြီး မတူကွဲပြားတဲ့ ပြည်သူတွေ၊ ဘာသာစကားတွေနဲ့၊ ကိုးကွယ်ယုံကြည်မှုတွေ အမျိုးမျိုးရောယှက်နေတဲ့ ပိတ်ကားထက်က ပန်းချီကားတစ်ချပ်နဲ့ တူညီပါတယ်။ ပြည်သူတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်ခြင်း၊ စိတ်ရှည်သည်းခံမှုကို မွေးမြူခြင်းနဲ့ အားလုံးအတွက် လုံခြုံမှုကို အာမခံပေးနိုင်ခြင်းဖြင့် မတူကွဲပြားမှုတွေရဲ့ ပေါင်းစပ်အလှတရားကို ဖော်ဆောင်ဖို့တာဝန်ဟာ ကျွန်မတို့အစိုးရရဲ့ ရည်မှန်းချက်ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ တန်ဖိုးအထားဆုံး ကြိုးပမ်းအားထုတ်မှုတစ်ခုကတော့ အရင်အစိုးရက အစပြုပေးခဲ့တဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အပေါ် အခြေခံပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်ဖော်ဆောင်ဖို့ပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ရရှိဖို့ လျှောက်လှမ်းရတဲ့ ခရီးလမ်းဟာ အမြဲတမ်းမချောမွေ့နိုင်ပါဘူး။ သို့ပေမယ့် ဒီကြိုးပမ်းမှုဟာ မိမိတို့အတွက် အေးချမ်းစွာမှီခိုရာ၊ ဂုဏ်သိက္ခာရှိမှုနဲ့၊ ပျော်ရွှင်မှုတွေကို ဆောင်ကြဉ်းပေးမယ့် တရားမျှတပြီး ကြွယ်ဝချမ်းသာတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာစေလိုတဲ့ ကျွန်မတို့ပြည်သူတွေအားလုံးရဲ့ အိပ်မက်တွေကို ပြည့်ဝစေနိုင်မယ့် တစ်ခုတည်းသောနည်းလမ်းပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းမှုဟာ နောင်လာမယ့် မျိုးဆက်သစ်တွေရဲ့အနာဂတ်ကို အာမခံချက်ရှိစေမယ့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတွေရရှိစေမှုနဲ့ အားဖြည့်ပေးရမှာ ဖြစ်ပါတယ်။

**တန်ဖိုးမဖြတ်နိုင်**

မိမိတို့အစိုးရ ရင်ဆိုင်ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုများအနက် ရခိုင်ပြည်နယ် အခြေ

**မင်္ဂလာရှိ**

ခရစ်တော်သည် ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် လက်ကိုင်ထားရမည့် နည်းလမ်းကို သူ၏တောင်ပေါ်ဒေသနာတွင် မြွက်ကြားခဲ့ပါသည်။ မင်္ဂလာတရား ၈ ပါးသည် မိမိတို့အား မင်္ဂလာရှိသော၊ ကောင်းမွန်ဖြောင့်မတ်မှန်ကန်သော လူပုဂ္ဂိုလ်တစ်ဦးအဖြစ် ပုံဖော်ပေးနိုင်ပေသည်။ နှိမ့်ချနာခံတတ်သောသူ၊ သနားကြင်နာတတ်သောသူနှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သောသူ၊ စိတ်နှလုံးဖြူစင်သောသူ၊ ဖြောင့်မတ်ခြင်းတရားကို ငတ်မွတ်သောသူတို့သည် မင်္ဂလာရှိကြကုန်၏။

**လိုက်နာရမယ့် ကျင့်ဝတ်**

ဒီဒေသနာမှာပါရှိတဲ့ တရားတော်တွေဟာ နိုင်ငံရေးနှင့် ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းကြီးများနှင့် သတင်းမီဒီယာမှ အလုပ်အမှုဆောင်များအနေနဲ့ မိမိတို့ရဲ့ လုပ်ငန်းတာဝန်အသီးသီးကို ထမ်းဆောင်ရာမှာ လိုက်နာရမယ့် ကျင့်ဝတ်နဲ့ စိန်ခေါ်မှုတွေဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းတစ်ခု၊ လူမှုအသိုက်အဝန်းနှင့် စီးပွားရေးလုပ်ငန်းကြီးတွေကို တည်ထောင်တဲ့အခါ ငြိမ်းချမ်းရေးတည်ထောင်သူတွေအနေနဲ့ ရင်ဆိုင်ရမယ့် အခက်အခဲလည်း ဖြစ်ပါတယ်။ လူအချင်းချင်း လျစ်လျူရှုခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေခြင်း၊ မိမိအနိုင်ရရှိရေးအတွက်သာ တစ်ဖက်သတ်ဆောင်ရွက်မှုတွေကို ငြင်းပယ်ခြင်းဟာ ကရုဏာကြီးမားမှုကို ပေါ်လွင်စေမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ ဗာတီကန်နိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုတည်ထောင်ပြီး ခြောက်လမျှသာ ကြာသေးသည့်အချိန်တွင် ပုပ်ရဟန်းမင်းကြီးက မိမိတို့နိုင်ငံသို့ လာရောက်ခဲ့မှုအပေါ် ဝမ်းသာပီတိဂုဏ်ယူမိပါတယ်။ ယခုခရီးစဉ်ဟာ နီးကပ်တဲ့ဆက်ဆံရေးရဲ့သမိုင်းမျက်နှာစာသစ်ကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် မိမိနဲ့ အခြားပုဂ္ဂိုလ်များအကြား ကြည်နူးဝမ်းမြောက်မှု ယခင်ကရှိခဲ့တဲ့ ဆက်ဆံရေးကိုလည်း ပြန်လည်အမှတ်ရစေခဲ့ပါတယ်။ မိမိတို့အနေနဲ့ ရန်ကုန်မြို့ရှိ St.Francis Convent ကျောင်းမှာ ပျော်ရွှင်စွာ ပညာစတင်သင်ယူခဲ့ချိန်က ပုပ်ရဟန်းမင်းကြီးထံမှ ကောင်းချီးပေးမှုကို ခံယူခွင့်ရရှိခဲ့ပါတယ်။ ပုပ်ရဟန်းမင်းကြီးရဲ့ကောင်းချီးမင်္ဂလာပေးမှုကို မိမိတို့အားလုံး ဝေမျှခံယူပြီး စိတ်ကောင်းစေတနာကောင်းများနဲ့ ပျော်ရွှင်မှုများကို နိုင်ငံတစ်ဝန်း ဖြန့်ဝေပေးနိုင်မှာ ဖြစ်ပါတယ်။

**ကျွမ်းကျင်မှု ပြည့်ဝသူများအဖြစ် မြင်တွေ့လို**

နိုင်ငံတစ်နိုင်ငံရဲ့သက်တမ်းရှိ ခေတ်ကာလတိုင်းမှာ အတိတ်ရဲ့ကောင်းမွေ၊ ဆိုးမွေကို ဆက်ခံပြီး အကောင်းဆုံးတည်ဆောက်ဖို့ မိမိတို့မှာ တာဝန်ရှိပါတယ်။ ယခုဆိုလျှင် မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်တွေကို အကောင်အထည်ဖော်နိုင်မယ့် ပြုပြင်ပြောင်းလဲနိုင်ဖို့ အခွင့်အလမ်းတွေကို မိမိတို့ရရှိထားပြီးဖြစ်ပါတယ်။ ဒီတာဝန်တွေ၊ သမာဓိနဲ့ ကိုယ်ချင်းစာတရားတွေဖြင့် ထမ်းဆောင်သွားမှာဖြစ်ပြီး၊ မိမိတို့နိုင်ငံရဲ့အနာဂတ်ကို လှပခိုင်မာပြီးဂရုစိုက်မှု၊ တန်ဖိုးထားလေးစားမှုများနှင့် ပျော်ရွှင်ကြွယ်ဝပြီး သာယာလှပတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် သမိုင်းအမွေ ချန်ထားခဲ့လိုပါတယ်။ အလားတူအနာဂတ်မှာ မြန်မာပြည်သူတွေဟာ စည်းလုံးညီညွတ်မှုရှိပြီး ပြောင်းလဲနေသည့် ကမ္ဘာကြီးနဲ့ လိုက်လျောညီထွေရှိစွာ ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးနိုင်သူများ၊ ငြိမ်းချမ်းမှု၊ အကြင်နာတရားပြည့်ဝပြီး သဒ္ဓါတရားကြီးမားသူများ၊ အကူအညီလိုအပ်နေသူများကို အချိန်တိုင်းမှာ လက်ကမ်းကူညီပေးနိုင်သူ၊ စိတ်ဓာတ်ခိုင်မာပြီး ကျွမ်းကျင်မှု ပြည့်ဝသူများအဖြစ် မြင်တွေ့လိုပါတယ်။

**ယုံကြည်မှုတွေနဲ့အတူ လျှောက်လှမ်း**

မြန်မာနိုင်ငံအတွင်းရှိ ကက်သလစ်ဘုရားကျောင်းမှ ပြည်သူများဟာ မြန်မာနိုင်ငံရဲ့ပြည်သူများပင်ဖြစ်ပြီး၊ ချစ်ခြင်းမေတ္တာတရားနှင့် ပြည့်ဝသူများဖြစ်ကြပါတယ်။ မိမိတို့နိုင်ငံနဲ့ ကမ္ဘာ့ပြည်သူများအားလုံးအပေါ် ဆုတောင်းမေတ္တာပို့သမှုတွေအတွက် ပုပ်ရဟန်းမင်းကြီးကို ကျေးဇူးတင်ရှိသလို သူတို့အားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ မိမိတို့ ရှေ့ဆက်ရမယ့်လမ်းခရီးမှာ ရှည်လျားသော်လည်း ငြိမ်းချမ်းခြင်း၊ ချစ်ခြင်းမေတ္တာနှင့် သာယာပျော်ရွှင်ခြင်းတို့ရဲ့ စွမ်းအားများအပေါ် ယုံကြည်မှုတွေနဲ့အတူ လျှောက်လှမ်းသွားမှာဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

> **"နိုင်ငံတစ်နိုင်ငံရဲ့ သက်တမ်းရှိ ခေတ်ကာလတိုင်းမှာ အတိတ်ရဲ့ ကောင်းမွေ၊ ဆိုးမွေကို ဆက်ခံပြီး အကောင်းဆုံး တည်ဆောက်ဖို့ မိမိတို့မှာ တာဝန်ရှိပါတယ်၊ ယခုဆိုလျှင် မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်တွေကို အကောင်အထည်ဖော်နိုင်မယ့် ပြုပြင်ပြောင်းလဲနိုင်ဖို့ အခွင့်အလမ်းတွေကို မိမိတို့ ရရှိထားပြီး ဖြစ်ပါတယ်၊ ဒီတာဝန်တွေ၊ သမာဓိနဲ့ ကိုယ်ချင်းစာတရားတွေဖြင့် ထမ်းဆောင်သွားမှာဖြစ်ပြီး၊ မိမိတို့နိုင်ငံရဲ့ အနာဂတ်ကို လှပခိုင်မာပြီး ဂရုစိုက်မှု၊ တန်ဖိုးထားလေးစားမှုများနှင့် ပျော်ရွှင်ကြွယ်ဝပြီး သာယာလှပတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် သမိုင်းအမွေ ချန်ထားခဲ့လိုပါတယ်"**



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ တွေ့ဆုံစဉ်။ သတင်းစဉ်

# နေပြည်တော်သို့ ရောက်ရှိလာသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား ကြိုဆိုနှုတ်ဆက်သည့် မြင်ကွင်းပုံရိပ်များ






ပုပ်ရဟန်းမင်းကြီး ဖရန်စစ် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။ သတင်းစဉ်

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-II) ၌ မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်






နေပြည်တော်သို့ ရောက်ရှိလာသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား လမ်းတစ်လျှောက်၌ ပြည်သူများ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ အထက်လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၈**

ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Tadamori Oshima ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဂျပန်နိုင်ငံအောက်လွှတ်တော်သို့ရောက်ရှိကြရာ ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Tadamori Oshima က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ဂျပန်နိုင်ငံ အောက်လွှတ်တော်ရှိ အထူးဧည့်ခံသည့် ခန်းမဆောင်၌ ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်-မြန်မာ နှစ်နိုင်ငံ လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးကိုရှေးရှုသည့် ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဂျပန်နိုင်ငံ အောက်လွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံအထက်လွှတ်တော်ရှိ အထူးဧည့်ခံသည့် ခန်းမဆောင်၌ ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. DATE Chuichi နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဂျပန်နိုင်ငံအထက် လွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ဥက္ကဋ္ဌအိမ်တော်၌ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. DATE Chuichi တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီကလည်း ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းအသင်းချုပ် (Keidanren) သို့ ရောက်ရှိပြီးဂျပန်-မြန်မာစီးပွားရေးကော်မတီဥက္ကဋ္ဌ Mr. KOBAYASHI Ken နှင့် တွေ့ဆုံ ဆွေးနွေးသည်။

တွေ့ဆုံပွဲများနှင့် ညစာစားပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်အောင်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီအတွင်းရေးမှူး ဦးအင်ထုံးခါးနော်ဆမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးထွန်းမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သူရဦးသက်ဆွေ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **သတင်းစဉ်**

# အကြိမ်(၂၀)မြောက် အာဆီယံ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို ပုဂံမြို့၌ ကျင်းပခဲ့



အကြိမ်(၂၀)မြောက် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၂၈**

အကြိမ်(၂၀)မြောက် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ပုဂံမြို့ ပုဂံဟိုတယ်တွင် နိုဝင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည်။

အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ပြီး အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့၏ အာဆီယံ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ မြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မင်းသိုက်က အမှာစကား ပြောကြားပြီး အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဌာနမှူး Ms. Yap Lai Peng က မိတ်ဆက်အမှာစကားပြောကြားကာ အစည်းအဝေးကို စတင်ဖွင့်လှစ်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ခံများ၊ GIZ မှ တာဝန်ရှိသူများ၊ အာဆီယံ-သြစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှု ဒေသကော်မတီမှ ကျွမ်းကျင်သူများ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည်။

အာဆီယံ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ကို ၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှစ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အိမ်ရှင်နိုင်ငံနှင့် အာဆီယံဥက္ကဋ္ဌအဖြစ် အလှည့်ကျတာဝန်ယူလာခဲ့ရာ ၂၀၁၇ ခုနှစ်တွင် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံမှ တာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်ပြီး (၁၉) ကြိမ်မြောက် အာဆီယံယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများ အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်တွင် မေ ၃ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့ပြီး ယခုအကြိမ်(၂၀)မြောက် အစည်းအဝေးကို ပုဂံမြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၂၀ ရက် ညပိုင်းတွင် တက်ရောက်လာကြသော အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များအား ကြိုဆိုသည့် ညစာစားပွဲကို ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ပုဂံဟိုတယ် မြက်ခင်းပြင်၌ ကျင်းပခဲ့ပြီး မြန်မာ့ရိုးရာ အကအလှများဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် (၂၁) ကြိမ်မြောက်နှင့် (၂၂) ကြိမ်မြောက် အာဆီယံ ယှဉ်ပြိုင်မှုဆိုင်ရာကျွမ်းကျင်သူများအဖွဲ့(AEGC)အစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို စင်ကာပူနိုင်ငံမှ အိမ်ရှင်နိုင်ငံနှင့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌတို့အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# (၁၇)ကြိမ်မြောက် အာဆီယံ သတ္တုကဏ္ဍ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

(၆)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးဖြစ်သော (၁၇) ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ M Gallery Hotel, Irrawaddy Grand Ballroom တွင် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေ၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီးနှင့် မလေးရှားနိုင်ငံ Department of Mineral and Geoscience Malaysia မှ Diector General ဖြစ်သူ Mr. Shahr Effendi Abdullal Azizi တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမှ ဥက္ကဋ္ဌ၊ ဖိလစ်ပိုင်နိုင်ငံမှ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ Trade and Investment, Capacity Building, Mineral Information & Database, Sustainable Mineral Development ခေါင်းစဉ်များဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ AFMA, CCOP အဖွဲ့များမှ ဝိုင်းဝန်းဆွေးနွေးကြသည်။

3rd BOJ Meeting ကို တစ်ပြိုင်တည်း May Kha Room တွင် ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ASEAN Mineral Award အတွက် လာအို၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ ပုဂ္ဂလိက ကုမ္ပဏီများမှ ဆွေးနွေးကြသည်။

(၁၀) ကြိမ်မြောက် အာဆီယံ+၃ အာဆီယံသတ္တုကဏ္ဍ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို အဆိုပါဟိုတယ်တွင် နိုဝင်ဘာ ၂၉ ရက်တွင် လည်းကောင်း၊ (၆)ကြိမ်မြောက် အာဆီယံ သတ္တုကဏ္ဍဝန်ကြီးအဆင့် အစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက်တွင် လည်းကောင်း ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




(၁၇) ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်




**စာပေမြင့်မှ လူမျိုးတင့်မည်**




## ခေတ်မီမြေတိုင်းနည်းပညာများကို လေ့ကျင့်သင်ကြားပေးနိုင်ရန် ပို့ချပေးလျက်ရှိ

**ပြင်ဦးလွင် နိုဝင်ဘာ ၂၈**
ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်း အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ်(၁၁၃)၊ မြန်မာနိုင်ငံမြေတိုင်းကျောင်း၊ အဆင့်မြင့်မြေတိုင်းသင်တန်း အမှတ်စဉ်(၅၁)နှင့် အခြေခံမြေတိုင်းသင်တန်း အမှတ်စဉ်(၇၆) သင်တန်းဆင်းစစ်ရေးပြ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်က ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ မြေတိုင်းကျောင်း စစ်ရေးပြကွင်း၌ပြုလုပ်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသစ်တောကျောင်းကို ၁၉၉၈ ခုနှစ်မှစ၍ သာယာဝတီမြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး အရည်အချင်းပြည့်မီစွာ မွေးထုတ်ခဲ့သော သင်တန်းသားဦးရေအနေဖြင့် ၆၀၃၆ ဦး ရှိခဲ့ပြီး မြေတိုင်းကျောင်း အနေဖြင့် သင်တန်းသား ၁၂၃၀၁ ဦး မွေးထုတ်သင်ကြားပေးခဲ့ပြီး ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ မြေတိုင်းကျောင်း အနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်သတ်မှတ်တိုင်းတာရေးလုပ်ငန်းများနှင့် အထူးစီမံကိန်း လုပ်ငန်းများအတွက် စကေးအမျိုးမျိုးနှင့် ရေးဆွဲထုတ်လုပ်သည့် မြေပုံများ၊ ခေတ်မီမြေတိုင်း နည်းပညာများကိုလည်း လေ့ကျင့်သင်ကြားပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ မြေတိုင်းကျောင်း၏ အဆင့်မြင့်မြေတိုင်းသင်တန်း အမှတ်စဉ်(၅၁)နှင့် အခြေခံ မြေတိုင်းသင်တန်း အမှတ်စဉ် (၇၆) သင်တန်းဆင်းမည့် သင်တန်းသားများအနေဖြင့် ဤသင်တန်းကျောင်းမှ သင်ကြားပေးလိုက်သော မြေတိုင်းပညာရပ်များကို အခြေခံပြီး သိပ္ပံနှင့် နည်းပညာရပ် နယ်ပယ်များအသီးသီးတွင် တိုးတက်ပြောင်းလဲလျက်ရှိသည့် မြေတိုင်းပညာရပ်များကို အချိန်နှင့် တစ်ပြေးညီ အသုံးချနိုင်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းဆင်း အောင်လက်မှတ် ချီးမြှင့်ပေးအပ်သည့် အခမ်းအနားကို မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သစ်တောဦးစီးဌာန အကျိုးပြုစာစောင်၊ ဆောင်းပါးများ ရေးသားခဲ့သည့် အငြိမ်းစား သစ်တောအရာရှိကြီးနှစ်ဦးနှင့် ပေးအပ်ထားသော တာဝန်ကို ထူးချွန်အောင်မြင်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော သစ်တောဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ ထူးချွန်ဆုရသင်တန်းသားများအား ဆုများ ပေးအပ်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အမေချစ်တဲ့ ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် လူထုဒေါ်အမာ၏ ၁၀၂ နှစ်ပြည့် မွေးနေ့ပွဲ အခမ်းအနားကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**
အမေချစ်တဲ့ ငြိမ်းချမ်းရေး ခေါင်းစဉ်ဖြင့် လူထုဒေါ်အမာ၏ ၁၀၂ နှစ်ပြည့် မွေးနေ့ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ်ရှိ Yangon Book Plaza တွင် ကျင်းပမည်ဖြစ်ပြီး ငြိမ်းချမ်းရေးလမ်းစဉ်များ ဟောပြောပွဲ၊ ငြိမ်းချမ်းရေး ကဗျာရွတ်ပွဲနှင့် လူထုဒေါ်အမာ၊ လူထုဦးလှတို့၏ စာအုပ်များကို ၂၀ ရာခိုင်နှုန်းလျှော့ ရောင်းချပွဲတို့ ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

**မြန်မာ့အလင်း**

❄ *ကျောဖုံးမှ*
အိန္ဒိယကောင်စစ်ဝန် H.E.Mr.Nandan Singh Bhausora တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြကာ ချင်းတိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေခြင်း၊ ကားများ စတင်ထွက်ခွာရန် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အိန္ဒိယကောင်စစ်ဝန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ကြပြီးနောက် ချစ်ကြည်ရေးပြိုင်ပွဲဝင်မော်တော်ယာဉ်များသည် ကလေး-ဂန့်ဂေါလမ်းအတိုင်း ဆက်လက်ထွက်ခွာသွားကြကြောင်း သိရသည်။

**ဂျူနိုင်း**

## General Principles of Federalism အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၈**
အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် Intermediate တို့ ပူးပေါင်းကျင်းပသည့် General Principles of Federalism အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဖက်ဒရယ်စနစ်၌ ပြည်ထောင်စု အစိုးရနှင့် ဒေသန္တရအစိုးရအဖွဲ့များအကြား သဘာဝသယံဇာတ အရင်းအမြစ်များ ခွဲဝေသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ လူနည်းစု အဖွဲ့အစည်းများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို Intermediate မှ Professor Marc Weller က ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများအပါအဝင် စုစုပေါင်း ၇၈ ဦး တက်ရောက်ဆွေးနွေးကြသည်။

**သတင်းစဉ်**

## မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒ

### သုံးစွဲမှုများ လျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး

- ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ အန္တရာယ်ကျရောက်လွယ်သော လူအုပ်စုနှင့် ပြည်သူလူထုအတွက် မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရန် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။
- မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ကုသမှုအခွင့်အလမ်းများ ပိုမိုရရှိစေရေးနှင့် ကုသရေးဝန်ဆောင်မှုများ၏ အရည်အသွေး ပြည့်မီရေး။
- မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့် လူထုအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး။
- မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်ပေါ်လာသော ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးများနှင့် အန္တရာယ်များ လျှော့ချရေး။
- ဆေးကုသရာတွင် အသုံးပြုသော ထိန်းချုပ်မူးယစ်ဆေးဝါးများအား စနစ်တကျ မှန်ကန်လုံလောက်စွာ အသုံးပြုနိုင်ရေး။

## တောင်တန်းဒေသ စိုက်ပျိုးရေးစနစ် ရေရှည်တည်တံ့ခိုင်မြဲရေး ဒေသတွင်းဆိုင်ရာအလုပ်ရုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၈**
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (International Centre for Integrated Mountain Development (ICIMOD)) တို့ ပူးပေါင်းစီစဉ်သည့် တောင်တန်းဒေသ စိုက်ပျိုးရေးစနစ် ရေရှည်တည်တံ့ခိုင်မြဲရေး ဒေသတွင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ နိုဝင်ဘာလ တတိယပတ်က ကျင်းပခဲ့ရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မျိုးကြွယ်နှင့် တာဝန်ရှိသူများ၊ ICIMOD မှ တာဝန်ရှိသူများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ဆွေးနွေးပွဲတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်က မြန်မာနိုင်ငံ၏ တောင်တန်းဒေသ စိုက်ပျိုးရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေမှုများနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်နေသော သုတေသနများအကြောင်း ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနမှ Miss Bandana Shakya တောင်တန်းဒေသ စိုက်ပျိုးရေးစနစ် သုတေသနအကြောင်းတင်ပြခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ တောင်တန်းဒေသ စိုက်ပျိုးရေးနှင့် တောင်ပေါ်ဒေသ ကျေးလက်လူနေမှုအဖွဲ့အစည်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အဓိကလွှမ်းမိုးစေနိုင်သော အချက်များ၊ နည်းဗျူဟာကျသော ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များနှင့် ဆက်စပ်လျက်ရှိသော လူမှုရေး၊ စီးပွားရေးနှင့် နည်းပညာရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနသည် တောင်တန်းဒေသစိုက်ပျိုးရေးနှင့် တောင်ပေါ်ဒေသ ကျေးလက်လူနေမှု အဖွဲ့အစည်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အကဲဖြတ်စစ်ဆေးခြင်း သုတေသနကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး၊ ဓာတ်ပုံ- မေမိုးသဲ**

## ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။




# သူ့အမြင်၊ ကိုယ့်အမြင်တွေကို ဆွေးနွေးပြီး မသိတာတွေ အပြန်အလှန်ဖလှယ်ခဲ့ကြလို့ ဆွေးနွေးပွဲက အောင်မြင်တယ်လို့ ပြောရမယ်

ဦးကိုကိုလှိုင် (နိုင်ငံတကာရေးရာသုတေသီ)


ဦးကိုကိုလှိုင်
(နိုင်ငံတကာရေးရာသုတေသီ)


ဒေါက်တာ ဒေါ်ဝါဝါမောင်
(ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့)


Professor Marc Weller


စာရေးဆရာ ကျော်ဝင်း


ဦးဂျင်မီ

**ဖက်ဒရယ်စနစ်၏ ယေဘုယျ စည်းမျဉ်းစည်းကမ်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့သည်။**

နှစ်ရက်တာကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၌ ဖက်ဒရယ်ပြည်ထောင်စု၏ တည်ဆောက်ပုံ၊ ဖက်ဒရယ်စနစ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အုပ်ချုပ်မှု အာဏာ ခွဲဝေကျင့်သုံးခြင်း၊ သဘာဝသယံဇာတနှင့် အရင်းအမြစ်များအား ခွဲဝေအသုံးပြုခြင်း စသည်တို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ အပါအဝင် စုစုပေါင်း ၇၈ ဦး တက်ရောက်ဆွေးနွေးခဲ့ကြပြီး ၎င်းတို့၏ အမြင်များကို ယခုလို ကြားသိရသည် -

**ဦးကိုကိုလှိုင် (နိုင်ငံတကာရေးရာသုတေသီ)**

ဒီဆွေးနွေးပွဲမှာ အဓိကအားဖြင့် ဖက်ဒရယ် ပြည်ထောင်စုနဲ့ ပတ်သက်တဲ့ အခြေခံမူဝါဒတွေကို တပ်မတော်၊ အစိုးရနဲ့ လွှတ်တော်က အလွတ်သဘော ဆွေးနွေးကြတဲ့ သဘောဖြစ်ပါတယ်။ Intermediate မှ ပညာရှင်တွေက ကမ္ဘာ့ပဋိပက္ခ ဆွေးနွေးတဲ့အခါမှာ ထဲထဲဝင်ဝင် လုပ်ကိုင်နေကြတဲ့ သူတို့ရဲ့ အမြင်နဲ့ ချဉ်းကပ်ပြီး ဆွေးနွေးကြတဲ့ ဆွေးနွေးပွဲတစ်ခုဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာ ဖက်ဒရယ်နဲ့ ပတ်သက်တဲ့ အခြေခံမူဝါဒတွေ၊ ဒေသန္တရအုပ်ချုပ်ရေးနဲ့ ပတ်သက်ပြီး ဗဟိုနှင့်ဒေသန္တရ အုပ်ချုပ်ရေးကြားထဲမှာ ဆက်နွှယ်မှုတွေ၊ အာဏာခွဲဝေမှု၊ သယံဇာတခွဲဝေမှုနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါတယ်။

နိုင်ငံခြားပညာရှင်တွေက သူတို့ရဲ့သီအိုရီနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ဖက်ဒရယ် ကိစ္စ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ တွေ့ကြုံရတဲ့ သူတို့ရဲ့သုံးသပ်ချက်တွေကို စုပေါင်းပြီး ဆွေးနွေးကြပါတယ်။ ပါဝင်တက်ရောက်ကြသူတွေကလည်း သူ့အမြင်၊ ကိုယ့်အမြင်တွေကို ဆွေးနွေးခဲ့ကြပြီး မသိတာတွေကိုလည်း အပြန်အလှန် တက်တက်ကြွကြွ ဖလှယ်ခဲ့ကြပါတယ်။ ဆွေးနွေးပွဲက အောင်မြင်တယ်လို့ပြောရမှာ ဖြစ်ပါတယ်။ ပြင်ပ ပညာရှင်တွေနဲ့ ဒီမှာပါဝင် လုပ်ကိုင်နေကြတဲ့ အမြင်နှစ်ခုကို နှိုင်းယှဉ်ထင်ဟပ်ပြီး ဆွေးနွေးနိုင်ခဲ့တဲ့အတွက် အောင်မြင်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

**ဒေါက်တာ ဒေါ်ဝါဝါမောင်**

**(ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့)**

ဖက်ဒရယ် ပြည်ထောင်စု တည်ထောင်တဲ့အခါမှာ သက်ဆိုင်ရာဒေသနဲ့ ပြည်နယ်တွေကိုလည်း အားလုံးပါဝင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သွားနေတာ ဖြစ်ပါတယ်။ ပြည်နယ်တိုင်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သယံဇာတ(Resources)က အဓိကဖြစ်ပါတယ်။ သယံဇာတကို ခွဲဝေအသုံးပြုတဲ့အခါမှာ သက်ဆိုင်ရာဒေသမှာရှိတဲ့ ဦးဆောင်သူတွေက မိမိဒေသ ဖွံ့ဖြိုးတိုးတက်မှုမှာ အလိုအပ်ဆုံးဖြစ်တဲ့ လိုအပ်ချက်တွေ အပေါ်မူတည်ပြီး၊ ဦးစားပေး အစီအစဉ်တွေ ချမှတ်ပြီး ဒေသထွက် သယံဇာတတွေနဲ့ စနစ်တကျ ခွဲဝေအသုံးပြုရမှာ ဖြစ်ပါတယ်။

မိမိရဲ့ဒေသမှာ လမ်းပန်းဆက်သွယ်ရေး၊ တံတား၊ ရေ၊ မီး၊ လျှပ်စစ်တွေနဲ့ ပတ်သက်ပြီး ပါဝင်ဆောင်ရွက်မှုတွေမှာ ဒေသကနေ ဦးဆောင်ပြီး စီမံကိန်းများရေးဆွဲတဲ့အခါမှာ ဒေသန္တရ စီမံကိန်းဆိုတာ အရေးကြီးပါတယ်။ ဒီစီမံကိန်းတွေက သူတို့ချမှတ်တဲ့စီမံကိန်း၊ အတည်ပြုတဲ့စီမံကိန်း၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုအတွက် လိုအပ်နေတဲ့ စီမံကိန်းတွေကို ownership ရယူရမှာ ဖြစ်ပါတယ်။ ownership ယူမှသာလျှင် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူတွေ ဖွံ့ဖြိုးမှုမှာ ပိုပြီးတော့ပါဝင်လာမှာ ဖြစ်ပါတယ်။

ဖက်ဒရယ်စနစ်ရဲ့အောက်မှာ သယံဇာတ ခွဲဝေမှုတွေ ရှိတယ်။ သယံဇာတခွဲဝေမှုတွေက ပြည်ထောင်စုက ချမှတ်ပေးထားတဲ့ ဘတ်ဂျက်တွေရှိတယ်။ ဒေသတွင်းမှာ သက်ဆိုင်ရာ ဒေသဆိုင်ရာအစိုးရကနေ ကောက်ခံနိုင်တဲ့အခွန်တွေရှိတယ်။ နောက်ပိုင်း ဖက်ဒရယ်ပြည်ထောင်စုကို သွားတဲ့အခါမှာ သယံဇာတခွဲဝေမှုအပိုင်းက ဖွံ့ဖြိုးမှုအတွက် ပိုပြီးတော့ အရေးပါလာတယ်။ ထိရောက်တဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံခန့်ခွဲတဲ့ နေရာမှာလည်း ပိုပြီးတော့ အရေးပါလာပါတယ်။

**Professor Marc Weller**

ပင်လုံညီလာခံမှာ သဘောတူညီချက် တော်တော်လေးကို ရပါတယ်။ ရရှိထားတဲ့ ဆွေးနွေးမှုတွေကို အများကြီး အားရမိပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုတစ်ခု၊ ဖက်ဒရယ် နည်းနဲ့ဖြစ်နေတဲ့ ပဋိပက္ခတွေကို ဖြေရှင်းသွားတဲ့အခါမှာ အရေးကြီးတဲ့ အခြေခံမူတွေကိုလည်း ဆွေးနွေးခဲ့ပြီး သဘောတူကြပြီးဖြစ်ပါတယ်။ စစ်မှန်တဲ့ ဒီမိုကရေစီနည်းကျ ဖက်ဒရယ်တည်ဆောက်ဖို့နဲ့ ပတ်သက်လို့ အသေးစိတ် အချက်တွေက အများကြီးဆွေးနွေးဖို့ ကျန်ပါသေးတယ်။ ဒီလိုညှိနှိုင်းဆွေးနွေးမှုတွေ အသေးစိတ်လုပ်နိုင်ဖို့ကို၊ လိုအပ်တဲ့စွမ်းအင်တွေရဖို့ကို လေ့လာသင်ယူပြီး အချိန်ပေးတဲ့အတွက် အားရမိပါတယ်။ ပြည်သူတွေရဲ့ဆန္ဒကို ကိုယ်စားပြုပြီး တကယ်စစ်မှန်မှုကို အားလုံးကအချိန်ပေး လုပ်ဆောင်နေတယ်လို့ မြင်ပါတယ်။

ဒီအစည်းအဝေးက မကြာခင်မှာ ဆွေးနွေးမယ့်အကြောင်း အရာနဲ့ပတ်သက်ပြီး သိရှိဖို့အတွက် ရည်ရွယ်ချက်ဖြစ်ပါတယ်။ ယခု ဆွေးနွေးတဲ့အခါမှာ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုရဲ့ အခြေခံမှာ ပါဝင်ရမယ့် အချက်တွေကို ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံရဲ့ချမ်းသာကြွယ်ဝမှု၊ ဝင်ငွေတွေကို ခွဲဝေမှုအပိုင်းတွေလည်း ပါဝင်တယ်။ သဘာဝသယံဇာတနဲ့ပတ်သက်လို့ သက်ဆိုင်ရာ ဒေသတွေမှာရှိတဲ့ အကျိုးစီးပွားတွေ၊ ပြည်ထောင်စုတစ်ခုလုံးရဲ့ အကျိုးစီးပွားနှစ်ခုကို ယှဉ်ပြီးတော့ ထည့်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**စာရေးဆရာ ကျော်ဝင်း**

အဓိက သီအိုရီပိုင်းနဲ့ နိုင်ငံတကာအတွေ့အကြုံ၊ မြန်မာပြည်ရဲ့ဆက်သွယ်မှုလည်း ပါသင့်သလောက်ပါဝင်ပြီး အကျိုးရှိပါတယ်။ ဆွေးနွေးမှုက အသက်ဝင်တယ်လို့ ပြောလို့ရပါတယ်။

**ဦးဂျင်မီ**

ဆွေးနွေးချက်တွေက ဖက်ဒရယ်နဲ့ ပတ်သက်ပြီးတော့ ကျင့်သုံးဖို့နဲ့ လုပ်ဆောင်ဖို့အတွက် အတွေ့အကြုံတွေကို ပြန်ပြီးတော့ မျှဝေတဲ့သဘောဖြစ်ပါတယ်။ မြန်မာနိုင်ငံက အခုမှသာလျှင် ဖက်ဒရယ်စနစ်ကို တည်ဆောက်ကြမယ်။ ဒီမိုကရေစီ တည်ဆောက်ကြဖို့အတွက် အစဖြစ်ပါတယ်။ အရေးကြီးဆုံးက နောင်လာနောက်သားတွေ ပြုရ ပြင်ရတာလွယ်တဲ့ ဖွဲ့စည်းပုံအခြေခံတစ်ခုထားခဲ့ဖို့ အရေးကြီးပါတယ်။ ဖက်ဒရယ် constitutions တည်ဆောက်ပြီးရင် နောင်လာနောက်သားများ အလွယ်တကူပြင်နိုင်တဲ့ အခွင့်အရေးတစ်ခု ပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း-မွေးကြူဇင်(သတင်းစဉ်)**
**ဓာတ်ပုံ-အေးသန်း(သတင်းစဉ်)**

# မွေးမြူရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၂၈**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် တာတိုင်းကုန်းကျေးရွာနှင့် လယ်ဝေးမြို့နယ် ကြို့ကုန်းကျေးရွာများ၌ နိုဝင်ဘာ ၂၇၊ ၂၈ ရက်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က မွေးမြူရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ကာ ဒေသခံများနှင့် ဆွေးနွေးဟောပြောသည်။

အဆိုပါ ဆွေးနွေးပွဲ၌ ညွှန်ကြားရေးမှူးချုပ်က ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်လျက်ရှိရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည်လည်း အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဌာနမှ နွားမျိုးကောင်းမျိုးသန့်များရရှိစေရန် မေထုန်မဲ့သားစပ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မျိုးနွားသိုးကောင်များအသုံးပြု၍ သဘာဝနည်းဖြင့် မျိုးမြှင့်သားစပ်ပေးခြင်း၊ ပြည်ပသို့တရားဝင်တင်ပို့ရောင်းချခြင်းနှင့်ပတ်သက်၍ ယခင်က အကန့်အသတ်များ ရှိပါသော်လည်း ယခုအခါတွင် ဆိတ်များလွတ်လပ်စွာ သယ်ဆောင်ခွင့်ပြုထားသည့်အပြင် ကျွဲ၊ နွားများကို တရားဝင်လွတ်လပ်စွာ သယ်ဆောင်ခွင့်ကို အောက်တိုဘာလမှစ၍ ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ မွေးမြူသူတောင်သူများအနေဖြင့် ဈေးကွက်ရရှိလာပြီဖြစ်၍ မိသားစုဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေး တိုးတက်ရေးဆိုင်ရာများ၊ ရောဂါကာကွယ် ထိန်းချုပ်ခြင်းဆိုင်ရာများအား ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာများမှလည်း ပျားမွေးမြူရေး ဆောင်ရွက်လိုပါက သင်တန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာများ၏ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာသူ ကျေးရွာသားများက မိမိတို့ဒေသ၏ ဖြစ်ထွန်းမည့် တိရစ္ဆာန်များကို ဦးစားပေး၍ မျိုးကောင်းမျိုးသန့်ရရှိရေး၊ အစာအာဟာရဆိုင်ရာများ၊ ကာကွယ်ကုသခြင်း ဆိုင်ရာများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ ပျဉ်းမနားမြို့ လယ်ဝေးမြို့နှင့် အဆိုပါကျေးရွာများမှ ဖိတ်ကြားထားသူများ၊ ဒေသခံမွေးမြူရေး ဝါသနာရှင်များ၊ စိတ်ဝင်စားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**သတင်း၊ ဓာတ်ပုံ-မျိုးဇေယျာ(ပျဉ်းမနား)**

# မောင်တော ဒေသခံပြည်သူများအား ကျန်းမာရေးပညာပေးလုပ်ငန်းများ အဓိက လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပြောကြား

**မောင်တော နိုဝင်ဘာ ၂၈**

ရခိုင်ပြည်နယ် မောင်တောဒေသခံပြည်သူများ ကျန်းမာရေး အသိပညာ တိုးပွားစေရေးအတွက် ကျန်းမာရေးအသိပညာ ပေးလုပ်ငန်းများကို အဓိကထား လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီး ကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မေဝင်းမြင့်က ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် မောင်တောခရိုင် တောင်ပိုင်း ကိုင်းကြီး(မြို)ကျေးရွာသစ်၌ ထည့်သွင်းအကောင်အထည်ဖော် တည်ဆောက်မည့် ဒေသခံ မြိုတိုင်းရင်းသားများအတွက် ကျေးလက်ဆေးပေးခန်းသစ် တည်ဆောက်မည့်မြေနေရာ ပန္နက်တင် အခမ်းအနားတွင် ဒေါက်တာမေဝင်းမြင့်က အထက်ပါ အတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ် မောင်တောဒေသတောင်ပိုင်း၌ မြိုလူမျိုး စုများအတွက် ကျေးရွာသစ် အကောင်အထည်ဖော် တည် ဆောက်နေသော ကိုင်းကြီး(မြို) ကျေးရွာတွင် ကျေးလက် ဆေးပေးခန်း အဆောက်အအုံကို သတ်မှတ်စံနှုန်းနှင့်အညီ ထည့်သွင်းတည်ဆောက်မည်ဖြစ်သည်။ အဆိုပါ ဆေးပေးခန်း ပန္နက်တင် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မြိုကျေးရွာ သစ်၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မေဝင်းမြင့်နှင့်အဖွဲ့၊ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တာဝန်ရှိသူများက မင်္ဂလာပန္နက်ရိုက်ကြသည်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်နှင့်အဖွဲ့ မြိုတိုင်းရင်းသားများအား တွေ့ဆုံအားပေးစဉ်။

“ကျွန်မတို့ ဒီကိုရောက်လာတာကတော့ ပါတီဝင်တွေ တစ်လတစ်ကြိမ် အစည်းအဝေးလုပ်တဲ့အခါ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မောင်တောဒေသ ပြန်လည်ထူထောင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အနေနဲ့ ကျေးရွာ ပြန်လည်ထူထောင်ရေးနေရာမှာ ပါဝင် ဆောင်ရွက်ပေးဖို့ ဖိတ်ခေါ်ပါတယ်၊ ကျွန်မတို့ကလည်း လိုအပ်တဲ့တစ်ထောင့် တစ်နေရာက ကူညီပေးဖို့ဆန္ဒရှိပါတယ်၊ ဆရာဝန်တစ်ယောက် ဖြစ်လို့ ကျန်းမာရေးဘက်ကကူညီပေးဖို့ ပြောတဲ့အခါ ပြန်လည် ထူထောင်ရေးမှာ ငွေကျပ် သိန်း ၁၇၀ လာလှူတာဖြစ်ပါတယ်၊ ကျေးလက်ဆေးပေးခန်း ဖြစ်တည် ပြီးရင်လည်း လိုအပ်တဲ့ ဆေးပစ္စည်းတွေ၊ အသုံးအဆောင်တွေ၊ ကျေးလက်ဆေးပေးခန်း နဲ့ ညီအောင် အားလုံးတာဝန်ယူ လုပ်ဆောင်ပေးသွားမှာဖြစ်ပါ၊ ဆေးဝါးဖူလုံမှုနဲ့ ဒေသခံပြည်သူ တွေကို ကျန်းမာရေး အသိပညာပေးဖို့ကိုတော့ အဓိက လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်၊ ဒါမှ ရေရှည်မှာ ဒီ မြိုကျေးလက်ဆေးပေးခန်းဟာ မြိုတစ်ရွာ တည်းအတွက် မဟုတ်ဘဲ ဝန်းကျင်ကျေးရွာတွေ အတွက်ပါ အကျိုးပြုနိုင်မယ့် ဆေးခန်းတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်”ဟု ဒေါက်တာ မေဝင်းမြင့်က ပြောသည်။

ယနေ့ ကျင်းပသော ကိုင်ကြီး(မြို)တိုင်းရင်းသားကျေးရွာ သစ်၌ ထည့်သွင်း အကောင်အထည်ဖော်တည်ဆောက်မည့် ကျေးလက်ဆေးပေးခန်း ပန္နက်တင်အခမ်းအနားသို့ ခရိုင် ဒုတိယ အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တာဝန်ရှိသူများ၊ အမျိုးသား ဒီမို ကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးကော်မတီအဖွဲ့ ဝင်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ရွှေမုံနှင့် ဒေါ်အေး အေးမူ(ခ) ဒေါ်ရှားမီတို့ တက်ရောက်ကြသည်။ **သတင်းအဖွဲ့**

**ဓာတ်ပုံ- မင်းထက်**

# ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် နွေစပါး ဧက ၂၄၁၂၃ နှင့် ဆောင်းသီးနှံ ၄၅၉၂၁၉ ဧက စိုက်ပျိုးရန်လျာထား

**စစ်တွေ နိုဝင်ဘာ ၂၈**

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည် နယ်အတွင်းရှိ ခရိုင်ငါးခရိုင်၌ နွေစပါး ၂၄၁၂၃ ဧက နှင့် ဆောင်းသီးနှံ ၄၅၉၂၁၉ ဧက စိုက်ပျိုးရန်လျာထားလျက်ရှိပြီး ရခိုင် ပြည်နယ်အတွင်းရှိ စိုက်မြေ ၁၂၈၇၂၆၃ ဧက နှင့် စုစုပေါင်း လယ်မြေ ၉၀၈၈၀၅၃ ဧကရှိကြောင်း၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်များတွင် နွေစပါးနှင့် ဆောင်း သီးနှံများ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နွေ စပါးစိုက်ပျိုးရာသီနှင့် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် စစ်တွေခရိုင်အတွင်းရှိ မြို့နယ် လေးခုတွင် နွေစပါး ၂၀၄ ဧက နှင့် ဆောင်းသီးနှံ ဧက ၂၆၁၀၀ လည်း ကောင်း၊ မြောက်ဦးခရိုင်အတွင်းရှိမြို့နယ် လေးခုတွင် နွေစပါး ၃၄၂၆ ဧက နှင့် ဆောင်းသီးနှံ ၁၄၃၁၉၉ ဧက လည်း ကောင်း၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုတွင် နွေစပါး ၂၀၂၄၆ ဧကနှင့် ဆောင်းသီးနှံ ၁၀၇၇၀၇ ဧက လည်း ကောင်း၊ ကျောက်ဖြူခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် နွေစပါး ဧက ၁၀၀ နှင့် ဆောင်းသီးနှံ ၇၈၇၈၂ ဧက လည်းကောင်း၊ သံတွဲခရိုင်အတွင်းရှိ မြို့နယ် သုံးခုတွင် နွေစပါး ၁၄၇ ဧကနှင့် ဆောင်းသီးနှံ ၁၀၂၇၂ဧက လည်းကောင်း စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှသိင်္ဂီက ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် များတွင် မိုးသည်းထန်စွာ ရွာသွန်းမှု ကြောင့် မိုးစပါးနှင့် အခြားသီးနှံများမှာ ပျက်စီးမှုရှိခဲ့ကြောင်း၊ မိုးစပါးနဲ့ အခြား သီးနှံတွေကို နောက်ကျပြီးမှ စိုက်ပျိုး သည့် တောင်သူတွေလည်းရှိကာ အချို့သော မြို့နယ်များမှာ နွေစပါးနှင့် ဆောင်းသီး နှံစိုက်ပျိုးမှုမှာ နောက်ကျ မှုရှိကြောင်း ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှသိင်္ဂီက ပြောသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**



မရိတ်သိမ်းရသေးသည့် မိုးစပါးများကိုတွေ့ရစဉ်။



# ဂျပန်နိုင်ငံအစိုးရနှင့် UNICEF Myanmar တို့ ပူးပေါင်းပြီး ကင်းဆိပ် အခြေခံပညာမူလတန်း(လွန်)ကျောင်းဆောင်သစ်ဖွင့်

**မင်းပြား နိုဝင်ဘာ ၂၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ဂျပန်နိုင်ငံနှင့် UNICEF Myanmar တို့ ပူးပေါင်းပြီး ကင်းဆိပ်အခြေခံပညာမူလတန်း (လွန်)ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Tateshi Higuchi က အမှာစကား ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများဆိုင်ရာ ရန်ပုံငွေအဖွဲ့ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Bhakta Gurung က UNICEF အနေဖြင့် ရခိုင်ပြည်နယ်ရှိ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးသွားသော ကျောင်းများအား အောက်ခြေအထိ ကွင်းဆင်းကာ စာရင်းကောက်ယူပြီး ကျောင်းပေါင်း ၇၈ ကျောင်းအား ကြီးကြပ်၍ အရည်အသွေးပြည့်မီရေးအတွက် ရခိုင်ပြည်နယ်အစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ ဂျပန်နိုင်ငံအစိုးရ UNICEF တို့က ဒေသခံကုမ္ပဏီတို့ကို ငှားရမ်းကာ ဆောက်လုပ်လျက်ရှိရာ ပညာသင်ယူမှုအခွင့်အလမ်း၊ အနာဂတ် အခွင့်အလမ်းအတွက် ကျောင်းသား ကျောင်းသူ ၂၅၀၀၀ ကျော်ကို အထောက်အကူပြုရန် ရည်ရွယ်ကြောင်း ပြောကြား သည်။

ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး၊ ဂျပန်နိုင်ငံသံအမတ်ကြီး၊ ကုလသမဂ္ဂကလေးများဆိုင်ရာ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စား လှယ်တို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်း

**စစ်တွေ နိုဝင်ဘာ ၂၈**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်များတွင် စစ်တွေမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေး ကိုကိုက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လတ်တလောဖြစ်ပွားနေသော အခြေအနေ ကြောင့် ရေတို၊ ရေရှည်စီမံကိန်းရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရိတ်သိမ်းသူမဲ့ လယ်ယာများကို ရိတ်သိမ်းသည့်အခါ အထွက်နှုန်းကို ခန့်မှန်းမဟုတ်ဘဲ တိကျမှန်ကန် စွာ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ မိမိဆောင်ရွက်ရမည့် လုပ်ငန်းများကိုသိရှိပြီး ရခိုင်ပြည် နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူး များက မိမိတို့ခရိုင်၊ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြ ခဲ့ကြပြီး မြို့နယ်အလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



# ရခိုင်ဒေသအတွင်း ဖွံ့ဖြိုးမှုကို အထောက်အကူပြုမည့် ပုဏ္ဏားကျွန်း- ရသေ့တောင် - ဘူးသီးတောင်လမ်းမှ စိုင်းဒင်တံတား လာမည့်မတ်လ ပြီးစီးမည်

**မောင်တော နိုဝင်ဘာ ၂၈**

ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် လမ်း၊ တံတားများကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအနေဖြင့် စီမံချက်ချ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ပုဏ္ဏားကျွန်းမြို့နယ်မှ ဘူးသီးတောင်မြို့သို့ ဥဒဟို ကူးလူးသွားလာနိုင်ရန် ရည်ရွယ် တည်ဆောက်လျက်ရှိသော ပုဏ္ဏားကျွန်း- ရသေ့တောင်- ဘူးသီးတောင် လမ်းပိုင်းမှ စိုင်းဒင်တံတားသည် ယခုအခါ ရာခိုင်နှုန်းတစ်ဝက်မျှ ပြီးစီးနေပြီဖြစ်၍ လာမည့်မတ်လတွင် အပြီးသတ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း လမ်း၊ တံတားဦးစီးဌာနမှ သိရသည်။

အဆိုပါ စိုင်းဒင်တံတား တည်ဆောက်မှုလုပ်ငန်းကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ခဲ့ခြင်းဖြစ်သည်။ နှစ်လမ်းသွား ကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၆၀၀၊ ရေလမ်းကင်းလွတ် အမြင့် ကိုးပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိကာ လတ်တလော သတ်မှတ်လျာထားကာလအတွင်း ပြီးစီးနိုင်ရန် လုပ်သားအင်အား ၁၅၀ ဝန်းကျင်ဖြင့် နေ့စဉ်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

“ဒီ စိုင်းဒင်တံတားကို မိုးမကျမီ ပွင့်လင်းရာသီအကုန်မတ်လလောက် ပြီးစီးဖို့ လျာထားပါတယ်၊ ဒီလမ်းပေါက်သွားမယ်ဆို ဒီဒေသလမ်းတစ်လျှောက် ဖွံ့ဖြိုးမှုက သိသိသာသာ တိုးတက်သွားမှာပါ၊ အရင်ကဆို ဒီဒေသပြည်သူတွေအနေနဲ့ ရေလမ်းကိုပဲ အားကိုးပြီး အသုံးပြုသွားလာနေခဲ့ရတာ၊ ဒီ ပုဏ္ဏားကျွန်း- ရသေ့တောင်- ဘူးသီးတောင်လမ်းဖောက်လုပ်ပြီး သွားရင် ဒီဒေသဖွံ့ဖြိုးမှုက သိသိသာသာတိုးတက်သွားမှာပါ၊ ဒေသတစ်ခုဖွံ့ဖြိုးဖို့ အဓိကအရေးကြီးဆုံးက လမ်းပန်းဆက်သွယ်ရေးပါပဲ”ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦးက ပြောသည်။



**ပုဏ္ဏားကျွန်း- ရသေ့တောင်- ဘူးသီးတောင် လမ်းကြောင်းပေါ်၌ တည်ဆောက်လျက်ရှိသော စိုင်းဒင်တံတား တည်ဆောက်နေမှုကို တွေ့ရစဉ်။**

ယခု အကောင်အထည်ဖော်တည်ဆောက်နေသော စိုင်းဒင်တံတားနှင့်အတူ ပုဏ္ဏားကျွန်း - ရသေ့တောင်- ဘူးသီးတောင် လမ်းကြောင်းပေါ်၌ ရသေ့တောင်တံတား၊ သောင်းတံတား၊ ငစံပေါ်တံတားနှင့် ရွာဟောင်းတံတား ငါးစင်းတို့ကို တစ်ပြိုင်နက်တည်း ဆောက်လုပ်လျက်ရှိသည်။ ၎င်းတံတား ငါးစင်းလုံးအား ယခုနှစ် ဘတ်ဂျက်အကုန် မတ်လတွင် တစ်ပြိုင်နက်တည်း ပြီးစီးစေရန်နှင့် မိုးမကျမီ အဆိုပါ လမ်းပိုင်းကို ဖွင့်လှစ်သွားရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယင်းလမ်းပိုင်းတွင် တံတား ငါးစင်းအနက် စိုင်းဒင်တံတား တည်ဆောက်မှုကုန်ကျစရိတ်မှာ ငွေကျပ် သန်း ၂၇၃၀ ခန့်မှန်းလျာထားကြောင်း တံတားဦးစီးဌာနမှ သိရသည်။

“ကျွန်မတို့ ခု ဘူးသီးတောင်ကို သွားလာကူးလူးနေရတာက ရေလမ်းကြောင်းကနေ သွားနေရတာပါ၊ ရေလမ်းခရီးဆိုတော့ အချိန်ပြည့်သွားလာလို့ အဆင်မပြေပါဘူး၊ အခုလို ကုန်းလမ်းခရီး ပေါက်သွားမယ်ဆိုရင် ကျွန်မတို့ကျေးရွာပြည်သူတွေအနေနဲ့ အတော်လေးကို အဆင်ပြေသွားမှာပါ၊ ခုဆိုရင် ကောက်ပဲသီးနှံ သွားရောင်းရတာပဲဖြစ်ဖြစ်၊ ဝယ်စရာတစ်ခုခုရှိရင်ပဲဖြစ်ဖြစ် ရေလမ်းခရီးကနေ သွားလာနေရတော့ အတော်လေး အခက်အခဲဖြစ်ပါတယ်၊ ဒါကြောင့် ဒီလမ်းကြောင်း ဖောက်လုပ်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးလက်နေပြည်သူတစ်ဦးအနေနဲ့ အလွန်ပဲ ကျေးဇူးတင်ပါတယ်”ဟု စိုင်းဒင်ချောင်းတစ်ဖက်ကမ်း ဖုန်ညိုလိတ်ကျေးရွာ၌ နေထိုင်သည့် ဒေသခံတိုင်းရင်းသူ ဒေါ်ပုမညိုက ပြောသည်။

လမ်းတံတားဦးစီးဌာနမှ ဆောက်လုပ်ပေးလျက်ရှိသော အဆိုပါ ပုဏ္ဏားကျွန်း- ရသေ့တောင်- ဘူးသီးတောင် လမ်းပိုင်းသည် ပုဏ္ဏားကျွန်းမှ ရသေ့တောင်မြို့နယ်အထိ ၂၂ မိုင်၊ ရသေ့တောင်မှ ဘူးသီးတောင်မြို့အထိ ၃၄ မိုင် စုစုပေါင်း ၅၆ မိုင်ရှည်လျားကြောင်း သိရသည်။

**သတင်းအဖွဲ့**

**ဓာတ်ပုံ- မင်းထက်**

# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ စုစုပေါင်း ဧက ၃၅၄၅ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂၇ရက်ထိ စုစုပေါင်း ၂၆၆ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။



မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်အိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရုတ်ချောင်းကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၂၇ ရက်အထိ စုစုပေါင်း ၂၈၄ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်၊ ငပုကွ ကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၂၇ ရက်အထိ စုစုပေါင်း ၁၄၇ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၇ ရက်အထိ စုစုပေါင်း ဧက ၁၆၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၇ ရက်အထိ စုစုပေါင်း ၁၈၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၂၆ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များ ကာကွယ်ကုသဆေး ထိုးနှံပေး

**နေပြည်တော် နိုဝင်ဘာ ၂၈**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ကင်းချောင်း(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်္ဂလာညွန့်(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော) ကျေးရွာတို့တွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်တစ်ကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၀၅ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၆ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



**တိရစ္ဆာန်များ ကာကွယ်ကုသဆေး ထိုးနှံပေးနေမှုကို တွေ့ရစဉ်။**

## ဘူးသီးတောင်မြို့၌ မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်

**ဘူးသီးတောင် နိုဝင်ဘာ ၂၈**

ဘူးသီးတောင်မြို့ အမှတ် ၂ ရပ်ကွက်တွင် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၃ နာရီက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အမှတ် ၂ ရပ်ကွက်ရှိ ဦးဒါနီရောင်သည် ဆိုက်ကားနင်းရန် ထွက်သွားချိန်တွင် ၎င်း၏ နေအိမ်ရှိ မီးကြွင်းမီးကျန်မှ မီးစတင် လောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကို တာဝန်ရှိသူများက အချိန်မီ မီးငြှိမ်းသတ်နိုင်ခဲ့သဖြင့် မီးငြိမ်းသွားခဲ့ပြီး အခြားနေအိမ်များသို့ မကူးစက်ဘဲ ၎င်းနေအိမ် တစ်လုံးသာ မီးလောင်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ချိန်ခါမရွေး သတိပေး**
**မီးဘေး ကင်းဝေးမှာ**

# မောင်တောမြို့ မြို့မ ကညင်တန်းရပ်ကွက် မီးလောင်ပြင်ကို ရှင်းလင်းစဉ် လက်လုပ်မိုင်း နှစ်လုံးတွေ့ရှိ

**မောင်တော နိုဝင်ဘာ ၂၈**

မောင်တောမြို့ မြို့မ ကညင်တန်းရပ်ကွက် မီးလောင်ပြင်ကို မြေတူးစက်ဖြင့် ရှင်းထားသည့် နေရာတွင် မြေပြင်ပေါ် တစ်ဝက်ခန့်ပေါ်နေသော အပြာရောင်တိပ်ဖြင့် ပတ်ထားသည့် ဝိုင်ယာကြိုး နီ၊ နက် နှစ်စ တပ်ထားသော မိုင်းဟုယူဆရသည့် ပစ္စည်းတစ်ခုကို ယနေ့ နံနက်ပိုင်းက တွေ့ရှိခဲ့ကြောင်း သိရသည်။

ဟိန္ဒူဘာသာဝင် ကလေးငယ် ရော်ချန်း အသက် ၈ နှစ်သည် မြို့မ ကညင်တန်းရပ်ကွက် မီးလောင်ပြင်တွင် ပစ္စည်းဟောင်းများ လိုက်လံ ကောက်ယူစဉ် မြေပြင်အပေါ် တစ်ဝက်ခန့် ပေါ်နေသော မိုင်းဟုယူဆရသည့် ပစ္စည်းအား တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

အဆိုပါ သတင်းအရ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစီးသောအဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ အလျား ရှစ်လက်မ၊ အချင်း ငါးလက်မရှိ ဝိုင်ယာကြိုး နီ၊ နက် နှစ်စ တပ်ဆင်ထားသော လက်လုပ်မိုင်းတစ်လုံးကို တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် စစ်မြေပြင်အင်ဂျင်နီယာ တပ်ရင်းမှ ဗိုလ်ကြီး နေဇော်ရှိုင်း ဦးစီးအဖွဲ့ရောက်ရှိလာပြီး ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစီးသောအဖွဲ့နှင့် ပူးပေါင်း၍ အဆိုပါ အနီးပတ်ဝန်းကျင်ကို ဆက်လက်ရှင်းလင်းရာ လက်လုပ်မိုင်း တွေ့ရှိခဲ့သည့် နေရာ၏ တောင်ဘက် ခြောက်ကိုက် အကွာတွင် ဝိုင်ယာကြိုးတစ်ချောင်း ထပ်မံတွေ့ရှိသဖြင့် ဆက်လက်တူးဖော် ရှင်းလင်းရာ အလျား ၆ ဒသမ ၅ လက်မ၊ အချင်း သုံးလက်မရှိ ကားပစ္စတင် အဟောင်းဖြင့် ပြုလုပ်ထားသော ဒေသန္တရ လက်လုပ်မိုင်းတစ်လုံးကို ထပ်မံတွေ့ရှိခဲ့ကြောင်း သိရှိရသည်။ အများပြည်သူ အန္တရာယ်မရှိစေရန်အတွက် အဆိုပါ လက်လုပ်မိုင်းများ ပေါက်ကွဲမှုမရှိစေရန် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ စနစ်တကျ ရှင်းလင်း သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းအဖွဲ့**

# လောင်းကစားရှုံးလာသည်ကို ဓားပြတိုက်ခံရသည်ဟု လိမ်လည်တိုင်တန်းမှုအား ရဲတပ်ဖွဲ့ဝင်များက ဖြစ်စဉ်အမှန်ကို စုံစမ်းစစ်ဆေး ဖော်ထုတ်နိုင်ခဲ့

**ဘားအံ နိုဝင်ဘာ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် ဖွင့်လှစ်ထားသည့် UT သောက်ရေသန့်စက်ရုံ မန်နေဂျာက ၎င်းတို့ရေသန့်စက်ရုံ အလုပ်သမားလေးဦးသည် မော်တော်ယာဉ်ဖြင့် ရေသန့်ဘူးကြီးများ သယ်ဆောင်ဖြန့်ဖြူးရောင်းချစဉ် နိုဝင်ဘာ ၂၅ ရက် ည ၈ နာရီခွဲခန့်က ဘားအံမြို့နယ် ဝဲကြီးကျေးရွာအနီးတွင် ဓားကိုင်ဆောင်ထားသော လူငယ်ခုနစ်ဦးခန့်မှ ရေသန့်ရောင်းရငွေကျပ် နှစ်သိန်းကျော်နှင့် ဖုန်းသုံးလုံးတို့ကို ယူဆောင်သွားကြောင်း အလုပ်သမားများ၏ ပြောပြချက်အရ အမှုဖွင့်အရေးယူပေးရန် နိုဝင်ဘာ ၂၆ ရက်က တိုင်တန်းခဲ့မှုအား ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ရာ ရေသန့်စက်ရုံအလုပ်သမားလေးဦး အန်ဂလုံလောင်းကစားရှုံး၍ ရေသန့်ရောင်းချရသည့် ငွေများအား လုယက်ခံရသည်ဟုဆိုကာ မန်နေဂျာအား လိမ်လည်ပြောဆိုခဲ့ခြင်း ဖြစ်ကြောင်းကို ထုံးအိုင်နယ်မြေရဲစခန်းမှ စစ်ဆေးဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

UT ရေသန့်စက်ရုံဝန်ထမ်းများဖြစ်သော ကျော်ဌေး (၂၉နှစ်)မွေးမြူရေးဇုန် ဘားအံမြို့နယ်နေထိုင်သူ မောင်းနှင်ပြီး ထင်လင်းအောင်(ခ) ကျွဲကြီး (၁၆နှစ်)၊ ကျော်ရဲအောင်(၂၂နှစ်)၊အောင်ခိုင်ဦး(၂၃နှစ်)(လိပ်စာတူ) နေသူတို့သုံးဦး လိုက်ပါလာသော7L/ ------ ကင်တာအမျိုးအစား ယာဉ်သည်ရေသန့်ဘူးကြီး ၁၀၀ ခန့် တင်ဆောင်ပြီး ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများအတွင်း သယ်ဆောင် ဖြန့်ဖြူးရောင်းချလုပ်ကိုင်လျက်ရှိရာ နိုဝင်ဘာ ၂၅ရက် ည ၈ နာရီခွဲ တွင် ဘားအံမြို့နယ် ဝဲကြီးကျေးရွာအနီးတွင် ဓားများကိုင်ဆောင်ထားသည့် လူငယ်ခုနစ်ဦးခန့်က ကားရပ်တန့်ပြီး ရေသန့်ဘူးရောင်းချထားသည့် ငွေကျပ်နှစ်သိန်းနှင့် ဖုန်းသုံးလုံး၊ ကားသော့တို့အား ယူဆောင်သွားကြောင်း ယာဉ်မှာ အခင်းဖြစ်နေရာ၌ပင် ရှိနေကြောင်း နိုဝင်ဘာ ၂၆ ရက် ၁၂ နာရီ UT သောက်ရေသန့်စက်ရုံ မန်နေဂျာ ကိုတင်အောင်ခိုင်က ထုံးအိုင်နယ်မြေရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါတိုင်ကြားမှုအရ တရားဥပဒေစိုးမိုးရေးအား ခြိမ်းခြောက်သည့် ဓားပြမှု ဖြစ်နေခြင်းကြောင့် ထုံးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ်ညီညီမိုး ဦးစီးရဲတပ်ဖွဲ့ဝင်များက လာရောက်တိုင်တန်းသည့် မန်နေဂျာနှင့်အတူ အခင်းဖြစ်နေရာအား သွားရောက်စစ်ဆေးပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာမှ အဆိုပါဝန်ထမ်းလေးဦးမှာ နိုဝင်ဘာ ၂၄ ရက် ညပိုင်းက လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအုပ်စု အောက်ရေပူကျေးရွာ ဘုန်းကြီးပျံပွဲသို့ သွားရောက်၍ အန်ဂလုံ လောင်းကစား ပြုလုပ်ခဲ့ရာ အနိုင်ရရှိခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်တွင် ထပ်မံကစားခဲ့ရာမှ ရေသန့်ရောင်းရသည့် ငွေများပါ အန်ဂလုံ ရှုံးသွားခဲ့ကြောင်း၊ အဆိုပါငွေများ ရှုံးသွားသည့်အတွက် နိုဝင်ဘာ ၂၆ ရက် နံနက် ၂ နာရီခန့်တွင် ဘားအံမြို့နယ် ဝဲကြီးကျေးရွာအနီးသို့ သွားရောက်၍ ယာဉ်အား ရပ်ထားခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ယာဉ်ပေါ်ပါ ထင်လင်းအောင်(ခ) ကျွဲကြီး၊ ကျော်ရဲအောင်နှင့် အောင်ခိုင်ဦးတို့ကို တိုက်ဆိုင်မေးမြန်းခဲ့ရာ ရေသန့်ရောင်းချရသည့် ငွေများမှာ ဘုန်းကြီးပျံပွဲ၌ အန်ဂလုံရှုံးသွားသဖြင့် ယခုကဲ့သို့ လိမ်လည်ပြောဆိုရခြင်း ဖြစ်ကြောင်း၊ ကားသော့နှင့် ဖုန်းများအား ယာဉ်မောင်းဖြစ်သူ ကျော်ဌေးက ဝှက်ထားခြင်းဖြစ်ကြောင်း စစ်ဆေးမေးမြန်းသိရှိရ၍ ယာဉ်မောင်းဖြစ်သူ ကျော်ဌေးက ဝှက်ထားသည့် ကားသော့နှင့် ဖုန်းများအား လိုက်လံပြသရာ ရဲအုပ်ညီညီမိုးက သက်သေများရှေ့ သိမ်းဆည်းခဲ့သည်။

အဆိုပါဖြစ်စဉ်မှ လိမ်လည်ပြောကြားခဲ့သည့် ယာဉ်မောင်း ကျော်ဌေးပါ အလုပ်သမားလေးဦးတို့ကို စက်ရုံပိုင်ရှင်က ၎င်းတို့ စည်းမျဉ်း၊ စည်းကမ်းအရ ဆက်လက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



**ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက် နှစ်မိုင် လေးဖာလုံခန့်အကွာ မှန်စီကျေးရွာနှင့် ပြီစုတ်ကျေးရွာအကြား ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတွင် နိုဝင်ဘာ ၂၈ ရက် နံနက်က ယာဉ်သုံးစီး တိုက်မှုဖြစ်ပွားပြီးနောက် ယာဉ်နှစ်စီးလမ်းအနောက်ဘက် ရေမြောင်းအတွင်းသို့ ထိုးကျနေစဉ်။**

ကိုလွင်(ဆွာ)

# ကျောက်မီးသွေးတွင်း ပြိုကျပြီး ပိတ်မိသူရှစ်ဦးအနက် ခြောက်ဦးကို သေဆုံးလျက် ထပ်မံ သယ်ထုတ်ခဲ့

**မင်းဘူး နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဘုရားကျေးရွာအုပ်စု မန်းရွှေစက်တော် အနီး ဟန်ထက် ကျောက်မီးသွေးတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ တူးဖော်လျက်ရှိသည့် ကျောက်မီးသွေးတွင်း၌ နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက လေပိုက်ပေါက်ကွဲမှု ဖြစ်ပွားပြီး တွင်းအတွင်း၌ ပိတ်မိနေသူရှစ်ဦးအနက် နိုဝင်ဘာ ၂၈ ရက် ည ၇ နာရီခန့်အထိ ခြောက်ဦးကို သေဆုံးလျက် ထပ်မံသယ်ထုတ်နိုင်ခဲ့ကြောင်း၊ တွင်းအတွင်း ကျန်ရှိနေသူနှစ်ဦးကို ထပ်မံကယ်ဆယ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူး (စကု)မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းထံမှ သိရသည်။ **ဖိုးပြည့်(မင်းဘူး)**

# ခိုးမှုများ ကျူးလွန်ထားသူကို ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှုခြောက်မှု ထပ်မံဖော်ထုတ်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေး ဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် ည ၉ နာရီက နယ်မြေအတွင်း ခိုးမှု၊ လုယက်မှု ကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်နေစဉ် ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းရရှိထားသူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၈၁ ရပ်ကွက် ရွှေရည် ၂ လမ်းနေ အောင်အောင် (ခ) ကြံ့ခိုင်အောင်၊ (၂၄နှစ်)ကို ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ၆၇ ရပ်ကွက် ချင်းတွင်းလမ်းမပေါ်တွင် အရိုးအသွား ၂၁ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းက အမှုဖွင့်ကာ အရေးယူဆောင်ရွက်ခဲ့သည်။



ဖမ်းဆီးရမိသူ အောင်အောင်(ခ) ကြံ့ခိုင်အောင်အား အခြားခိုးမှုများ ကျူးလွန်ထားခြင်း ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်းက ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ၁၈ ရပ်ကွက် ၁၈ ကွေ့မှတ်တိုင်အနီး ရပ်ထားသော Follow Me-125 ဆိုင်ကယ်အား လည်းကောင်း၊ ၇၁ ရပ်ကွက်၊ ဆိုင်ကယ်ကယ်ရီဂိတ်အနီး ရပ်ထားသော Turbo Star-125 ဆိုင်ကယ်အားလည်းကောင်း ခိုးယူရောင်းချခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

အလားတူ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ၈၈ ရပ်ကွက်ရှိ နေအိမ်ခြံဝင်းအတွင်းရပ်ထားသော CZI – 125 ဆိုင်ကယ်နှင့် ၁၆၈ ရပ်ကွက်ရှိ နေအိမ်ခြံဝင်းအတွင်း ရပ်ထားသော Toyo Max-110 ဆိုင်ကယ်တို့ကိုလည်း ခိုးယူရောင်းချထားကြောင်း စစ်ဆေးသိရှိရသည်။

ထို့ပြင် ၎င်းသည် သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်ရှိ လမ်းမပေါ်တွင် ရပ်ထားသော Canda-125 နှင့် ဇီးကုန်းအပိုင်း ၂ ရပ်ကွက် ကျောင်းလမ်းတွင် ရပ်ထားသော Canda-125 ဆိုင်ကယ်တို့အား ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းအား သက်ဆိုင်ရာရဲစခန်းများတွင် အမှုများ အသီးသီးရေးဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိပြီး သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ပိုင်ရှင်များအနေဖြင့်လည်း မိမိတို့၏ ပျောက်ဆုံးသက်သေခံပစ္စည်းများကို သက်ဆိုင်ရာ ရဲစခန်းများတွင် ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



**စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက်အိတ်များ။**

# တရားဝင် စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက်များဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၇ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၀၂၀၊ သွင်းကုန် ၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၂၅ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၄၀၃ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄၆၀ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၈၆၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖြစ်စဉ်အနေဖြင့် နိုဝင်ဘာ ၂၇ ရက်တွင် မူဆယ်သို့ သွားရောက်မည့် ခရီးသည်ယာဉ်တစ်စီးအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေး အဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက် ၁၂၂၇ ပိဿာ၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၂၇၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျည်ရှင်းလင်းစဉ် ကျည်ပေါက်ထွက်ရာမှ အနီးတွင် ထိုင်နေသူတစ်ဦးကို ထိမှန်

**ဘားအံ နိုဝင်ဘာ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဂျိုင်းကျေးရွာအုပ်စု မနီကုန်းတွင် နိုဝင်ဘာ ၂၅ ရက် ညပိုင်းက နယ်ခြားစောင့်တပ်မှ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်တစ်ဦးက ကျည်ရှင်းစဉ် မတော်တဆ သေနတ်ကျည်ပေါက်ထွက်မှုဖြစ်၍ အနီးတွင် ရှိနေသူတစ်ဦးအား ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အာရှလမ်း ဖောက်လုပ်ရန်အတွက် အိန္ဒြ-ကော့ကရိတ်လမ်းပိုင်းအား တာဝန်ယူထားသည့် (CRBC) ရုံးခွဲတွင် လုံခြုံရေးတာဝန်ချထားသော ကရင်ပြည်နယ် နယ်ခြားစောင့်တပ်ဖွဲ့မှ တပ်သား အောင်စိုးမိုး(ခ)စိုးကြီး (၃၄နှစ်)သည် ၎င်းအားလုံခြုံရေးအတွက် ထုတ်ပေးထားသည့် ပစ္စတိုအား ကျည်ရှင်းရာမှ မတော်တဆ ကျည်ပေါက်ထွက်မှုဖြစ်ပြီး အနီးတွင် ထိုင်နေသူ သက်ပိုင်စိုး (၂၇နှစ်) ဂျိုင်းကျေးရွာအုပ်စု မနီကုန်း နေသူအား ရှေ့မှဖောက်ထွက် ဒဏ်ရာရရှိပြီး ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း အခင်းဖြစ်နေရာ အနီးတွင် ဦးမင်းလွင် (၄၀နှစ်)(CRBC) ရုံးခွဲ၊ အလုပ်သမားခေါင်း ဂျိုင်းကျေးရွာ အုပ်စု မနီကုန်း ဘားအံမြို့နယ်နေသူလည်း ရှိနေခဲ့ ကြောင်း ရဲတပ်ဖွဲ့၏ စစ်ဆေးချက်အရ သိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး သေနတ်ကျည်ထိမှန်၍ ဒဏ်ရာရရှိခဲ့သူ သက်ပိုင်စိုးက တရားလိုပြုလုပ်ပြီး အောင်စိုးမိုး(ခ) စိုးကြီးအား အရေးယူပေးရန် နိုဝင်ဘာ ၂၆ ရက်က ဂျိုင်းနယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့သဖြင့် ဂျိုင်းနယ်မြေရဲစခန်းက အမှုရေးဖွင့်ထားကြောင်း သတင်းရရှိသည်။ **မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)**

# မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထက်လွင်၏ ညွှန်ကြားမှုဖြင့် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၂နာရီခွဲက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်မောင်မျိုး ဦးစီးသည့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် မြတ်မင်္ဂလာလမ်းဘေးရှိ မင်းမင်းထိုက်(ခ)ဖြူကြီး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅ ပြား၊ ဘိန်းဖြူဟုယူဆရသော ဖြူဝါ အမှုန့်များထည့်ထားသည့် ဆပ်ပြာခွက် ရှစ်ခွက်၊ ပင်နီဆီလင်ပုလင်း ၂၈ လုံး၊ လက်ကိုင်ဖုန်းတစ်လုံး၊ ဂက်စ်မီးခြစ်နှစ်လုံး၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ပိုက်တပ်ထားသည့် ပလတ်စတစ်ကော်ဘူးနှစ်ဘူး၊ ဆိုင်ကယ်တစ်စီး၊ ဓားမြှောင် တစ်ချောင်းနှင့် ငွေကျပ် ၃၂၀၀၀ တို့အား ရှာဖွေတွေ့ရှိရပြီး အဆိုပါ မူးယစ်ဆေးဝါးများအား ပျဉ်းမနားမြို့နယ်နေ သီဟစိုးထံမှ ဝယ်ယူပြီး ပြန်လည် ဖြန့်ဖြူးရောင်းချခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ၎င်းတို့ကို ဖမ်းဆီးအရေးယူအမှုဖွင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ယင်းနေ့ ညနေ ၆ နာရီ မိနစ် ၄၀ တွင် ပျဉ်းမနားမြို့နယ် လမ်းပျဉ်းမနားအုပ်စု ကြို့ပင်ကောက်အနောက်ကျေးရွာနေ လွင်ကိုလတ်(ခ)ကျော်ပေတူး(ခ) လွင်ကို၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ၊ ခဲစက္ကူလိပ်တစ်ခု၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ပိုက်တပ်လျက် ပလတ်စတစ်ကော်ဘူးနှစ်ဘူး လက်ကိုင်ဖုန်းတစ်လုံး၊ ဆိုင်ကယ်တစ်စီးတို့အား ရှာဖွေတွေ့ရှိရသဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မြန်မာ ယူ-၂၃ နှင့် ယူ-၂၁ အသင်း ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲကစားမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ဒီဇင်ဘာတွင်ယှဉ်ပြိုင်မည့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာလူငယ်အသင်းများသည် ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲများ ထပ်မံယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာလူငယ်အသင်းများနှင့် ခြေစမ်းရန် MNL နိုင်ငံခြားသားများအသင်းကို ဖွဲ့စည်းရန် စီစဉ်နေပြီး ဒီဇင်ဘာလ ပထမပတ်တွင် ကျင်းပမည်ဖြစ်သည်။

ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၁ အသင်း၊ M-150 Cup ထိုင်း ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းသည် MNL နိုင်ငံခြားသားများအသင်းနှင့် ခြေစမ်းပွဲကစားကာ ပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် လက်ရှိတွင် ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး နည်းပြချုပ် ဦးကြည်လွင်က ကိုင်တွယ်နေသည်။ မြန်မာ ယူ-၂၁ အသင်းတွင် အတွေ့အကြုံနည်းသည့် ကစားသမားအများစု ပါဝင်နေသောကြောင့် နည်းပြချုပ် ဦးကြည်လွင်သည် အသင်းကောင်းတစ်သင်း ဖြစ်လာရန် တည်ထောင်လျက်ရှိပြီး ပထမဆုံး ခြေစမ်းပွဲတွင် မွန်ဂိုလီးယားလက်ရွေးစင် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်း ယှဉ်ပြိုင်မည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်ဗီယက်နမ်မှ နှစ်သင်း၊ မြန်မာ ယူ-၂၁ အသင်း၊ ထိုင်း ယူ-၂၁ အသင်းနှင့် ဂျပန်ကလပ် ယိုကိုဟားမား ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ယခုရက်ပိုင်းအတွင်း ကစားသမားများ ထပ်မံလျှော့ချမည်ဖြစ်သည်။ လက်ရွေးစင်အသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ် ကိုင်တွယ်နေသည့် မြန်မာ ယူ-၂၃ အသင်းသည် ကစားသမားအပြောင်းအလဲများနေပြီး ယခုရက်ပိုင်းအတွင်း ကစားသမားအချို့ပြောင်းလဲခဲ့သည်။ ပထမဆုံး ခြေစမ်းပွဲဖြစ်သည့် မွန်ဂိုလီးယားလက်ရွေးစင် အသင်းနှင့် ခြေစမ်းပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီး မြန်မာ ယူ-၂၁ အသင်း အနိုင်ရထားသည့်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရကာ အပြောင်းအလဲများ ပြုလုပ်ရမည်ဖြစ်သည်။ လက်ရွေးစင်အဆင့် ကစားသမားများ ပါဝင်နေသော်လည်း မြန်မာ ယူ-၂၃ အသင်းသည် မွန်ဂိုလီးယားအသင်းနှင့် ခြေစမ်းပွဲတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာ ယူ-၂၃ အသင်း ယှဉ်ပြိုင်မည့် M-150 Cup ထိုင်း ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် ထိုင်း၊ ဂျပန်၊ မြောက်ကိုရီးယား၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ မြန်မာနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ပါဝင်သည်။

မြန်မာအသင်းများနှင့် ခြေစမ်းမည့် MNL နိုင်ငံခြားသားများအသင်းကို ကလပ်အသင်းများမှ နိုင်ငံခြားသားများဖြင့် ဖွဲ့စည်းမည်ဖြစ်သော်လည်း ပြိုင်ပွဲပြီးဆုံးပြီး ပြိုင်ပွဲရပ်နားထားသည့် ကာလဖြစ်သောကြောင့် ကစားသမားမစုံလင်ပါက ပြည်တွင်းကစားသမားအချို့အား အားဖြည့်ရွေးချယ်မည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**



မြန်မာ ယူ-၂၃ အသင်းနှင့် မွန်ဂိုလီးယားလက်ရွေးစင်အသင်း ခြေစမ်းပွဲကစားခဲ့စဉ်။ ဓာတ်ပုံ-စိုးညွန့်

# မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆဋ္ဌမ ပွဲစဉ် နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့မှ ကြီးမှူး၍ Innwa Bank မှ အဓိက ကူညီပံ့ပိုးသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆဋ္ဌမပွဲစဉ်အဖြစ် နေပြည်တော် ရေပြာတပ်မတော်ဂေါက်ကွင်းတွင် ဒီဇင်ဘာ ၆ ရက် မှ ၉ ရက် (ဗုဒ္ဓဟူးနေ့မှ စနေနေ့အထိ) ရက်များ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် Professional အဆင့်၊ ဝါသနာရှင်အဆင့်များတွင် အမျိုးသား (H'cap 0-12)၊ အမျိုးသမီး (H'cap 0-18) အဆင့်များ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲသို့ စိန့်အင်ဒရူး ဂေါက်စည်းမျဉ်းများ အတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် ဒီဇင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းအား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဖုန်း-၀၉-၉၆၂၀၄၀၀၅၂ နှင့် ၀၉-၇၇၉၈၄ ၆၇၆၁တို့သို့ စာရင်းပေးသွင်းနိုင်သည်။

အမည်စာရင်းပေးသွင်းထားသော ပြိုင်ပွဲဝင် အားကစားသမားများသည် Official Practice Round အဖြစ် ဒီဇင်ဘာ ၄ ရက်နှင့် ၅ ရက်များတွင် ကွင်းပတ်လေ့ကျင့်နိုင်သည်။ ပြိုင်ပွဲဝင်ကြေးများအဖြစ် Professional အဆင့် ငွေကျပ် ၃၀၀၀၀ နှင့် ဝါသနာရှင်အဆင့်များအတွက် ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားသည်။

ရန်ကုန်-နေပြည်တော်ခရီးစဉ် (အသွား၊ အပြန်) Player Bus များ စီစဉ်ပေးထားပြီး ရန်ကုန်မြန်မာဂေါက်ကလပ် ၉ မိုင်မှ ဒီဇင်ဘာ ၃ ရက် နံနက် ၈နာရီခွဲတွင် စတင်ထွက်ခွာမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကြေး အချိန်မီပေးသွင်းနိုင်ခြင်းမရှိသူများကို အတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း၊ အမည်စာရင်းပေးသွင်းထားပြီး အကြောင်းအမျိုးမျိုးကြောင့် ပြိုင်ပွဲမဝင်ဖြစ်ပါက ပြိုင်ပွဲကျင်းပရေးကော်မတီထံ အချိန်မီအကြောင်းကြားရန်နှင့် ထိုသို့အကြောင်းမကြားသူများသည် နောင်ပွဲစဉ်များတွင် ပြိုင်ပွဲဝင်ခွင့်ပြုမည်မဟုတ်ကြောင်း၊ ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ချက်ထက် ကျော်လွန်နိုင်သည့်အတွက် ပြိုင်ပွဲဝင်ကြေးများ အမြန်လာရောက်ပေးသွင်းထားမှသာ ပြိုင်ပွဲဝင်ခွင့်အတွက် စိတ်ချရမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# Asian Challenge Cup ဟော်ကီပြိုင်ပွဲတွင် မြန်မာအသင်း နိုင်ပွဲဆက်

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် 2017 Asian Challenge Cup ဟော်ကီပြိုင်ပွဲ တတိယနေ့ကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာအသင်း နိုင်ပွဲဆက်ခဲ့ပြီး တရုတ်(တိုင်ပေ)အသင်း သုံးပွဲဆက် အနိုင်ရခဲ့သည်။

တတိယနေ့တွင် အိမ်ရှင်မြန်မာအသင်းက ဟောင်ကောင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး တရုတ်(တိုင်ပေ) အသင်းမှာမူ ဘရူနိုင်းအသင်းကို ၁၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် တရုတ်(တိုင်ပေ) အသင်းက သုံးပွဲစလုံးအနိုင်ရကာ ကိုးမှတ်ဖြင့် ဦးဆောင်လျက်ရှိပြီး မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ခြောက်မှတ်၊ ဟောင်ကောင်အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ သုံးမှတ်ရထားကာ ဘရူနိုင်းအသင်းက သုံးပွဲစလုံးရှုံးနိမ့်ထားသည်။ Asian Challenge Cup ဟော်ကီပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဒုတိယအကျော့ကို နိုဝင်ဘာ ၂၉ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် ဟောင်ကောင်အသင်းနှင့် ဘရူနိုင်းအသင်း၊ ညနေ ၃ နာရီတွင် အိမ်ရှင်မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**


**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4C/2822 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**တိုက်ခန်းရောင်းမည်**

ပထမထပ်၊ ၂၇လမ်း(အလယ်)

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

**ဖုန်း-၀၉-၅၄၅၄၅၅၅**

**မွေးသက္ကရာဇ်အမှန်**

ပလက်ဝမြို့နယ် ထိန်းခေါင်ကျေးရွာ ဦးဟုန်းလိန်း၏သား မောင်နိုင်းဟုန်း ၄/ပလဝ(နိုင်)၀၄၄၉၅၉၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁၂-၁၉၉၃ ဖြစ်ပါကြောင်း။ **မောင်နိုင်းဟုန်း**

**အမည်ပြောင်းနှင့် အမည်ဖြည့်စွက်**

ဦးအောင်နိုင်ဦး၏သားနှင့် သမီးများဖြစ်ကြသော မြောင်းမြမြို့၊ အထက(၁) တတိယတန်း(သဇင်)မှ မောင်မြတ်လင်းထက်အား မောင်နေလှိုင်မင်းဟု လည်းကောင်း၊ ပုသိမ် ကွန်ပျူတာတက္ကသိုလ် စတုတ္ထနှစ်(သိပ္ပံ)မှ မအေးမြတ်သန္တာအား မအေးမြတ်သန္တာ (ခ) မသွန်းဆွေဇင်ဟု ခေါ်ဆိုပါရန်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄သယ/၇၄၉၂၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်၏ ပွဲနင်းမှူးလက်မှတ် အမှတ် REV-1580/15 မှာခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါလိပ်စာအတိုင်း ပေးပို့ပါရန်။

**ထွန်းဝင်းနိုင်**
**ဖုန်း-၀၉-၂၆၃၃၄၄၁၆၄**
**သပြေချိုင်ဆိပ်ကမ်း-သံတွဲမြို့နယ်**

**ငြင်းချက်ထုတ်ရန်ဆင့်စာ**
**(တရားမကျင့်ထုံးဥပဒေ အမိန့်၅၊ နည်းဥပဒေ ၁နှင့် ၅)**
**ကသာခရိုင်တရားရုံးတော်**
**၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁**

ဦးလင်းထင် **နှင့်**
၁။ ဦးမြင့်ရောင်
၂။ ဦးဇော်လ
၃။ ဦးမရန်နော်
၄။ ဦးရဲနောင်
၅။ ဒေါ်တာကြူး

**တရားလို** **တရားပြိုင်များ**

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မဟာအောင်မြေ(၁)ရွာ၊ (၁)ရပ်ကွက်နေ ဦးမရန်နော် (ဒါရိုက်တာ၊ ဝင်းဝါရွှေစင်၊ ကုမ္ပဏီလီမိတက်)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးလင်းထင်(ဒုတိယအထွေထွေမန်နေဂျာ၊ အမှတ်-၂၊ သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)က ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်(၁၇၆ဒသမ၇၅)ကျပ်သား ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုင်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလရက် (၁၃၇၉ခုနှစ်၊ နတ်တော်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဟန်သိန်း)**
**ခရိုင်တရားသူကြီး**
**ကသာခရိုင်တရားရုံး**

**CLAIMS DAY NOTICE**
**M.V MERCURY LEADER VOY:N0(03)**

Consignees of cargo carried by M.V MERCURY LEADER VOY:No(03) are here by notified that the vessel will arrive on about 30-11-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်**
**Digital Radio (9 Band) များဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ Digital Radio (9 Band)များကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Digital Radio 9 Band 15000 Nos
Made in China

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၁၂-၂၀၁၇ရက်မှ ၁၄-၁၂-၂၀၁၇ ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၁၂-၂၀၁၇ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့်အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9D/3399 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8K/1891 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း**

ကျွန်တော်များ Akari Min Trading Co.,Ltd.သည် Vietnam-Myanmar Friendship Trading Company Limitedမှ ဖြန့်ဖြူးခွင့်ရရှိသော မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ရရှိထားသည့် Saigon Plant Protection Joint Stock Company/Vietnam ကုမ္ပဏီမှ ထုတ်ကုန်များဖြစ်သော အမှတ်စဉ်(၁)မှ(၂)အထိ ထုတ်ကုန်များအား တင်သွင်းဖြန့်ဖြူးမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

| No | Trade Name | Active Ingredient Name | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Mexyl MZ72WP | Metalaxyl 8%+Mancozeb 64% WP | Full | F2015-819 |
| 2 | Vanicide 5 SL | Validamycin A 5%SL | Full | F2015-820 |

**Akari Min Trading Co.,Ltd.(ဖုန်း-၀၉-၅၁၂၉၇၆၀၊ ၀၉-၇၈၅၁၂၉၇၆၀)**

**ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေပုလ္လ(၆)လမ်း၊ အမှတ် ၂၅၅ ၁/၂ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၃၁၁၊ မြေကွက်အမှတ် ၂၅၅ ၁/၂၊ မြေဧရိယာ ၁၂၀၀စတုရန်း ပေအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးစောဝင်း ၁၂/ဥကမ(နိုင်)၁၁၂၆၂၀မှ တရားဝင်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါကယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထား ခိုင်လုံစွာ ယူဆောင်ပြီး၊ လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးအေးရီ(LL.B)** **ဒေါ်လှလှခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(၄၃၇၃)** **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**
**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# လက်နက်ဆိုင်ရာ ညှိနှိုင်းမှုများကို ပြန်လည်သုံးသပ်နေကြောင်း ပင်တဂွန်ပြော



ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ ကာ့ဒ်တိုက်ခိုက်ရေးသမားများ ဆီးရီးယားနိုင်ငံ ရက်ကွာမြို့ရှိ လမ်းတစ်ခု၌ ပြေးလွှားနေသည်ကို တွေ့ရစဉ်။

**ဝါရှင်တန် နိုဝင်ဘာ ၂၈**

တူရကီကို ဒေါသထွက်နေသော ဆီးရီးယားကာ့ဒ်တပ်ဖွဲ့များအတွက် လက်နက်ဆိုင်ရာ ညှိနှိုင်းမှုများကို ပြန်လည်သုံးသပ်နေကြောင်း ပင်တဂွန်က မကြာသေးမီတွင် ပြောခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်မျိုးသည် တိုက်ပွဲလိုအပ်ချက်များအပေါ် အခြေခံနိုင်သောကြောင့် လက်နက်လွှဲပြောင်းရေးဆိုင်ရာ ကိစ္စရပ်များကို ရပ်နားထားကြောင်း သိရသည်။

အန်ကာရာက ခြိမ်းခြောက်မှုတစ်ခုအနေဖြင့် ရှုမြင်နေသော ကိစ္စဖြစ်သည့် ဆီးရီးယား ကာ့ဒ်တိုက်ခိုက်ရေးသမားများကို လက်နက်ထောက်ပံ့မှုများမလုပ်ဆောင်သင့်ကြောင်း ၎င်းအနေဖြင့် ညွှန်ကြားချက်များထုတ်ပြန်ခဲ့သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က သမ္မတ တေရစ်အာဒိုဂန်ကို ပြောခဲ့သည်ဟု တူရကီက ပြောကြားခဲ့သည်။

ကာ့ဒ်တိုက်ခိုက်ရေးသမားများကို စစ်ရေးဆိုင်ရာ ထောက်ပံ့မှုများလုပ်ဆောင်ရန် ညှိနှိုင်းနေသော ကိစ္စရပ်များနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်နေကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ အဲရစ်ဖာဟွန်က ပြောကြားခဲ့သည်။

ဆီးရီးယားတွင် အမေရိကန်နှင့် အမေရိကန်ထောက်ပံ့ခံတပ်ဖွဲ့များက အိုင်အက်စ်တို့ကို နှိမ်နင်းလျက်ရှိပြီး နယ်မြေလုံခြုံရေးကိစ္စရပ်များအရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ နိုဝင်ဘာ ၂၄ ရက်က ထရန့်နှင့် အာဒိုဂန်တို့အကြား ဖုန်းဖြင့် ပြောဆိုဆွေးနွေးမှုသည် နှစ်နိုင်ငံကြားတင်းမာနေသော ဆက်ဆံရေးအတွက် အလှည့်အပြောင်းတစ်ခုဖြစ်နိုင်ကြောင်း သိရသည်။ သို့သော်လည်း အမေရိကန်က ဆီးရီးယားကာ့ဒ်တိုက်ခိုက်ရေးသမားများကို လက်နက်များထောက်ပံ့နေမှုနှင့်ပတ်သက်ပြီး ရပ်နားထားရန် ကတိကဝတ်ပြုထားကြောင်းလည်း သိရသည်။

**ရိုက်တာ**

## အိုင်ယာလန် ဒုတိယဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ရန် ဖိအားပေးခံနေရ

**ဒဗ္ဗလင် နိုဝင်ဘာ ၂၈**

အိုင်ယာလန် ဒုတိယဝန်ကြီးချုပ် ဖရန်ဆက်စ် ဖစ်ဂါရယ်သည် ကြားဖြတ်ရွေးကောက်ပွဲကို ရှောင်လွှဲရန်အတွက် အင်္ဂါနေ့တွင် ၎င်း၏ပါတီမှ နုတ်ထွက်ရန် အပြင်းအထန် ဖိအားပေးမှုများကို ရင်ဆိုင်နေရကြောင်း သိရသည်။

လူနည်းစုအစိုးရအဖွဲ့ကိုထောက်ခံအားပေးနေသည့် အတိုက်အခံပါတီ၏ပြောကြားချက်အရ ဒုတိယဝန်ကြီးချုပ်အနေဖြင့် နုတ်ထွက်ရန် ငြင်းဆန်ခဲ့လျှင် လာမည့်ဒီဇင်ဘာလတွင် အိုင်ယာလန်သည် ရွေးကောက်ပွဲမဖြစ်မနေကျင်းပရန် အတင်းအကျပ်ဖိအားပေးခံရသည့် အခြေအနေရောက်ရှိလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်သူလူထုအတွင်း၌မူ ဖစ်ဂါရယ်၏ ပါတီအတွင်းမှ လုပ်ဖော်ကိုင်ဖက်များက ၎င်းအား ဆက်လက်အားပေးထောက်ခံနေဆဲဖြစ်ကြောင်း သိရသည်။

**ရိုက်တာ**

## ဘယ်လ်ဂျီယံ တောင်ပိုင်း၌ ရထားတိုက်မိမှုကြောင့် နှစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိ

**ဘရပ်ဆဲလ် နိုဝင်ဘာ ၂၈**

ဘယ်လ်ဂျီယံနိုင်ငံတောင်ပိုင်း မော်လန်ဝက်ဇ်မြို့ရှိ ရထားလမ်းဆုံတစ်နေရာတွင် အင်ဖရာဘယ်ရထားလမ်းကုမ္ပဏီမှ အလုပ်သမားများ ရထားတိုက်မိခဲ့ရာ နှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ လူအများအပြားလည်း ဒဏ်ရာရရှိခဲ့ကြောင်း ရထားလမ်းရဲတပ်ဖွဲ့က မကြာသေးမီက ပြောကြားခဲ့သည်။

အင်ဖရာဘယ်ရထားလမ်းကုမ္ပဏီမှ အလုပ်သမားများသည် ယမန်နေ့က ကားတစ်စီးဝင်တိုက်မှုကြောင့် ပျက်စီးသွားသော မီးရထားလမ်းပိုင်းတစ်ခုအား ပြုပြင်နေစဉ် ထိုသို့ ရထားတိုက်မိမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒေသတွင်းရှိ ကယ်ဆယ်ရေးဝန်ထမ်းများအား ပြင်ပအဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုများ ပေးခဲ့ကြောင်း သိရသည်။

ရထားမတော်တဆမှုဖြစ်ပွားရခြင်းအကြောင်းအရင်းကို အတိအကျ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**




## ပြင်သစ်သမ္မတနှင့် အမေရိကန်သမ္မတတို့ ဆီးရီးယားနှင့် နျူလက်နက်အရေး ဖုန်းဖြင့် ဆွေးနွေး

**ဝါရှင်တန် နိုဝင်ဘာ ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယမန်နေ့က ပြင်သစ်သမ္မတ မန်နျူရယ်မက်ခရွန်အား ဖုန်းဖြင့် ဆက်သွယ်ကာ ဆီးရီးယားအရေးနှင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက်ကင်းစင်ရေးအပါအဝင် အခြားကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ဆီးရီးယားနိုင်ငံအတွင်း နိုင်ငံရေးအရ ဖြေရှင်းချက်တစ်ခုရရှိစေနိုင်သည့် တစ်ခုတည်းသော ဆွေးနွေးမှုဖိုရမ်ဖြစ်သော ကုလသမဂ္ဂအခြေပြုဂျီနီဗာဆွေးနွေးပွဲ၏ အရေးပါမှုကို သဘောတူညီခဲ့ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိခဲ့သည်။

ဂျီနီဗာဆွေးနွေးပွဲအား နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ဆီးရီးယားအစိုးရက ဆွေးနွေးပွဲသို့ တက်ရောက်ရန် အတည်ပြုချက်မပေးသေးကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံအတွင်း လက်နက်ကိုင် ပဋိပက္ခများသည် ၂၀၁၁ ခုနှစ်တွင် စတင်ဖြစ်ပေါ်လာခဲ့ပြီး လျင်မြန်စွာပင် ပြည်တွင်းစစ်အဖြစ် ပြောင်းလဲသွားကာ နိုင်ငံအတွင်း စစ်ပွဲများကြောင့် လူ ၃၃၀၀၀၀ကျော် သတ်ဖြတ်ခံခဲ့ရပြီး သန်းပေါင်းများစွာ နေရာရွှေ့ပြောင်းခဲ့ရကြောင်း ကုလသမဂ္ဂ၏ ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**

# အစ္စရေးနိုင်ငံ၏ ရေတပ်ဒုံးကျည်ကာကွယ်ရေးစနစ် အပြည့်အဝ လည်ပတ်နိုင်ပြီဖြစ်ကြောင်း ကြေညာ

**ဂျေရုဆလင် နိုဝင်ဘာ ၂၈**

အစ္စရေးနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်ရှိ သဘာဝဓာတ်ငွေ့နယ်နိမိတ် လုံခြုံရေးအတွက် ရည်ရွယ်လျက် တည်ဆောက်ခဲ့သည့် အစ္စရေးရေတပ်မှ Iron Dome ဒုံးကျည်ကာကွယ်ရေးစနစ်သည် အပြည့်အဝ လည်ပတ်နိုင်ပြီဖြစ်ကြောင်း တနင်္လာနေ့တွင် အစ္စရေးကကြေညာခဲ့သည်ဟု စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံတွင် လုံခြုံရေးအင်အားစုများသည် ရေတပ်လေ့ကျင့်မှုများ အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်ပြီး Iron Dome လေကြောင်း ဒုံးကျည်ကာကွယ်ရေးစနစ်သည် စနစ်ပိုင်းဆိုင်ရာလည်ပတ်ဆောင်ရွက်နိုင်သည့် အရည်အသွေးပြည့်မီခဲ့ပြီဖြစ်ကြောင်း ဖော်ပြချက်၌ ပါရှိသည်။

စစ်ဘက်ဆိုင်ရာ၏ ပြောပြချက်အရ လွန်ခဲ့သောရက်အနည်းငယ်အတွင်း အစ္စရေးရေတပ်နှင့် အစ္စရေးလေကြောင်းအင်အားစုများသည် စနစ်ပိုင်းဆိုင်ရာ လည်ပတ်နိုင်မှုကို စစ်ဆေးစမ်းသပ်မည့် လေ့ကျင့်မှုအမြောက်အမြားကို ဆောင်ရွက်ခဲ့သည်။ လေ့ကျင့်မှုများတွင် ဂါဇာကမ်းခြေမှ ပစ်လွှတ်လိုက်သည့် ဒုံးကျည်များနှင့် ဆင်တူသည့် Grad ဒုံးကျည်များပစ်လွှတ်ခြင်း လေ့ကျင့်မှုများလည်း ပါဝင်သည်။

လေ့ကျင့်မှုများသည် အောင်မြင်ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အစ္စရေးတပ်မတော်က ဒုံးကျည်ကာကွယ်ရေးစနစ်သစ်သည် ပင်လယ်အတွင်းရှိ အစ္စရေး၏မဟာဗျူဟာကျသည့် နေရာများကို ကာကွယ်ရန်အတွက် ရေတပ်မတော်က လက်ရှိအသုံးပြုနေသည့် ကိရိယာများကို သိသာထင်ရှားစွာ တိုးတက်လာစေလိမ့်မည် ဖြစ်သည်ဟု ယုံကြည်လျက်ရှိသည်။

ပြီးခဲ့သည့် ၂၀၁၄ခုနှစ်တွင် အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့ ဖြစ်ပွားခဲ့သည့်နောက်ဆုံးစစ်ပွဲအတွင်း၌ ဂါဇာစစ်သွေးကြွများသည် မြေထဲပင်လယ်အတွင်းရှိ အစ္စရေး၏ သဘာဝဓာတ်ငွေ့နယ်နိမိတ်ဆီသို့ ဒုံးကျည်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### နီပေါနိုင်ငံတွင် ပါလီမန်ရွေးကောက်ပွဲအတွက် မဲပေးမှုစတင်

**ခတ္တမန္ဒု နိုဝင်ဘာ ၂၈**

နီပေါနိုင်ငံ၌ လွန်ခဲ့သောနှစ်နှစ်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပထမဆုံး ပါလီမန်ရွေးကောက်ပွဲအတွက် ပြည်သူများ မဲစတင်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ပါလီမန်လွှတ်တော်အတွင်း နေရာပေါင်း ၂၇၅ ခုအတွက် ကိုယ်စားလှယ် ၄၂၀၀ ခန့်တို့ပါဝင်ရွေးကောက်ခံယှဉ်ပြိုင်လျက်ရှိသည်။ နီပေါတွင် ၁၀ နှစ်ကြာအောင် ပြည်တွင်းစစ် ဖြစ်ပွားခဲ့ပြီးနောက် ၂၀၀၈ခုနှစ်တွင် သက်ဦးဆံပိုင်အုပ်ချုပ်ရေးစနစ်ပြိုလဲခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အောက်တွင် နီပေါသည် ပြည်နယ်ခုနစ်ခုပါဝင်သည့် ဖက်ဒရယ်ပြည်ထောင်စု သမ္မတနိုင်ငံတော်ဖြစ်လာခဲ့သည်။

ရွေးကောက်ပွဲတွင်အပိုင်းနှစ်ပိုင်းပါရှိပြီး ပထမပိုင်းကို တနင်္ဂနွေနေ့တွင် တောင်ကုန်းဒေသများ၌ မဲရုံပေါင်း ၄၅၀၀တို့တွင် မဲထည့်ဝင်မှုဖြင့် စတင်ခဲ့သည်။ ပြည်သူများသည် မဲထည့်ဝင်ရန်အတွက် အလှည့်ကျတန်းစီစောင့်ဆိုင်းနေသည့်မြင်ကွင်းကိုတွေ့မြင်ရသည်။

ရွေးကောက်ပွဲ ဒုတိယပိုင်းကို လာမည့် ဒီဇင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ဆီးရီးယားအရှေ့ပိုင်းရှိ အိုင်အက်စ်အဖွဲ့ ပစ်မှတ်များကို ရုရှား ဗုံးကြဲ

**မော်စကို နိုဝင်ဘာ ၂၈**

တာဝေးပစ် TU-22M3 ဗုံးကြဲလေယာဉ်ခြောက်စင်းသည် တနင်္ဂနွေနေ့တွင် ဆီးရီးယားအရှေ့ပိုင်း ဒါအက်ဇ္ဇာရှိ အိုင်အက်စ်အကြမ်းဖက်အဖွဲ့များကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုဆင်နွှဲခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနကပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားနယ်နိမိတ်ရှိ လေဆိပ်မှပျံသန်းထွက်ခွာခဲ့ပြီးနောက်တွင် ဗုံးကြဲလေယာဉ်များသည် ယူဖရိတ်တောင်ကြားရှိ စစ်သွေးကြွများ အကြီးအကျယ်စုဝေးသည့် ဧရိယာများနှင့် အကြမ်းဖက်အဖွဲ့များ ခြေကုပ်ရယူထားရာနေရာများကို ဗုံးများကြဲချထိမှန်စေခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

ပစ်မှတ်များအားလုံးကို တိုက်ခိုက်ဖျက်ဆီးမှုအား မှတ်တမ်းတင်ခဲ့သည်ဟု ဝန်ကြီးဌာနက ပြောကြားသည်။

ဆီးရီးယားအနောက်ပိုင်း Khmeimim လေတပ်အခြေစိုက်စခန်း၌ အခြေစိုက်ထားသည့် Su-30SM နှင့် Su- 35S ဂျက်တိုက်လေယာဉ်များသည် ဗုံးကြဲလေယာဉ်များကို လေကြောင်းဆိုင်ရာ အကာအကွယ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆန်းကြယ်စွာပျောက်ဆုံးသွားသော အာဂျင်တီးနားရေငုပ်သင်္ဘော

**ကလျာမိုးမြင့်**



ပျောက်ဆုံးနေဆဲဖြစ်တဲ့ အာဂျင်တီးနားရေငုပ်သင်္ဘောဟာ လွန်ခဲ့တဲ့ ၁၀ ရက်အကြာ လေ့ကျင့်ရေးမစ်ရှင်မထွက်ခွာမီမှာ အခြေအနေကောင်းမွန်နေခဲ့ပြီး နည်းစနစ်ပိုင်းဆိုင်ရာစစ်ဆေးမှုမှာလည်း ဘေးကင်းစိတ်ချရတဲ့အနေအထားမျိုးနဲ့ ကျော်ဖြတ်နိုင်ခဲ့တယ်လို့ အာဂျင်တီးနားရေတပ်မတော်က အခိုင်အမာပြောဆိုနေပါတယ်။ ပျောက်ဆုံးနေတဲ့ သင်္ဘောအမှုထမ်းတွေရဲ့ဆွေမျိုးမိသားစုတွေကတော့ သက်တမ်း ၃၄ နှစ်ရှိပြီဖြစ်တဲ့ ရေငုပ်သင်္ဘောဟာ ပြန်ပြီးပြုပြင်ဖို့ မလွယ်တော့လောက်အောင် အခြေအနေဆိုးနေပြီလို့ ပြောဆိုနေကြပါတယ်။

ARA San Juan ရေငုပ်သင်္ဘောဟာ နိုဝင်ဘာ ၁၅ ရက်မှာ ရေတပ်မတော်အာဏာပိုင်တွေနဲ့ နောက်ဆုံးအဆက်အသွယ်ရရှိခဲ့ပြီး ပျောက်ကွယ်သွားခဲ့တာဖြစ်ပါတယ်။ ရေငုပ်သင်္ဘောပျောက်ဆုံးသွားတဲ့အချိန်ကစပြီး နိုင်ငံတကာနဲ့ပူးပေါင်းပြီး ရှာဖွေရေးတွေအင်တိုက်အားတိုက်လုပ်ခဲ့ပေမယ့် အသက်ရှင်လွတ်မြောက်သူတွေကို ပြန်ရှာတွေ့နိုင်ဖို့ဆိုတာဟာ မသေချာမရေရာတဲ့ ကံကြမ္မာတစ်ခုဖြစ်နေပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်ုပ်တို့ဟာ မျှော်လင့်ချက်နဲ့ မျှော်လင့်ချက်ကင်းမဲ့မှုနှစ်မျိုးလုံးကို ရင်ဆိုင်နေရသလိုပဲလို့ ရေတပ်ပြောရေးဆိုခွင့်ရှိသူ အန်းရစ်ဘယ်လ်ဘီက ပြောကြားပါတယ်။ ခိုင်လုံတဲ့သက်သေအထောက်အထားတွေနဲ့ လမ်းညွှန်နိုင်ဖို့လိုအပ်နေတဲ့အတွက် ရေငုပ်သင်္ဘောကို စုံစမ်းနိုင်ဖို့ အာရုံစိုက်နေကြတယ်လို့ ၎င်းက ဆိုပါတယ်။

ရေငုပ်သင်္ဘောကိုစပြီးမခုတ်မောင်းခင် နှစ်ရက်အလိုကတည်းက ရေယာဉ်တစ်ခုလုံးရဲ့ စနစ်ပိုင်းကိုစစ်ဆေးထားပြီးဖြစ်ပါတယ်။ ဒီလိုစစ်ဆေးမှုတွေသာလုပ်မထားရင် ရေငုပ်သင်္ဘောဟာ ထွက်ခွာမှာမဟုတ်ဘူးလို့ မစ္စတာဘယ်လ်ဘီက သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။ စနေနေ့က ရေငုပ်သင်္ဘောရဲ့ ရေတပ်အခြေစိုက်စခန်းမှာ ဘာသာရေးဆိုင်ရာအထိမ်းအမှတ်အခမ်းအနားပြုလုပ်ဖို့ ဆွေမျိုးတွေစုဝေးရောက်ရှိခဲ့ကြပြီး ကူညီအားပေးသူတွေရာနဲ့ချီပါဝင်ခဲ့ကြပါတယ်။ အခမ်းအနားပြုလုပ်တဲ့အချိန်မှာ တချို့ကတော့ သူတို့ချစ်ခင်ရသူတွေအတွက် ဝမ်းနည်းပူဆွေးပြီး မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ကြရပါတယ်။ အခုချိန်မှာ သူတို့ကိုအသက်ရှင်လျက်ပြန်တွေ့ဖို့ဆိုတာ သိပ်ကိုအချိန်နှောင်းသွားခဲ့ပြီမို့လို့ပါပဲ။

ပြီးခဲ့တဲ့ သောကြာနေ့မှာ အာဂျင်တီးနားသမ္မတက မသေချာမရေရာမှုတွေနဲ့ ခန့်မှန်းပြောဆိုမှုတွေနဲ့ပဲတစ်ပတ်လောက် အချိန်ကုန်ဆုံးခဲ့ရပြီးနောက်မှာတော့ အမှန်တရားကိုဖော်ထုတ်နိုင်ဖို့အတွက် စုံစမ်းစစ်ဆေးမှုတွေစတင်တော့မယ်လို့ ပြောခဲ့ပါတယ်။

ပျောက်ဆုံး ရေငုပ်သင်္ဘောနဲ့ပတ်သက်ပြီး သိထားတာဘာတွေရှိဆိုပြီး ရေငုပ်သင်္ဘောဟာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်တယ်လို့ သတင်းပေးဆက်သွယ်လာချိန်မှာ တောင်အမေရိကတောင်ပိုင်းအစွန်အဖျားအနီးမှာရှိတဲ့ Ushuaia ကို လမ်းကြောင်း မစ်ရှင်တစ်ခုသွားရောက်ပြီး ပြန်လာခဲ့တာဖြစ်ပါတယ်။ ဘက်ထရီအတွင်းမှာရှိတဲ့ Short Circuit မှာ ပြတ်တောက်မှုဖြစ်သွားတယ်ဆိုပြီး သတင်းပို့ခဲ့တယ်လို့ ရေတပ်အကြီးအကဲက ပြောပါတယ်။အဲဒီနောက်မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်တဲ့ပြဿနာကို ဖြေရှင်းပြီးဖြစ်လို့ ရေငုပ်သင်္ဘောဟာ ဆိပ်ကမ်းဆီကို ဆက်လက်ထွက်ခွာတော့မယ်ဆိုတဲ့ သတင်းပေးဆက်သွယ်မှုကို ထပ်မံရရှိခဲ့တယ်လို့ ရေတပ်က ဖော်ပြခဲ့ပါတယ်။

ရေငုပ်သင်္ဘောပျောက်ဆုံးသွားချိန်မှာ ဘာတွေဖြစ်လာသလဲဆိုရင် ကြာသပတေးနေ့မှာ အာဏာပိုင်တွေက ပေါက်ကွဲမှုလိုမျိုးအခြင်းအရာတစ်ခုဖြစ်ပွားခဲ့တာကို နျူကလီးယားစမ်းသပ်မှုစောင့်ကြည့်ရေးအဖွဲ့က စုံစမ်းသိရှိရတယ်လို့ပြောကြားခဲ့ပါတယ်။ တောင်အတ္တလန္တိတ်ဒေသအတွင်းမှာ ပုံမှန်မဟုတ်တဲ့ ၊တိုတောင်းပြီး ပြင်းထန်တဲ့၊ နျူကလီးယားဆိုင်ရာမဟုတ်တဲ့ ဖြစ်ပျက်မှုတစ်ခုကို မှတ်တမ်းတင်ရရှိခဲ့တယ်လို့ ဗီယင်နာအခြေစိုက် နျူကလီးယားစမ်းသပ်မှုတားဆီးရေးအဖွဲ့က ဖော်ပြခဲ့ပါတယ်။

နိုင်ငံတကာရှာဖွေရေးအဖွဲ့တွေရဲ့ ပူးပေါင်းရှာဖွေမှုတွေကနေ အပျက်အစီးအပိုင်းအစတစ်ခုကိုမှ ရှာမတွေ့ခဲ့ရသေးပေမယ့် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့တယ်ဆိုတဲ့သတင်းတွေက ရေငုပ်သင်္ဘောပေါ်မှာ လိုက်ပါသွားကြတဲ့အမှုထမ်းတွေရဲ့ မိသားစု၊ ဆွေမျိုးတွေရဲ့ မျှော်လင့်ချက်တွေကိုရိုက်ချိုးလိုက်သလိုဖြစ်သွားခဲ့ပြီး အကြီးအကျယ်စိတ်ဓာတ်ကျဆင်းစေခဲ့ပါတယ်။ စနေနေ့မှာ စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရေငုပ်သင်္ဘောဟာ တော်ပီဒို (ရေမြုပ်ဗုံး) တွေကို သယ်ဆောင်သွားခြင်းမရှိတဲ့အတွက် ယင်းသယ်ဆောင်သွားခဲ့တဲ့ ပေါက်ကွဲပစ္စည်းကြောင့် မတော်တဆပေါက်ကွဲမှုဖြစ်တယ်ဆိုတဲ့ အချက်ကိုဖယ်ထုတ်ပစ်လို့ရတယ်လို့ သုံးသပ်ထားပါတယ်။

ရေငုပ်သင်္ဘောပျောက်ဆုံးမှုအတွက် အကူအညီပေးဖို့ ရုရှားဟာစနေနေ့မှာ ရှာဖွေရေးလုပ်ငန်းအတွက်ပူးပေါင်းပါဝင်ခဲ့ပါတယ်။ အထူးကိရိယာကိုတင်ဆောင်ထားတဲ့ အကြီးဆုံးလေယာဉ်တစ်စင်းကို သောကြာနေ့ညမှာဖြန့်ကြက်လာခဲ့ပါတယ်။ ရုရှားနိုင်ငံဟာလည်း အလားတူ ဘေးဒုက္ခမျိုးကို ခံစားခဲ့ရဖူးတဲ့နိုင်ငံဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ ရုရှားရေငုပ်သင်္ဘော Kursk ဟာ ပျောက်ဆုံးသွားခဲ့ပြီး ရေငုပ်သင်္ဘောပေါ်လိုက်ပါလာကြတဲ့ လူ၁၁၈ဦးသေဆုံးသွားခဲ့ရပါတယ်။

Pantera Plus လို့ အမည်ရတဲ့ ရေအောက်မှာ ခေတ္တခဏလှုပ်ရှားတဲ့ ရေငုပ်သင်္ဘောဟာ အနက်အားဖြင့် မီတာတစ်ထောင် ၃၂၈၀ပေ နဲ့အထက်ထိ ရေအောက်မှာရှိနေတဲ့ အရာဝတ္ထုတွေကို အသံတုံ့ပြန်ချက်နဲ့ ရှာဖွေသိရှိနိုင်တဲ့ နည်းစနစ်ပါရှိပါတယ်။

ရုရှားဟာ သိပ္ပံနည်းကျစမ်းသပ်တီထွင်ထားတဲ့ သင်္ဘောတွေကိုပိုင်ဆိုင်ထားပါတယ်။ ရုရှားနိုင်ငံတစ်ခုတည်းမဟုတ်ပါဘူး။ ပျောက်ဆုံးရေငုပ်သင်္ဘောရှာဖွေမှုမှာ အမေရိကန်ရေတပ်ကလည်း ပူးပေါင်းပါဝင်တဲ့အနေနဲ့ ရေယာဉ်တွေစေလွှတ်ခဲ့ပါတယ်။ ဗြိတိန်၊ ဘရာဇီး၊ ချီလီ၊ နော်ဝေ၊ ဂျာမနီ၊ ကနေဒါ၊ ပြင်သစ်၊ ပီရူး၊ ကိုလံဘီယာနဲ့ ဥရုဂွေးနိုင်ငံတွေအားလုံးက ပျောက်ဆုံးရေငုပ်သင်္ဘောရဲ့တည်နေရာကို သိရှိနိုင်ဖို့ ဝိုင်းဝန်းကြိုးပမ်းနေကြတဲ့ နိုင်ငံတွေချည်းပါပဲ။

ရေငုပ်သင်္ဘောပေါ်မှာ ဘယ်သူတွေလိုက်ပါလာကြသလဲဆိုရင် ပက်ဒရိုမာတင်ဖာနန်ဒက်ရဲ့မိန့်ကြားချက်အရ ရေငုပ်သင်္ဘောပေါ်မှာ သင်္ဘောအမှုထမ်း ၄၄ ဦးလိုက်ပါလာခဲ့ပါတယ်။ အမှုထမ်းတွေထဲက ၄၃ ဦးဟာ အမျိုးသားတွေချည်းပဲဖြစ်ပြီး တစ်ဦးတည်းသောအမျိုးသမီးကတော့ အသက် ၃၅ နှစ်ရှိပြီဖြစ်တဲ့ အယ်လီရာနာ မာရီယာခရော်ဆစ်ပါ။ ၎င်းဟာ ရေငုပ်သင်္ဘောမှာအမှုထမ်းခွင့်ရတဲ့ အာဂျင်တီးနားရဲ့ ပထမဆုံးသောအမျိုးသမီးအရာရှိဖြစ်ပါတယ်။

ထွက်ပေါ်လာတဲ့သတင်းတွေအရ ရေငုပ်သင်္ဘောအမှုထမ်းတစ်ဦးဟာ နာမကျန်းဖြစ်နေတဲ့ မိခင်ဆီကိုသွားနေလို့ သင်္ဘောပေါ်လိုက်ပါလာခြင်းမရှိတဲ့အတွက် ၎င်းရဲ့နေရာမှာ တခြားအမှုထမ်းတစ်ဦးကို အစားထိုးလိုက်တာကြောင့် ကံကြမ္မာဆိုးကနေလွတ်မြောက်သွားခဲ့တယ်လို့ သိရပါတယ်။ စနေနေ့အရောက်မှာတော့ ရေငုပ်သင်္ဘောအခြေစိုက်ရာဖြစ်တဲ့ မာဒယ်ပလက်တာ ရေတပ်အခြေစိုက်စခန်းရဲ့အပြင်ဘက်မှာ သင်္ဘောအမှုထမ်းတွေရဲ့ မိသားစုဝင်တွေ၊ ဆွေမျိုးတွေဟာ ဘာသာရေးဆိုင်ရာဝတ်ပြုဆုတောင်းမှုတွေပြုလုပ်ခဲ့ကြပါတယ်။ ကြိုးစားပမ်းစား ရှာဖွေအားထုတ်သမျှအချည်းအနှီးဖြစ်ရတဲ့ မျှော်လင့်ချက်ကင်းမဲ့မှုတွေကို ၎င်းတို့ရဲ့မျက်လုံးတွေက ဖော်ပြခဲ့ကြပါတယ်။

ထို့အတူ အာဏာ ပိုင်တွေကလည်း ရှာဖွေရေးကြိုးပမ်းလုပ်ဆောင်နေမှုတွေနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေ မျှဝေမှုအပိုင်းမှာ နှေးကွေးခဲ့တယ်ဆိုပြီး စိတ်မကောင်းဖြစ်နေကြရပါတယ်။ နိုင်ငံတကာက အတူမျှဝေခံစားပြီး ပူးပေါင်းပါဝင်ခဲ့ကြပေမယ့် အာဂျင်တီးနားရေငုပ်သင်္ဘော ပျောက်ဆုံးမှုကတော့ အဖြေရှာဖို့ အင်မတန်ခက်ခဲတယ်လို့ဆိုရမှာ ဖြစ်ပါကြောင်း။ ။

**ဘီဘီစီ၊ ဆင်ဟွာ**

> “ပူးပေါင်းရှာဖွေမှုတွေကနေ အပျက်အစီးအပိုင်းအစတစ်ခုကိုမှ ရှာမတွေ့ခဲ့ရသေးပေမယ့် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့တယ်ဆိုတဲ့သတင်းတွေက ရေငုပ်သင်္ဘောပေါ်မှာ လိုက်ပါသွားကြတဲ့ အမှုထမ်းတွေရဲ့မိသားစု၊ ဆွေမျိုးတွေရဲ့မျှော်လင့်ချက်တွေကို ရိုက်ချိုးလိုက်သလိုဖြစ်သွားခဲ့”

# ပန်းမြို့တော်က ပန်းပွဲတော်ကို ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် စတင် ဖွင့်လှစ်မည်




**ပြင်ဦးလွင် နိုဝင်ဘာ ၂၈**

မေမြို့ သို့မဟုတ်ပြင်ဦးလွင်၊ တောင်လှေကားမြို့တော်၊ ပန်းမြို့တော်နှင့် နှင်းမြို့တော်ဟူ၍ အမည်နာမ ငါးမျိုးဖြင့် ထင်ပေါ်ကျော်ကြားသည့် ချယ်ရီပန်းတို့ ဖူးပွင့်ရာ ပြင်ဦးလွင်မြို့၏ ၁၂ ကြိမ်မြောက် ပန်းပွဲတော်ကို အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် စတင်ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

၁၂ ကြိမ်မြောက် ပန်းပွဲတော်ကာလကို ဒီဇင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ စုစုပေါင်း ၁၆ ရက်သတ်မှတ်ထားသော်လည်း ပန်းများသက်တမ်းရှိသည်အထိ အများပြည်သူတို့ လေ့လာကြည့်ရှုနိုင်ရန် ထားရှိပြသသွားမည်ဖြစ်ကြောင်း ထူးကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးဝေမျိုးအောင်က ပြောသည်။

ယခုနှစ် ခင်းကျင်းပြသမည့် ပန်းပွဲတော်တွင် ပန်းပင်အရေအတွက် ၁၇၀၀၀၀ နှင့် ပန်းပွင့်ခြောက် ၅၀၀၀၀ ဖြင့် ယခင်နှစ်များနှင့်မတူ ထူးခြားဆန်းပြားသည့် သရုပ်ဖော်၊ ရုပ်လုံးရုပ်ကြွပြကွက်အမျိုးမျိုးတို့ကို လာရောက်ကြည့်ရှုသူတို့ စိတ်ကျေနပ်စေရန် ပုံဖော်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပန်းဥယျာဉ်ကြီးအတွင်း အမျိုးမျိုးသော သရုပ်ဖော်ပန်းပြကွက်များကို ဒေသရင်းပန်းမျိုးစိတ်များ၊ တရုတ်၊ ထိုင်းနိုင်ငံတို့မှ ပန်းမျိုးစိပ်များဖြင့် ပြကွက် ၁၀ ခု ပြသသွားရန် စီစဉ်ထားကြောင်း၊ ပန်းပွဲတော်နှင့်အတူ ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်နေ့များတွင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယခင်နှစ်များက ပါဝင်ခြင်းမရှိခဲ့သော မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ထွက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်အမှတ်တရလက်ဆောင်ကုန်ပစ္စည်းအမျိုးမျိုးတို့ အရောင်းပြပွဲကိုလည်း ဥယျာဉ် အတွင်းရှိ ထင်းရှူးတောမျက်နှာစာတွင် တမူထူးခြားစွာ ပါဝင်ရောင်းချပေးသွားမည် ဖြစ်ကြောင်းနှင့် နှစ်စဉ်ပါဝင်မြဲဖြစ်သော ပြင်ဦးလွင်ဒေသထွက် ဝိုင်အမျိုးမျိုး၊ ဆွယ်တာ၊ မက်မန်း၊ နေကြာစသည့် ဒေသခံဆိုင်များလည်း ဆက်လက် တည်ခင်းရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်ပန်းပွဲတော်၏ လှပရှုချင်စဖွယ်ကောင်းသော သရုပ်ဖော်ရုပ်လုံးရုပ်ကြွပြကွက်များ၊ ဝေဝေဆာဆာ ရောင်စုံပန်းခင်းကြီးများ၊ သဘာဝသစ်တောကြီးများအတွင်း ပျော်ပါးမြူးတူးလျက်ရှိသော ကျေးငှက်သာရကာများ၊ အဆင့်ဆင့်သော ရေကန်ကြီးများနှင့် ရေပျော်သတ္တဝါတို့၏ အလှကိုအမိအရ လှလှပပ ရိုက်ယူပုံဖော်ပေးနိုင်မည့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကိုလည်း စတုတ္ထအကြိမ်အဖြစ် ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၁၂ ကြိမ်မြောက် ပြင်ဦးလွင် ပန်းပွဲတော်ကို သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအား အထောက် အကူပြုနိုင်စေရန်၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ သဘာဝအလှနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှုအား လာရောက်လည်ပတ်သူများ ပိုမိုသိမြင်တန်ဖိုးထားနိုင်စေရန်၊ ပြင်ဦးလွင်မြို့၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူပြုစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ဧရာဝတီတိုင်းဒေသကြီး၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်



ဓာတ်ပုံ- တင်စိုး

**ရန်ကုန် နိုဝင်ဘာ ၂၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် နိုဝင်ဘာ ၂၅ ရက်က ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးဝင်းဌေး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးလိုက်ပါလာလျက်ဧရာဝတီတိုင်းဒေသကြီး အတွင်း ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် ဆောင်ရွက်မည့်ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေးမျက်နှာမြို့နယ်ရှိ ထူပါရုံဘုရားကမ်းပြိုကမ်းထိန်း စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိလာရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီမြစ်ကြီးသည် ၂၀၀၀ ကီလိုမီတာကျော်ရှည်လျားသည့် မြစ်ကြီးဖြစ်၍ နုန်းတင်အနည်ပို့ချမှုနှင့် ကမ်းပြိုမှုအများဆုံးဖြစ်ပွားသည့် မြစ်ကြီးလည်း ဖြစ်ကြောင်း၊ သို့သော်လည်း ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကမ်းထိန်းကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ပိုမိုအလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဓနုဖြူမြို့နယ်ရှိ မရမ်းချောင်းကျေးရွာ ကမ်းထိန်းလုပ်ငန်းနှင့် စံကင်းကျေးရွာ ကမ်းထိန်းလုပ်ငန်း၊ ညောင်တုန်းမြို့နယ် ကမ်းထိန်းလုပ်ငန်းများသို့လည်း သွားရောက်ကာ လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

“ဧရာဝတီတိုင်း ဒေသကြီးမှာ ပြည်ထောင်စု အရေးပေါ်ရန်ပုံငွေနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းနှစ်ခုကတော့ လေးမျက်နှာမြို့နယ်ရှိ ထူပါရုံဘုရားကမ်းပြိုကာကွယ်ရေးလုပ်ငန်းနဲ့ ဓနုဖြူမြို့နယ် မရမ်းချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေ ဖြစ်ပါတယ်။ ထို့အပြင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေနဲ့ ဆောင်ရွက်မယ့် လုပ်ငန်း ၁၁ ခု နဲ့ တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေနဲ့ဆောင်ရွက်မယ့်လုပ်ငန်းသုံးခု စုစုပေါင်းလုပ်ငန်း၁၆ ခုဖြစ်ပါတယ်၊ မိုးမကျမီ၊ ရေမတက်ခင်လုပ်ငန်းတွေ ပြီးစီးအောင် လုပ်ကိုင်သွားမှာပါ၊ အခုအခါ အကြိုအင်ဂျင်နီယာလုပ်ငန်းတွေလည်းစတင်လုပ်ဆောင်နေပြီဖြစ်ပါတယ်၊ ဧရာဝတီတိုင်းဒေသကြီးမှာ သဲဆန်တဲ့ ကမ်းပါးတွေဖြစ်တဲ့အတွက် ကမ်းပြိုမှုတွေလည်း နှစ်စဉ်များပြားလျက်ရှိပါတယ်”ဟု ရေအရင်းအမြစ်မှ ညွှန်ကြားရေးမှူးဦးဝင်းလှိုင်က ပြောသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စာရင်းများအရ တိုင်းဒေသကြီးအတွင်း ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများမှာ ပြည်ထောင်စု အရေးပေါ်ရန်ပုံနှင့် ဆောင်ရွက်မည့် လုပ်ငန်းနှစ်ခုအတွက် ငွေကျပ်သန်း ၃၃၆၁ ဒသမ ၇၅၀၊ တိုင်းဒေသကြီးအစိုးရရန်ပုံ ငွေဖြင့်လုပ်ငန်း ၁၁ ခုအတွက် ငွေကျပ် ၄၂၃၃ ဒသမ ၁၁၇ သန်း၊ တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းသုံးခုအတွက် ငွေကျပ်သန်း ၁၀၅၀ ဒသမ ၉၄၀ စုစုပေါင်းလုပ်ငန်း ၁၆ ခု အတွက် ငွေကျပ် သန်းပေါင်း ၈၆၄၅ ဒသမ ၈၀၇ သန်း သုံးစွဲသွားရန် လျာထားကြောင်း သိရသည်။

**မြင့်မောင်စိုး**

# မြန်မာ-ထိုင်း ချစ်ကြည်ရေး ပိုလိုသရုပ်ပြပွဲ မြန်မာ့မြင်းရေး ၁၇ပါးဖြင့် စီးနင်းမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ထိုင်း-မြန်မာချစ်ကြည်ရေး ပိုလိုသရုပ်ပြပွဲကို နှစ်နိုင်ငံချစ်ကြည်စွာ သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့ကျိုက္ကဆံအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပိုလိုသရုပ်ပြပွဲ ပြုလုပ်ရခြင်းမှာ မြန်မာနိုင်ငံသမိုင်းတွင် တောင်ငူမင်းဆက်မှစ၍ ဂူလီရိုက်ခြင်းဟုခေါ်သော ပိုလိုအားကစားနည်းတည်ရှိခဲ့ခြင်း၊ ဗြိတိသျှလက်အောက်တွင်ရှိစဉ် ဝေလမင်းသားသည် မန္တလေးမြို့တွင်ပိုလိုကစားခဲ့ခြင်း၊ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် ပိုလို အားကစားနည်း တွင်ကျယ်စွာ ကစားခဲ့ခြင်းစသည့် သမိုင်းအစဉ်အလာများရှိခဲ့သောကြောင့်ဖြစ်သည်။ ယင်းသရုပ်ပြပွဲကို Thai Polo Association, King Power, Air Asia, Commercial Bank နှင့် မြန်မာနိုင်ငံမြင်းစီးအားကစား အဖွဲ့ချုပ်တို့က အဓိကကူညီပံ့ပိုးသွားမည်ဖြစ်ပြီး ပိုလိုသရုပ်ပြပွဲတွင် Old Siam နှင့် Old Rangoon နှစ်သင်းမှ ပြိုင်ပွဲအသွင်ရုပ်ပြယှဉ်ပြိုင်သွားမည်ဖြစ်သည်။

သရုပ်ပြပွဲတွင် မြန်မာ့မြင်းစီးအကျော်အမော်များက မြန်မာ့မြင်းရေး ၁၇ပါးကို သရုပ်ပြစီးနင်းပြသသွားမည်ဖြစ်ပြီး အများပြည်သူသို့ အခမဲ့ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းအောင်ရှိန်**

# မိတ္ထီလာမြို့နယ်၌ စက်ပြင်၊ စက်မောင်းသင်တန်းဖွင့်

**မိတ္ထီလာ နိုဝင်ဘာ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် ကျေးလက်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စက်ပြင်၊ စက်မောင်းသင်တန်းကို နိုဝင်ဘာ ၂၇ ရက်က ယင်းသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကုန်းတောင်းကျေးရွာ၊လူးခင်းကြီးကျေးရွာ၊နွားစမ်းတောင်ကျေးရွာနှင့် အင်းပက်လက်ကျေးရွာများမှ လူငယ်များတက်ရောက်ခဲ့ပြီး သင်တန်းတွင် စက်ပစ္စည်းအခေါ်အဝေါ် ဝေါဟာရများ၊ Timing and Adjustment၊ ရက်ခက်ခြင်း၊ အခြေခံဒီဇိုင်းစသည့် ဘာသာရပ်များကို နိုဝင်ဘာ ၂၇ ရက်မှ စတင်၍ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၆ ရက်အထိစာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းဖွင့်လှစ်

**ရေတာရှည် နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ကျေးလက်ဒေသနေ တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်ခြင်းအပြင် စီးပွားရေးအရ တွက်ခြေကိုက်သည့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကိုပါ ဒေသအနှံ့အပြား၌ လုပ်ကိုင်လာကြသည်ကိုတွေ့ရှိရသည်။

နေ့စဉ်အစာအာဟာရလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော မွေးမြူရေး လုပ်ငန်းများ အားကောင်းလာသည့် အချိန်တွင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနများက မွေးမြူရေးဆိုင်ရာဗဟုသုတများအသိပညာ ကြွယ်ဝလာစေရန် ကျေးလက်ဒေသနေသူများအတွက် သင်တန်းများဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း မြို့နယ် တိ/ မွေး/ ကု ဦးစီးဌာနရုံး၌ နိုဝင်ဘာ ၂၇ ရက်က အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သား (CAHW) သင်တန်းဖွင့်ပွဲတွင် တောင်ငူခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဒေါက်တာ အက်စ်တာက ပြောကြားခဲ့သည်။ ငါးရက်ကြာဖွင့်လှစ်သင်ကြားမည့် သင်တန်း၌ သင်တန်းသား ၂၅ဦးတက်ရောက်လျက်ရှိပြီး ကျေးလက်ဒေသများရှိ မွေးမြူရေးလုပ်ငန်းများတွင် တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ရောဂါကာကွယ်ရေးနှင့် နိုင်ငံလုံးဆိုင်ရာ တိရစ္ဆာန်အကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာများကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**ကိုလှင်(ဆွာ)**

နိုင်ငံသာယာဝပြောဖို့၊
သဘာဝတောတွေ ထိန်းသိမ်းစို့။

# လမ်းပေါ်က အရေးပေါ်လူနာကို ကူညီပေးကြပါ

**တက္ကသိုလ် ဇော်ထူးဦး**

မြန်မာလူမျိုးများသည် ပင်ကိုအားဖြင့် ကူညီလိုသည့် ပရဟိတစိတ် ရှိကြပါသည်။ သို့သော်လည်း မဝံ့မရဲနှင့် ကူညီသင့် မသင့် ဆုံးဖြတ်ချက်ချရန် ခက်ခဲသော အခြေအနေမျိုးလည်း ရှိကြသည်။ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရမှုများတွင် ကူညီသင့် မသင့် ဝေခွဲမရဖြစ်ကြသည်။ အထူးသဖြင့် လမ်းပေါ်၌ မော်တော်ယာဉ်တိုက်မှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ အခြားဘေးအန္တရာယ် တစ်ခုခုကြောင့် ထိခိုက်မှုများတွင် လူနာအား ကူညီရမည်ကို ဝန်လေးနေတတ်ကြသည်။

စေတနာ့ဝန်ထမ်း ဆောင်ရွက်နေသူများသည်ပင် ကူညီရန်ကို စဉ်းစားနေတတ်ကြသည်။ ကူညီလိုက်သည့်အတွက် အမှုအခင်းတွင် သက်သေအဖြစ် လိုက်ပေးရသည့်ဒုက္ခ၊ ရဲတာဝန်ရှိသူများက ခဏခဏ လာရောက်မေးမြန်းလာသည့်ကိစ္စ၊ တရားရုံးက ဆင့်ခေါ်သည့်ကိစ္စ စသည်ဖြင့် ကြုံတွေ့ခဲ့ကြရသည်။ လမ်းပေါ်မှာ လူနာတွေ့လျှင်ပင် ဆေးရုံ၊ ဆေးခန်းပို့ပေးရန် ဝန်လေးကာ ရှောင်ကွင်းပြီး မသိချင်ယောင်ဆောင်သွားကြသည့် ယာဉ်မောင်းများလည်း ရှိနေသည်။ အမှု မပတ်လိုကြ၊ အလုပ်အကိုင် မပျက်လိုကြပါ။

အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် အရေးပေါ်လူနာများကို အချိန်မီ ကူညီစောင့်ရှောက်ပြီး ဆေးဝါးကုသပေးနိုင်ရန် ဥပဒေတစ်ရပ်ကို ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းထားသည်။ ထိုဥပဒေတွင် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ် လူနာကို တွေ့ရှိသူသည် ၎င်းလူနာကို မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦး၏ အကူအညီရယူ၍ဖြစ်စေ အရေးပေါ် ကူညီစောင့်ရှောက်ပေးရန် တာဝန်ရှိသည်ဟု ဖော်ပြထားသည်။

ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာ၏အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် ယာဉ်တစ်မျိုးမျိုးကြောင့် သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့် သော်လည်းကောင်း လူ၏ အသက်ကိုဖြစ်စေ၊ ကိုယ်ခန္ဓာအစိတ်အပိုင်းကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ ထိခိုက်မှုဖြစ်စေသည့် ဒဏ်ရာရရှိသူကို ဆိုလိုကြောင်း ဖော်ပြထားသည်။ သို့ဖြစ်၍ မိမိပတ်ဝန်းကျင်နှင့် သွားလာ လုပ်ကိုင်ရင်း ထိုသို့သော လူနာကို တွေ့နိုင်ကြမည် ဖြစ်သည်။

သင်သည် လူနာကို ကူညီပေးနိုင်သော်လည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ ဖြစ်ချင်မှ ဖြစ်မည်။ သို့သော်လည်း ဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်ခြင်းမပြုမီ၊ ရှေးဦးသူနာပြုစုနည်း တတ်မြောက်ပါက ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုပေးခြင်းနှင့် ရွှေ့ပြောင်းပေးခြင်းကို ဆောင်ရွက်ရမည်။ ရှေးဦးသူနာပြုစုနည်း တတ်မြောက်ခြင်း မရှိပါက ဒဏ်ရာအခြေအနေနှင့် လျော်ညီသော ပြုစုစောင့်ရှောက်မှုကို ပေးရမည်။ ထို့နောက် ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ရမည်။

အချို့သော ထိခိုက်ဒဏ်ရာရရှိမှုများသည် မှုခင်းနှင့် သက်ဆိုင်နေပါက မိမိ ကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ တာဝန်ရှိသူမှ တစ်ဆင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ရဲစခန်း သို့မဟုတ် ရဲကင်းသို့ သတင်းပို့ရမည်ဖြစ်သည်။ မှုခင်းနှင့် ဆက်နွှယ်နေပါက ဖြစ်ပွားသည့် ဖြစ်စဉ်နှင့် သက်သေအထောက်အထားများကို ခြေရာ၊ လက်ရာ မပျက်စေရန် အမှတ်အသားများ ပြုလုပ်ရန် လိုအပ်သည်။ လမ်းမပေါ်မှ ယာဉ်တိုက်မှုတစ်ခုတွင် လူနာကို မရွှေ့ ပြောင်းမီ၊ အခင်းဖြစ်ပွားသည့် အနေအထား၊ လူနာ လဲကျနေသည့် နေရာတို့ကို မှတ်သားပြီးမှ ရွှေ့ပြောင်း သယ်ယူသင့်သည်။



**“အချို့သော ထိခိုက်ဒဏ်ရာရရှိမှုများသည် မှုခင်းနှင့် သက်ဆိုင်နေပါက မိမိကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ တာဝန်ရှိသူမှတစ်ဆင့် ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ရဲစခန်း သို့မဟုတ် ရဲကင်းသို့ သတင်းပို့ရမည်ဖြစ်သည်၊ မှုခင်းနှင့် ဆက်နွှယ်နေပါက ဖြစ်ပွားသည့် ဖြစ်စဉ်နှင့် သက်သေအထောက်အထားများကို ခြေရာ၊ လက်ရာမပျက်စေရန် အမှတ်အသားများ ပြုလုပ်ရန်လိုအပ်သည်။ လမ်းမပေါ်မှ ယာဉ်တိုက်မှုတစ်ခုတွင် လူနာကိုမရွှေ့ ပြောင်းမီ၊ အခင်းဖြစ်ပွားသည့် အနေအထား၊ လူနာ လဲကျနေသည့်နေရာတို့ကို မှတ်သားပြီးမှ ရွှေ့ပြောင်း သယ်ယူသင့်”**

လက်ရှိပြဋ္ဌာန်းထားသော ဥပဒေတွင် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို တွေ့ရှိသူသည် ၎င်းလူနာကို အရေးပေါ် ကူညီစောင့်ရှောက်မှုပေးနိုင်ခြင်း မရှိပါက အနီးဆုံး ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ သင့်လျော်သော နည်းလမ်းဖြင့် ပို့ဆောင် ပေးရမည်။ ထို့အပြင် အနီးဆုံးရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ ဖြစ်စေ၊ အနီးဆုံး ရဲစခန်း သို့မဟုတ် ရဲကင်းသို့ဖြစ်စေ၊ အနီးဆုံး မီးသတ်စခန်းသို့ဖြစ်စေ၊ အရေးပေါ် ဆက်သွယ်နိုင်သော ဖုန်းနံပါတ်များသို့ဖြစ်စေ သင့်လျော်သောနည်းလမ်းဖြင့် အကြောင်းကြားပေးရမည်ဟု ဖော်ပြထားသည်။

ယခင်က ယာဉ်တိုက်မှု၊ ရိုက်နှက်မှု၊ အဆိပ်သောက်မှု၊ ရေနစ်မှု စသည်တို့ကြောင့် လူနာ သို့မဟုတ် ရုပ်အလောင်းကို ဆေးဘက်ဆိုင်ရာ ရဲမှုခင်းဌာနရှိသော ရန်ကုန်ဆေးရုံကြီး သို့သာ ပို့ရသည်။ ကူညီသူများအနေဖြင့် ရန်ကုန်မြို့တွင်း မည်သည့်နေရာတွင်ဖြစ်ဖြစ် နီးစပ်ရာဆေးရုံသို့ ပို့ပေးသော်လည်း ယင်းမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးကိုသာ လွှဲပြောင်း ပို့ဆောင်ပေးရသည်။ အခုအချိန်တွင် ဆေးရုံအတော်များများသို့ ပို့ဆောင်နိုင်ပြီဖြစ်သည်။ ထိုအချိန်က လူနာတင်ယာဉ် များများစားစား မရှိသည့်အတွက် ရရာ မော်တော်ယာဉ် အငှားယာဉ်များကို အားကိုးရသည်။ ယာဉ်မောင်းများကလည်း လိုလိုလားလား လိုက်ပို့ကြသည်။ နောက်ပိုင်းတွင် လမ်းပေါ် ထိခိုက်လူနာတွေ့လျှင်ပင် မသိကျိုးကျွန်ပြုကာ ရှောင်လွှဲသွားကြသည်။ ရုံးရောက်၊ ရဲစခန်းရောက် အမှုမရှုပ်လိုကြပေ။ ယခုတော့ သူနာတင်ယာဉ်များ၊ ကူညီသူများ ပေါ်များနေပါပြီ။

အဆိုပါ အခြေအနေနှင့်ပတ်သက်၍ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာဆိုင်ရာ ကိစ္စရပ်သည် ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုဖြစ်ပါက ယင်းမှုခင်းနှင့်စပ်လျဉ်း၍ ရဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို တွေ့ရှိသူအားလည်းကောင်း၊ အရေးပေါ် ကူညီစောင့်ရှောက်မှု ပေးသူအား လည်းကောင်း၊ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်သူအား လည်းကောင်း စုံစမ်းစစ်ဆေးရန် လိုအပ်ပါက ယင်းအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် နည်းလမ်းဖြင့် စီစဉ် ဆောင်ရွက်ရမည်။ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သူ မည်သူ့ကိုမျှ ယင်းသို့ ဆောင်ရွက်သည့် အကြောင်းကြောင့် တရားစွဲဆိုခြင်း၊ အရေးယူခြင်း မပြုရဟု ဖော်ပြထားသည်။

ယာဉ်တိုက်မှု၊ ယာဉ်မှောက်မှုနှင့် အခြား ထိခိုက်ဒဏ်ရာရရှိမှုများကြောင့် လူနာကို တွေ့ရှိပါက လူနာကို ဆေးရုံ၊ ဆေးခန်း အရင်ပို့ရမည်လား၊ ရဲကို အရင် အကြောင်းကြားပြီး ရဲရောက်မှ ပြုစုကူညီပေးရမည်လား၊ ကူညီမည့်သူတို့ မဆုံးဖြတ်နိုင်ကြသည့်အတွက် လူနာမှာ မသေသင့်ဘဲ အသက်ဆုံးရှုံးကြရသည်။ ယခု ပြဋ္ဌာန်းသော ဥပဒေတွင် မည်သူမဆို ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ် လူနာကို ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ သော်လည်းကောင်း၊ အရေးပေါ် ကူညီစောင့်ရှောက်မှု ပေးသူထံသော်လည်းကောင်း၊ ပို့ဆောင်ရန်ဖြစ်စေ အခြားလိုအပ်သော အကူအညီ ဖြစ်စေ တောင်းခံပါက ကူညီရန် တာဝန်ရှိသည်။ မည်သူမဆို ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ဆေးရုံ သို့မဟုတ် ဆေးခန်းသို့ အချိန်မီ သယ်ယူ ပို့ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေရန် တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းပြုကြောင်း၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်ပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြထားသည်။

ထိခိုက်ဒဏ်ရာရလူနာကို ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများက လက်ခံကုသရန် ဝန်လေးတတ်ကြသည်။ စေတနာ့ဝန်ထမ်း လူနာလာပို့သူများကိုပင် အော်ဟစ် ငေါက်ငမ်းကြသည်။ ဖြစ်နိုင်လျှင် အစိုးရဆေးရုံကိုသာ ပို့ကြပါ။ ဆေးရုံ၊ ဆေးခန်းများတွင် အရေးပေါ်လူနာနှင့်ပတ်သက်၍ တာဝန်ရှိမှုကို ဖော်ပြထားသည်။ ထိခိုက် ဒဏ်ရာရရှိသော အရေးပေါ်လူနာ တွေ့ရှိကြောင်း အကြောင်းကြားချက်ကို လက်ခံ ရရှိလျှင် မိမိဆေးရုံ သို့မဟုတ် ဆေးခန်းတွင် ကုသနိုင်ရေးအတွက် လိုအပ်ချက်များ ပြည့်စုံစွာ စီစဉ်ထားခြင်း၊ အရေးပေါ် မဟုတ်သော လူနာများထက် ဦးစားပေး၍ ကုသခြင်း၊ ဆေးရုံ သို့မဟုတ် ဆေးခန်း၏ အဆင့်နှင့်အညီ အမြန်ဆုံးနှင့် အထိရောက်ဆုံး ကုသမှုပေးခြင်းနှင့် လိုအပ်ပါက သက်ဆိုင်ရာ အဆင့်မြင့်ဆေးရုံသို့ စနစ်တကျ လွှဲပြောင်းပေးခြင်း၊ မှုခင်းနှင့် သက်ဆိုင်ပါက ရဲစခန်းသို့ ဆောလျင်စွာ အကြောင်းကြားခြင်း၊ ပုဂ္ဂလိကဆေးရုံ သို့မဟုတ် ဆေးခန်းဖြစ်ပါက မှုခင်းနှင့် သက်ဆိုင်သည့် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို လိုအပ်သော ကုသမှုများ ဆောင်ရွက်ပြီးသည်နှင့် သက်ဆိုင်ရာ အစိုးရဆေးရုံ သို့မဟုတ် ဆေးခန်းသို့ ဆေးမှတ်တမ်း အပြည့်အစုံဖြင့် အချိန်မီ လွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ရန် တာဝန်ရှိကြသည်။

အလားတူ သက်ဆိုင်ရာ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များသည်လည်း ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာနှင့် ပတ်သက်ပြီး ဆောင်ရွက်ရန် တာဝန်များကိုလည်း အဆိုပါဥပဒေတွင် ဖော်ပြထားကြောင်း တွေ့ရသည်။ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (၅၃) ဖြင့် ပြဋ္ဌာန်းခဲ့သော နိုင်ငံတော်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ထိခိုက် ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အချိန်မီ ကူညီစောင့်ရှောက်ခြင်းနှင့် ဆေးကုသခြင်းဆိုင်ရာ ဥပဒေသည် အသက်ဝင်လျက်ရှိမည်ဆိုပါက မည်သူမဆို ထိခိုက် ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခွင့်ရမည်သာ ဖြစ်ပေသည်။ ။

## စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကျင့်စဉ် (GAP Guideline) နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရောင်းချရေး နှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် အန္တရာယ်ကင်းရှင်းကာ အရည်အသွေးပြည့်ဝကောင်းမွန်သော သီးနှံများစိုက်ပျိုးထုတ်လုပ်ပြီး ဈေးကွက်တင်ပို့ရောင်းချနိုင်ရေးအတွက် မြန်မာ့ GAP နည်းပညာလက်စွဲ (GAP Protocol)အား အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၊ ထုတ်ကုန်အရည်အသွေး ပြည့်ဝကောင်းမွန်ရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းရေးကဏ္ဍနှင့် လုပ်သားများ၏ ကျန်းမာရေးနှင့် လူမှုဘဝသာယာဝပြောရေးကဏ္ဍ စသည့် ကဏ္ဍကြီးလေးရပ်ပေါ်မူတည်၍ ပြုစုရေးဆွဲခဲ့ပြီး အများပြည်သူသိရှိနားလည်စေရေးအတွက် အသိပေးကြော်ငြာခြင်း အခမ်းအနားကို နေပြည်တော် Man Myanmar Hotel ၌ နိုဝင်ဘာ ၁၀ ရက်တွင် အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံးစားသုံးသီးနှံနှင့် ပြည်ပပို့ကုန်အများဆုံးသီးနှံများဖြစ်သည့် သရက်၊ ကျွဲကော၊ သခွားမွှေး၊ ဖရဲ၊ ထောပတ်သီး၊ ငရုတ်၊ ခရမ်းချဉ်၊ ကြက်သွန်နီ၊ ဂေါ်ဖီထုပ်၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ (ပဲတီစိမ်း၊ မတ်ပဲ၊ ပဲလွမ်း)၊ နှမ်း၊ မြေပဲ၊ စပါးနှင့် ကော်ဖီ စသည့်သီးနှံ ၁၅ မျိုးတို့၏ GAP ကျင့်စဉ်များအား ထုတ်ပြန်ဆောင်ရွက်ထားရှိပြီး ဖြစ်သည်။

အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသော သီးနှံများ စားသုံးနိုင်ရန်နှင့် ပြည်တွင်း ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်အတွက် တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအနေဖြင့် မြန်မာ့စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်စဉ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်လျက်ရှိသည်။

သို့ဖြစ်၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း ကျင့်စဉ်များ (GAP Guideline) ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နည်းပညာအကူအညီများ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

သီးနှံအလိုက် GAP ကျင့်စဉ်များအား စိုက်ပျိုးရေးဦးစီးဌာန၏ website www.doa.gov.mm နှင့် Facebook page www. facebook.com/d oamoali တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးများနှင့် ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ (ရုံးချုပ်) ဖုန်းနံပါတ် ၀၆၇- ၄၁၀၀၄၇၊ ၄၁၀၅၂၅၊ ၄၁၀၃၈၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**



# ဆုပန်ထွာက ဗီလိန်ဇာတ်ရုပ်များ ရိုက်ကူးရခြင်းကို နှစ်သက်

ရုပ်သံဇာတ်လမ်းတွဲ မနေ့ကဖြစ်သည်၏ ဒုတိယအတွဲရိုက်ကူးမှုတွင် ဆုပန်ထွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရှိရသည်။ ယင်းဇာတ်လမ်းတွဲကို TAURUS: V PRODUCTION နှင့် MRTV-4 Channel တို့ ပူးပေါင်းဖန်တီးခြင်း ဖြစ်သည်။

အဆိုပါ ဇာတ်လမ်းတွဲသည် ဆုပန်ထွာအတွက် ဒုတိယမြောက်ဇာတ်လမ်းတွဲဖြစ်ပြီး ယင်းဇာတ်ကားတွင် ဗီလိန်ကာရိုက်တာအဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ "ဒီဇာတ်လမ်းတွဲက ပထမကတည်းက ပရိသတ်ကြိုက်ပြီး အောင်မြင်ပြီးသား ဇာတ်လမ်းပါ။ ဒီလိုဇာတ်လမ်းတွဲအတွက် ကျွန်မကို လာကမ်းလှမ်းတာဆိုတော့ ကျွန်မလည်းအလွန်ဝမ်းသာပါတယ်၊ Season-2 မှာ Season-1 က လူတွေ သိပ်မပါတော့ဘူး၊ ကျွန်မတို့ပါလာတယ်ပေါ့၊ ဒီဇာတ်လမ်းတွဲအတွက် အဝတ်အစားပိုင်းကိုသေချာပြင်ဆင်ခဲ့တယ်၊ ဒီဇာတ်ကားမှာကျွန်မအနေနဲ့ ကုမ္ပဏီတစ်ခုရဲ့ဒုတိယရှယ်ယာအများဆုံးပိုင်တဲ့ရှယ်ယာရှင် တစ်ယောက်အဖြစ် သရုပ်ဆောင်ရပါတယ်၊ ကာရိုက်တာ နာမည်ကတော့ ဒေါ်သီတာပေါ့၊ ရိုးရိုးအေးအေး ပုံစံမဟုတ်ဘဲ ခေတ်အလွန်ဆန်တဲ့ သူဌေးမပုံစံမျိုးဆိုတော့ အဝတ်အစားပိုင်းနဲ့ပတ်သက်ပြီး သေချာသတိထားပြင်ဆင်ရပါတယ်၊ အဝတ်အစားတွေကိုလည်း ဇန်ကောက်မှာ ဝယ်ခဲ့တယ်၊ နောက်ပြီး ဇာတ်လမ်းတွဲဆိုတော့ အချိန်လည်း သေသေချာချာလေးပေးရတယ်၊ ၄၆ရက်လောက်ရိုက်ကြရတယ်၊ ဒီဇာတ်ကားမှာ မပန်ရယ်၊ ကျော်ကျော်ဗိုလ်ရယ်က အပြိုင်သရုပ်ထားတာပါ၊ ဗီလိန်ဆန်တဲ့ ကာရိုက်တာနဲ့ ပရိသတ်တွေမပန်ကို မြင်တွေ့ကြရမယ်၊ ဗီလိန်ဆိုပေမယ့် မပန်ကတော့ ကြိုက်တယ်၊ နောက်ဆုံးမှာတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတယ်ဆိုတဲ့ ပုံစံလေးနဲ့ ဇာတ်သိမ်းသွားတယ်၊ မပန်အတွက် လုပ်ကွက်အများကြီးရှိတယ်။ ဆင်း (န်)တွေလည်း အများကြီးပါတယ်"ဟု ပြောသည်။

အဆိုပါ ဇာတ်လမ်းတွဲကို ၄၆ ရက်တာ ရိုက်ကူးမည် ဖြစ်ပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်း မယ်ခိုင်၊ ကျောင်းတော် သား ရေးသားပြီး ဒါရိုက်တာ သည်ခေတ်နေ ရိုက်ကူးပြီး သရုပ်ဆောင်များအဖြစ် ကျော်ကျော်ဗိုလ်၊ အောင်မင်း ခန့်၊ ခါရာ၊ တိုင်ရွှန်၊ ဆုပန်ထွာ၊ အေးမြတ်သူ၊ သံသာ မိုးသိမ့်၊ မင်းဘုန်းမြတ်နှင့် အနုပညာရှင်များပါဝင် ကြောင်း သိရသည်။

**ကိုလင်း**

# သံစာတ်ချို့တဲ့မှုအကြောင်း ပညာပေးသည့် အိန္ဒြာကျော်ဇင်နှင့် ချစ်သုဝေ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သံဓာတ်ချို့တဲ့မှုအားနည်းသော နိုင်ငံများတွင် တတိယမြောက်နိုင်ငံဖြစ်နေပြီး အဆိုပါ ရောဂါဝေဒနာများနှင့် ပတ်သက်ပြီး မည့်ကဲ့သို့နေထိုင်သင့်ကြောင်းကို နိုဝင်ဘာ ၂၇ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ဆူးလေဘုရားလမ်းရှိ ဆူးလေ ရှန်ဂရီလာ ဟိုတယ်တွင် ပြုလုပ်သော Nestile Myanmar မှ သရုပ်ဆောင် အိန္ဒြာကျော်ဇင်နှင့် ချစ်သုဝေတို့အား အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်သောပွဲတွင် ပြည်သူလူထုအသိပညာပေးအဖြစ် ပြောကြားခဲ့ကြသည်။



"ကျွန်မတို့ နိုင်ငံသာမကပါဘူး၊ ကမ္ဘာပေါ်မှာ ရှိကြတဲ့ နိုင်ငံတွေမှာရှိတဲ့ မိခင်တွေ၊ ရင်သွေးတွေ အားလုံးနဲ့ သက်ကြီးရွယ်အိုတွေမှာ သံဓာတ်ချို့တဲ့မှုတွေ ဖြစ်နေကြတယ်၊ မျှတတဲ့ အစားအသောက်နေထိုင်မှု အားနည်းကြလို့ဖြစ်ပါတယ်၊ ကျွန်မကိုယ်တိုင်တောင် တစ်ခါတစ်ရံသတိမထားမိတာလေးတွေ ရှိပါတယ်၊ ကျွန်မတို့ဆီမှာက ပြည်သူလူထုရော မိခင်နဲ့ သားသမီးတွေကပါ ကျန်းမာရေး အသိပညာပိုင်းလေ့လာမှုက အားနည်းကြတယ်၊ အဲဒါကြောင့် ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဂျာနယ်၊ စာစောင်တွေ၊ ပညာပေးအစီအစဉ်တွေကို သေသေချာချာလေ့လာကြပါ၊ ဖတ်ရှုကြပါ၊ ရင်သွေးတွေ လွယ်ထားတဲ့ မိခင်တွေအနေနဲ့လည်း မိမိရင်သွေးအတွက် သံဓာတ်ပြည့်ဝတဲ့ အစားအစာတွေကို စားသောက်ပါ" ဟု ပြောသည်။

အကယ်ဒမီ အိန္ဒြာကျော်ဇင်အနေဖြင့်လည်း ရင်သွေးနှစ်ဦး၏ မိခင်မို့ ကျန်းမာရေးနှင့် ပတ်သက်ပြီး အထူးဂရုစိုက်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင် ၁၀ ဦးတွင် ခုနစ်ဦးမှာ သံဓာတ်ချို့တဲ့သော ရောဂါဝေဒနာ ခံစားရသည်ဟု ဆရာဝန်များ၏ အသိပညာပေးမှုကို ပြန်လည်ဝေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိရင်သွေးများကို သံဓာတ်ပြည့်ဝသော ပဲအမျိုးမျိုးကို ကျွေးမွေးကြောင်း၊ အသားနှင့် အသည်းများကိုလည်း စနစ်တကျ ကျွေးမွေးကြောင်း၊ သူ့အနေနှင့် အနုပညာအလုပ်များကို လုပ်နေစဉ်တွင် မိမိကျန်းမာရေးအတွက် ဂရုမစိုက်မိသော အခါများရှိကြောင်း၊ မောပန်းနွမ်းနယ်ခြင်း၊ မကြာခဏ မူးဝေခြင်း စသည့် ရောဂါလက္ခဏာများ ခံစားရတတ်ကြောင်း၊ ယင်းလက္ခဏာများမှတစ်ဆင့် သွေးအားမနည်းစေရန် သတိပြုရကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**ကိုလင်း**



# နှလုံးသားထဲက စောမွန်လှ

သုံးနှစ်တာခန့်ပရိသတ်နှင့် ဝေးကွာနေသူ အဆိုတော် စိုးစန္ဒာထွန်းက တစ်ကိုယ်တော်ဖျော်ဖြေပွဲနှင့်အတူ တေးရေးနှလုံးသားရေးစပ်ထားသော "နှလုံးသားရဲ့စောမွန်လှ" အမည်ရသည့် စီးရီးကို ၂၀၁၈ ခုနှစ်တွင် ထွက်ရှိရန် ပြင်ဆင်နေကြောင်း သိရသည်။

"ဘာသာရေးဘက်ကို ဦးစားပေးပြီး တစိုက်မတ်မတ်လုပ်နေသောကြောင့် ဂီတအလုပ်တွေနဲ့ ဝေးကွာသွားခဲ့တာပါ၊ ပထမတော့ ရိုးရိုးပဲ ဘုရားရှိခိုးတာလောက်ပဲ လုပ်ဖြစ်ခဲ့တာပါ၊ နောက်ပိုင်း လုပ်ရင်းလုပ်ရင်းနဲ့ စိတ်လည်းအင်မတန်ကို အေးချမ်းလာတယ်၊ လူလည်းတည်ငြိမ်လာတာမို့ တရားတွေထိုင် ဖြစ်လာတယ်၊ အရင်ကထက်ပိုပြီး အချိန်တွေ များများပေးပြီးလုပ် ဖြစ်လာတယ်၊ အခုဆို နဂါးရုံဘုရားကြီးကို မိဘတွေအတွက်ရော ကိုယ့်အတွက်ပါရည်မှန်းပြီး တည်ထားနိုင်ခဲ့ပါတယ်၊ အနုပညာကနေရရှိတဲ့ ငွေကြေးနဲ့ပဲ လှူဖြစ်တာပါ၊ သီချင်းတွေကတော့ ဆိုဖြစ်ပါတယ်၊ ပွဲလင်းရာသီရောက်ရင်တော့ ပွဲတွေ ဆိုဖြစ်တယ်၊ ပရိသတ်နဲ့ အဆက်အသွယ်ပြတ်တာမျိုးတော့ မဟုတ်ပေမယ့် အစ်မအခွေအနေနဲ့တော့ မထွက်နိုင်ခဲ့ဘူး၊ အခုကတော့ တေးရေးနှလုံးသား တစ်ကိုယ်တော် ရေးစပ်တဲ့ "နှလုံးသားထဲက စောမွန်လှ" ဆိုတဲ့ ဘာသာရေး စီးရီးလေးထွက်ရှိဖို့ ပြင်ဆင်နေတယ်၊ အစ်မတော် စောမွန်လှရဲ့အကြောင်းလေးတွေကို ရေးသားထားတဲ့သီချင်းခွေလေးပါ၊ သူ့ရဲ့ မေတ္တာ တရားကြီးမားပုံတွေ၊ ဘာသာရေးကို လေးစားတဲ့ပုံစံလေးတွေကို ရည်ညွှန်းပြီး ဖွဲ့ဆိုထားတာလေးတွေပါမှာ ဖြစ်ပါတယ်၊ တစ်ကိုယ်တော် ဖျော်ဖြေပွဲကတော့ အချိန်ယူရဦးမယ်၊ သီချင်းတွေကိုလည်း သေချာရွေးချယ်နေတယ်၊ အရင်ကလုပ်ခဲ့တဲ့ ပုံစံတွေနဲ့လည်း ကွဲပြားချင်တာကြောင့်ပါ၊ ကျွန်မက မြန်မာသံတွေပဲ အဆိုများတာမို့ ပရိသတ်ကလည်း မြန်မာသံပရိသတ်တွေအတွက် သီးသန့်သီချင်းကောင်းလေးတွေ ထပ်လုပ်ချင်သေးတယ်လေ၊ တစ်ကိုယ်တော်ခွေ တစ်ခွေလောက် ထပ်ထွက်ပြီးမှပဲ ဖျော်ဖြေပွဲကိုလုပ်ချင်တယ်၊ လုပ်ဖြစ်ရင်လည်း နေရာကအစ သေချာစဉ်းစားနေရတယ်၊ ရန်ကုန်ဖြစ်မလား၊ မန္တလေးဖြစ်မလားဆိုတာကိုတော့ သေချာမသိသေးပါဘူး"ဟု ပြောသည်။

အဆိုတော် စိုးစန္ဒာထွန်းသည် မြန်မာသံ ဂီတလောကတွင်းသို့ ရောက်ရှိလာခဲ့သောအချိန်ကစပြီး ယနေ့အထိ အောင်မြင်မှုတွေကို ရရှိထားသူတစ်ဦးအဖြစ် မြန်မာသံဂီတလောက လူငယ်ပိုင်းတွင် စံထားလောက်သူတစ်ဦးလည်း ဖြစ်ခဲ့သည်။ သူ့အနေနှင့် ယနေ့ခေတ် မြန်မာသံဂီတကို သီဆိုကြသူ လူငယ်များကိုလည်း သီချင်းအဟောင်းဖြစ်စေ အသစ်ဖြစ်စေ လေးစားမှုရှိစွာနှင့် သီဆိုသင့်ကြောင်း၊ သီချင်းသစ်တွေကိုလည်း ပေါက်သည်ဖြစ်စေ၊ မပေါက်သည်ဖြစ်စေ ဖန်တီးနိုင်အောင် ကြိုးစားစေချင်ကြောင်း အမှတ်တရစကား ပြောကြား ခဲ့သည်။

**ကိုလင်း**

# သရဖူမဂ္ဂဇင်း နှစ် ၂၀ ပြည့် အမှတ်တရ Mr & Miss ပွဲ ဒီဇင်ဘာ ၉ ရက်တွင် ထပ်မံပြုလုပ်မည်

သရဖူမဂ္ဂဇင်း နှစ် ၂၀ ပြည့် Mr & Miss Crown ပြိုင်ပွဲကျင်းပရန် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို နိုဝင်ဘာ ၂၄ ရက်က တော်ဝင်ဂါးဒင်းဟိုတယ်တွင် ကျင်းပခဲ့သည်။ "လစဉ်လတိုင်းမှာလည်း Mr Crown/ Miss Crown ကို ရွေးချယ်ခဲ့ပါတယ်၊ ငါးနှစ်တစ်ကြိမ်မှာလည်း Mr Crown/ Miss Crown ဆိုပြီး ရွေးချယ်ခဲ့ပါတယ်၊ ဒီကလေးတွေ ရှက်ပုန်းသီးလေးတွေကို သူတို့မှာအရည်အချင်းတွေရှိတယ်၊ အသိပညာ အတတ်ပညာတွေရှိတယ်၊ သူတို့ရဲ့ ဆန္ဒလေးတွေကို ဖြည့်ပေးချင်တာလည်းပါတယ်"ဟု သရဖူမဂ္ဂဇင်း အယ်ဒီတာချုပ် ဒေါ်နန်းအိအိဇာက ပြောသည်။

သရဖူမဂ္ဂဇင်း နှစ် ၂၀ ပြည့်ပွဲ Mr & Miss Crown ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည့် Mr.Crown Top 15 တို့အား People Choice Award ချီးမြှင့်မည်ဖြစ်သောကြောင့် Crown Magazine Page ကို Like & Share ပြုလုပ်ပြီး မိမိကြိုက်နှစ်သက်ရာ ပြိုင်ပွဲဝင်ကို Like တစ်မျိုးတည်းသာနှိပ်ပြီး Voting ပေးနိုင်ကြောင်း၊ ပြိုင်ပွဲဝင်များကို ဒီဇင်ဘာ ၃ ရက် နောက်ဆုံးထားပြီး Voting များ ပေးနိုင်ကြောင်း သိရပြီး အဆိုပါ ပြိုင်ပွဲကို လာမည့်ဒီဇင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့ အမျိုးသား ဇာတ်ရုံတွင် ကျင်းပမည်ဖြစ်ရာ သရဖူမှ လစဉ် ရွေးချယ်ထားသော ပြိုင်ပွဲဝင်များမှ Mr & Miss Crown ကို ပြန်လည်ရွေးချယ်သွားမည်ဟု သိရသည်။

**ကိုလင်း**





# အညာအလှူပွဲ နှင့် ငါကဗိုလ်အောင်ဒင် ကြည့်ရှုခံစားနိုင်မည်

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) ရိုက်ကူးသည့် "ငါကဗိုလ်အောင်ဒင်" ရုပ်ရှင်ဇာတ်ကားကြီးကို ဒီဇင်ဘာ ၁ ရက်တွင် စတင်ရုံတင်ပြသသွားမည်ဟု သိရသည်။ အဆိုပါ ဇာတ်ကားတွင် သရုပ်ဆောင် ပြေတီဦး၊ မင်းမော်ကွန်း၊ အိချောပို၊ ချူး၊ မုဏ်း၊ ခင်လှိုင်၊ တက္ကသိုလ် ဂွမ်းပုံတို့နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

"ဂဏန်းအမည်နှင့် ပြေတီဦး၊ ဖေချစ်အမည်ဖြင့် မင်းမော်ကွန်း၊ ဆရာမလေးအဖြစ် အိချောပို၊ မမြဝင်းအဖြစ် ချူးလေး၊ ဒေါ်ပြုံးအဖြစ် ဝါဝါအောင်နှင့် လူမိုက်ဆင်ကြီးအဖြစ် ခင်လှိုင်တို့က ပါဝင်ထားကြသည်။ အညာဒေသတစ်ခု၏ အလှူပွဲများနှင့် ပျော်စရာကောင်းသော ဓလေ့ထုံးတမ်းအစဉ်အလာများကို ကြည့်မြင် ခံစားကြရမည်ဖြစ်ပြီး ဂဏန်းနှင့် ဖေချစ်တို့ ဆရာမလေးကို အလုအယက်အပြိုင်အဆိုင် ပိုးပန်းကြပုံကို ရိုက်ကူးထားသော ဟာသဇာတ်ကား"ဟု ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) က ပြောသည်။

**ပြေတီဦး**

"ဇာတ်လမ်းတည်ထားတာကိုက ကထိန်ရာသီပေါ့၊ ကထိန်ရာသီမှာ အလှူခံကြတယ်၊ အလှူခံတဲ့သူတွေကျတော့လည်း ဒါဟာ ဘာသာရေးပါ၊ ပတ်ဝန်းကျင်က ကြာတော့ နားတွေ ပူလာတာ၊ ဒုက္ခတစ်ခုလိုဖြစ်လာတာ၊ အဲ့ဒီအမြင်လေးတွေအပေါ်မှာ ဒီဇာတ်လေး တစ်ခုကို အခြေခံပြီးတော့ ရိုက်ထားတာပါ၊ ကထိန်ရာသီမှာလည်း အဖွင့်အများဆုံးက ငါက ဗိုလ်အောင်ဒင် သီချင်းက အဖွင့်အများဆုံးဆိုတော့ ဒါကို ဇာတ်လမ်းတည်ထားတဲ့ သဘောလေးပါပဲ"

**မင်းမော်ကွန်း**

"ကျွန်တော်နဲ့ တီတီနဲ့က လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက တွဲပြီးတော့ သရုပ်ဆောင်ခဲ့ဖူးတဲ့ သူငယ်ချင်းတွေပါပဲ၊ အဲ့ဒီတော့ အပေးအယူကတော့ အများကြီးညှိစရာမလိုပါဘူး၊ အမှတ်တရ ဖြစ်တာကတော့ ဇာတ်ကားရိုက်နေစဉ်အတွင်းမှာလည်း ကျွန်တော်တို့ ပျော်ခဲ့ရပါတယ်၊ အကုန်လုံးညီညီညွတ်ညွတ်နဲ့ ကြိုးလည်း ကြိုးစားကြတယ်၊ ပင်လည်းပင်ပန်းခဲ့ကြပါတယ်၊ ဒါက သူ့နဲ့ကို သူ့ဇာတ်ညွှန်းထဲမှာရေးထားတဲ့ အထဲမှာကိုက ပါပြီးသားဆိုတော့ အဲ့ဒီလိုတွစ်လေးတွေကို သဘောကျပြီးတော့ လက်ခံဖြစ်ခဲ့တာပါ၊ ခဏတစ်ဖြုတ် ပရိသတ်တွေရဲ့ ဘဝအမောတွေပြေချင်ရင်တော့ ဒီဇာတ်ကားလေးကို လာကြည့်စေချင်တယ်"

**တက္ကသိုလ်ဂွမ်းပုံ**

"ပုဂံ- ညောင်ဦးလမ်းမပေါ်မှာဖွင့်ထားတဲ့ ထမင်းဆိုင်ပိုင်ရှင် ကြည်ပြာခင်နေရာက ပါဝင်သရုပ်ဆောင်ထားတာပါ၊ တစ်ရွာတည်းနေတဲ့ တီတီ့ကို တစ်ဖက်သတ်ကြိုက်ရတဲ့ သူတစ်ယောက်နေရာက ပါဝင်သရုပ်ဆောင်ထားတာပါ၊ ဒီဇာတ်ကားဟာ ရွာမှာ ကထိန်အလှူခံရင်း အပြိုင်အဆိုင်ဖြစ်ကာ တစ်ဖက်နဲ့တစ်ဖက် အနိုင်ယူကြတာကို ဟာသနှောကာ ရိုက်ကူးထားတဲ့ ဒရာမာဇာတ်ကားတစ်ကား ဖြစ်ပါတယ်"

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ



## ချစ်သူနဲ့လမ်းခွဲလိုက်တဲ့ အီမာဝပ်ဆန်

အီမာဝပ်ဆန်ဟာ နှစ်နှစ်ကျော်ကြာလက်တွဲလာခဲ့တဲ့ ချစ်သူ ဝီလီယံ မက်ခ်နိုက်နဲ့ လမ်းခွဲလိုက်ပြီပဲဖြစ်ပါတယ်။ ဟယ်ရီပေါ်တာဇာတ်လမ်းတွေနဲ့ ကျော်ကြားလာတဲ့ အီမာဝပ်ဆန်ဟာ သူ့ရဲ့ပုဂ္ဂိုလ်ရေးကို ထိခိုက်မခံတဲ့အနေနဲ့ သူ့ချစ်သူအကြောင်းကို ထုတ်ဖော်ပြောကြားလေ့မရှိပါဘူး။ ဒါပေမယ့်လည်း ရံဖန်ရံခါမှာတော့ လူထုရှေ့ကို စုံတွဲလိုက် ထွက်လာလေ့ရှိပါတယ်။ သူတို့နှစ်ဦးသားကို စုံတွဲလိုက် နောက်ဆုံးတွေ့လိုက်ရတာကတော့ မေလအတွင်းက နယူးယောက်မြို့မှာ တွေ့ခဲ့ရတာပဲဖြစ်ပြီး အဲဒီနောက်မှာတော့ သူတို့နှစ်ယောက် စုံတွဲခုတ်နေတာကို မတွေ့ရတော့ပါဘူး။ သူတို့နှစ်ယောက်လမ်းခွဲလိုက်တာနဲ့ ပတ်သတ်ပြီး မှတ်ချက်ပေးဖို့ သက်ဆိုင်ရာကိုယ်စားလှယ်တွေနဲ့ ဟယ်လိုမဂ္ဂဇင်းက ဆက်သွယ်မေးမြန်းခဲ့ပါတယ်။

အီမာဝပ်ဆန်နဲ့ မက်ခ်တို့ဟာ ၂၀၁၅ ခုနှစ်ကစတင်၍ ချစ်ခဲ့ကြတာဖြစ်ပြီး အစပိုင်းမှာတော့ ဟယ်ရီပေါ်တာမင်းသမီးဟာ သူ့ချစ်သူဘယ်သူလဲဆိုတာကို ထုတ်ဖော်မပြောခဲ့ပါဘူး။ ထူးခြားတာကတော့ အီမာဝပ်ဆန်ရဲ့ချစ်သူဟာ အနုပညာလောကထဲကမဟုတ်ဘဲ နည်းပညာကုမ္ပဏီမှာ အလုပ်လုပ်ကိုင်နေသူ တစ်ဦးလည်းဖြစ်တယ်။ သူတို့နှစ်ဦးဟာ မိဘများနဲ့လည်းတွေ့ပြီး အားလုံးအဆင်ပြေပြေ ဖြစ်နေတာပါပဲ။ မက်ခ်ရဲ့မိဘတွေကတော့ အီမာဝပ်ဆန်ကို သဘောကျကြပါတယ်။ ဒါပေမယ့်လည်း အီမာဝပ်ဆန်ဟာ အလုပ်များတဲ့အတွက် ခဏခဏတော့ မတွေ့ဖြစ်ဘူးလို့ ပြောပါတယ်။

ဒီစုံတွဲဟာ အခုမှကွဲတယ်လို့ ပြောနေပေမယ့် အမှန်တကယ်တမ်းမှာတော့ ၂၀၁၇ အစပိုင်းမှာကတည်းက လမ်းခွဲခဲ့ကြတယ်လို့ ယူဆရပါတယ်။ အီမာဝပ်ဆန်က သူ့ရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စကို သိုဝှက်လွန်းသူဖြစ်လို့သာ လူတွေ မရိပ်မိခဲ့ကြတာပါ။ အီမာဝပ်ဆန်ဟာ ဗြိတိန်က တော်ဝင်မင်းသား ဟယ်ရီက ချစ်ခွင့်ပန်ခဲ့တာကို ငြင်းဆန်ခဲ့တဲ့သူလို့လည်း နာမည်ထွက်ဖူးပါတယ်။ ဘာပဲပြောပြော အီမာဝပ်ဆန်ဟာ ဟောလိဝုဒ်နယ်ပယ်မှာ နားလည်ရခက်ပြီး ထူးခြားတဲ့သူလို့ နာမည်ကျော်ပါတယ်။

**ဟယ်လို**

## တောင်အာဖရိကမှ ကိုယ်ခံပညာဆရာမ မယ်စကြဝဠာ သရဖူဆောင်း



တောင်အာဖရိကမှ အမျိုးသမီးများ မိမိကိုယ်ကိုယ်ကာကွယ်နိုင်ရေး သင်ကြားပေးသော ဆရာမက အမေရိကန်နိုင်ငံ လာ့စ်ဗေးဂတ်စ်မြို့တွင် ကျင်းပလျက်ရှိသော မယ်စကြဝဠာ ပြိုင်ပွဲတွင် သရဖူဆောင်းနိုင်ခဲ့သည်။ ကိုလံဘီယာမယ်နှင့် ဂျာမေကာမယ်တို့မှာလည်း နောက်ဆုံးသုံးယောက်စာရင်း ဝင်နိုင်ခဲ့သည်။ မယ်စကြဝဠာ ပူပူနွေးနွေးဖြစ်သွားသူ ဒယ်မီ လိနယ်လ်ပီတာမှာ အသက် ၂၂ နှစ်အရွယ်ဖြစ်ပြီး ကိတ်ပ်ပြည်နယ် အနောက်ပိုင်းမှ လာရောက်ယှဉ်ပြိုင်သူလည်းဖြစ်သည်။ အနောက်မြောက်ပိုင်းတက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုပညာဖြင့် ဘွဲ့ရရှိထားသည်။ သူသည် မိမိကိုယ်ကိုယ်ကာကွယ်ရေးပညာရပ် သင်ကြားရခြင်းကို နှစ်သက်ရခြင်းမှာ သူတောင်အမေရိက အလှမယ်ဘွဲ့ရပြီးနောက် လုယက်ခံရမှုနှင့်ကြုံတွေ့ခဲ့ရပြီး ယင်းဖြစ်ရပ်ကြောင့် ကိုယ်လုံပညာ သင်ကြားရခြင်းကို ယခင်ကထက်ပို၍ နှစ်သက်လာရခြင်းဖြစ်ကြောင်း မယ်စကြဝဠာအဖွဲ့အစည်းသို့ ပေးပို့သော ဗီဒီယိုတွင် ဖော်ပြထားသည်။

First runner-up ဆုရရှိသူ ကိုလမ်ဘီယာမယ်မှာ လော်ရာဂွန်ဇဲလက်ဇ်ဖြစ်ပြီး အသက် ၂၂ နှစ်ဖြစ်သည်။ သူသည် အသက် ၁၆ နှစ်ကတည်းက ရုပ်ရှင်မင်းသမီးဖြစ်လာရေး ကြိုးစားနေသူတစ်ဦးလည်းဖြစ်သည်။ အနုပညာကျောင်းမှ ဘွဲ့ရရှိထားပြီး ရုပ်ရှင်လုပ်ငန်းဖြင့် အသက်မွေးနိုင်ရန် ဘိုဂိုတာသို့ ပြောင်းရွှေ့ခဲ့သည်။

Second runner-up ဆုရရှိသူ ဂျမေကာမယ်မှာ အသက် ၂၁ နှစ်အရွယ် ဒဗီနာ ဗန်နက်ထ်ဆိုသူဖြစ်ပြီး မော်ဒယ်တစ်ဦးလည်း ဖြစ်သည်။ အိန္ဒိယအနောက်ပိုင်းတက္ကသိုလ်တွင် တက်ရောက်နေသူလည်း ဖြစ်သည်။

**ရိုက်တာ**

ချိုး

## သထုံမြို့၌ ရွှေပြည်လမ်းညွှန်သက်ကြီးရွယ်အိုတရားရိပ်သာနှင့် ကုသိုလ်ဖြစ်ဆေးခန်းဖွင့်မည်

**သထုံ နိုဝင်ဘာ ၂၈**

မွန်ပြည်နယ် သထုံမြို့လိပ်အင်းရပ်ကွက် နေမိန္ဒရဘုရားလမ်း၌ အနယ်နယ် အရပ်ရပ်မှ စေတနာရှင်များအား ကျန်းမာရေး ဝန်ဆောင်မှုပေးရန်အတွက် နိုဝင်ဘာ ၃၀ ရက်မှစတင်ကာ ရွှေပြည်လမ်းညွှန် သက်ကြီးရွယ်အိုတရားရိပ်သာနှင့် ကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲကို ကျင်းပမည်ဖြစ်သည်။

ဖွင့်ပွဲ အထိမ်းအမှတ်အနေဖြင့် ဒီဇင်ဘာ ၂ ရက်အထိ အခမဲ့ဆေးကုသမှုပေးမည်ဖြစ်ရာ ပါမောက္ခ ဒေါက်တာ ဦးမြသိန်းဟန် (ဗိုလ်မှူးချုပ် အငြိမ်းစား) ဦးဆောင်သော အထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့က ဒေသအတွင်းရှိဝေဒနာရှင်များအား သုံးရက်တိုင်အခမဲ့ ကျန်းမာရေးစောင့်ရှောက်ကုသပေးသွားမည်ဖြစ်သည်။




အဆိုပါ အလှူရှင် ဦးကျော်ဝေမိသားစုသည် ရွှေပြည်လမ်းညွှန် အဆောက်အအုံမြေ နေရာအပြင် သက်ကြီးရွယ်အို တရားရိပ်သာနှင့် ကုသိုလ်ဖြစ် ဆေးခန်းတည်ဆောက်မှုများနှင့် ဆေးဝါးစောင့်ရှောက်မှုများအတွက် သိန်းပေါင်းတစ်ထောင်ကျော် လှူဒါန်းခဲ့သည်။

ပြီးခဲ့သည့် နှစ် ၂၀၁၆ ခုနှစ် မေ ၂၈ ရက်မှ မေ ၃၀ ရက်အထိ သုဝဏ္ဏဝတီမြို့၌ လူနာပေါင်း သုံးထောင်ကျော်အား ငွေကျပ်သိန်း ၁၅၀ ကျော်အခမဲ့ ဆေးဝါးကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည့်အပြင် လူမှုကူညီရေး အသင်းအတွက် မြေနှင့် ရုံးအဆောက်အအုံအပါအဝင် အရေးပေါ် လူနာတင်ယာဉ် သုံးစီးကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ အသက် ၁၀၁ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်စာတမ်းဖတ်

**မန္တလေး နိုဝင်ဘာ ၂၈**

ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၏ ၁၀၁ နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဆရာကြီး၏ တပည့်များက စီစဉ်၍ (၁၃၇၉ ခုနှစ် နတ်တော်လဆန်း ၈ ရက်) နိုဝင်ဘာ ၂၆ ရက်က မန္တလေးမြို့ ဘုရားကြီးမြင်းဝန်တိုက် အောင်ချမ်းသာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆရာမဒေါ်ခိုင်ယဉ်မွန် (လက်ထောက်ကထိက) မြန်မာစာဌာနက ဆောင်ရွက်ပြီး ဆရာကြီးဦးတင်မြင့် (အငြိမ်းစားမြန်မာစာ ပါမောက္ခ)က ဆရာကြီးဦးမောင်မောင်တင်အတွက် ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ ဆရာကြီးဒေါက်တာမောင်မောင်လေးက ဆရာကြီး ဦးမောင်မောင်တင်၏ ၁၀၁ နှစ် မြောက်မွေးနေ့ ဂုဏ်ပြုကဗျာ "ဆရာတင်ရမည့် ဆရာတင့်စွမ်းကဗျာ" ကို ရွတ်ဆိုဂုဏ်ပြုသည်။

ဆက်လက်၍ စာတမ်းရှင်များက စာတမ်းများ ဖတ်ကြားရာ ဆရာမ ခင်ခင်ဝင်း(ပညာရေး)က "မြန်မာ့ရိုးရာလက်ဝှေ့သမားများ၏ ထူးထူးခြားခြား အမည်များ"စာတမ်း၊ ဆရာကြီးဒေါက်တာလှအောင်တွဲဖက်ပါမောက္ခ မြန်မာစာဌာန မန္တလေးတက္ကသိုလ်က "ပါတော်မူပြီးစ မန္တလေးခေတ်အခြေအနေကို ထင်ဟပ်ပြနေသော အချုပ်တန်းဆရာဖေ၏ ကလိယုဂ်တေးထပ်များလေ့လာချက်"စာတမ်း၊ ဆရာကြီး ဦးနန်းလှိုင်(ပုရိသ)က"လူမျိုး ၁၀၁ ပါး"စာတမ်း၊ ဆရာဦးတင်မောင်စိုး (ရွှေပြည်)က "ပုဂံခေတ်နံရံဆေးရေး ပန်းချီဆွဲရန် နံရံပြင်ဆင်မှုများနှင့် ခြယ်သသောဆေးများ" စာတမ်း၊ ဆရာကြီး ဦးဝင်းမောင်(တမ္ပဝတီ)မြန်မာမှုဗိသုကာက "ပျူစောထီးမင်း၏ တလုပ်မြို့ဟောင်း စာတမ်း"၊ဆရာသင့်နော်က "မန္တလေးကို မေးခွန်းများဖြင့် ချဉ်းကပ်ခြင်း" စာတမ်း၊ ဆရာအောင်အောင် မွန်(မြတ်ဆုမွန်)က "သရေခေတ္တရာ ပျူဒေသ၏ ပရိယတ္တိ+ပဋိပတ္တိဓမ္မဟူသော ဗုဒ္ဓသာသနာတော်နှင့် အာသောကမင်းကြီး၏ သာသနာပြုအဖွဲ့တို့ ဆက်စပ်မှု အခြေအနေစာတမ်းကို ပဏ္ဏာမလေ့လာခြင်း" စာတမ်းတို့ကို အသီးသီး ဖတ်ကြားကြသည်။




ထို့နောက် ဆရာကြီးဒေါက်တာမောင်မောင်လေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## မွန်ပြည်နယ်၌ အနည်းဆုံးလုပ်ခကြေးငွေ သတ်မှတ်ရေးဆွေးနွေး

**ရေး နိုဝင်ဘာ ၂၈**

မွန်ပြည်နယ်အတွင်း အလုပ်သမား လုပ်ခအနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာဆွေးနွေးပွဲကို ရေးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၇ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ညွှန့်က အာဆီယံနှုန်းထားအတိုင်း သတ်မှတ်ပေးနိုင်ရေးကို နိုင်ငံတော်က စီစဉ်နေကြောင်း ထည့်သွင်းပြောကြားသည်။

ပြည်နယ်အလုပ်သမားဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ထွေးက အနည်းဆုံးအခကြေးငွေနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် နည်းဥပဒေအတိုင်း အခကြေးငွေပေးရာတွင် အလုပ်ရှင်နှင့် အလုပ်သမားအကြား မကျေနပ်မှုများရှိပါက အလုပ်သမားအနေဖြင့် နစ်နာမှု၊ ဆုံးရှုံးမှုများကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် တိုင်တန်းမှုပြုလုပ်နိုင်ကြောင်း ပြောသည်။



"အနည်းဆုံးအခကြေးငွေကို တစ်နေ့မှာ ၈ နာရီ အတွင်းငွေကျပ် ၄၀၀၀ မှငွေကျပ် ၄၈၀၀ အကြားမှာ သတ်မှတ်ပေးနိုင်ရေးကိုအနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဦးဆောင်မှုနဲ့ ဆက်လက်အတည်ပြုသွားနိုင်ရေးကို စီစဉ်ရန်ရှိပါတယ်"ဟု ညွှန်ကြားရေးမှူးက ဆက်ပြောသည်။

ရေးမြို့နယ်ရှိ ရေလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းတို့တွင် အလုပ်ရှင်နှင့်အလုပ်သမား၊ အကြားအနည်းဆုံးအခကြေးငွေကို အလုပ်ရှင်ဘက်က ပေးရမည်ဖြစ်သလို အလုပ်သမားဘက်ကလည်း တစ်နေ့အလုပ်အချိန်အပြည့်အဝ လုပ်ပေးရမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

## ပေါင်းတည်မြို့နယ်၌ စုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်

**ပေါင်းတည် နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် လူထုအားကစားလ ဒုတိယပတ်အဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို နိုဝင်ဘာ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ စုရပ်ပြုလုပ်၍ ရုံးရှေ့မှ နတ်ပုတီးကျေးရွာအထိ အသွားအပြန် စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့နယ်အားကစားခန်းမရှေ့၌ လမ်းလျှောက်ပါဝင်သူများက မြို့နယ်အား/ကာ ဦးစီးဌာနမှ နည်းပြနှင့် အတူ ပျော်ရွှင်စွာ ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ လမ်းလျှောက်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူ ၂၅၀ ကျော် ပါဝင်ဆင်နွှဲလမ်းလျှောက်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# မကွေးတိုင်းဒေသကြီး၌ စိုက်ကေနှစ်သောင်းကျော်အတွင်း သစ်ပင် ၆၃ သိန်းကျော် နည်းလမ်းရှစ်မျိုးဖြင့်စိုက်ပျိုး

**မကွေး နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၌ ၂၀၁၇-၂၀၁၈ ခုနှစ် မိုးရာသီတွင် နည်းလမ်း ၈ မျိုးအသုံးပြုကာ စိုက်ကေ ၂၁၇၀၄ ဒသမ ၆၆ အတွင်း သစ်ပင်ပေါင်း ၆၃၈၂၈၆၂ ပင် စိုက်ပျိုးပြီးဖြစ်ကြောင်း တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းခိုင်၏ ပြောကြားချက်အရ သိရသည်။

နိုင်ငံတော်ပိုင်စိုက်ခင်းတည်ထောင်ခြင်း နည်းလမ်းတွင် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၄၀၀ အတွင်း ကျွန်းပင်ပေါင်း ၁၆၉၄၀၀၀ ပင်၊ ရေဝေရေလဲစိုက်ခင်းဧက ၂၅၀ ၌ အပင် ၅၀၀၀၀၊ စိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းသည့် ၁၅၁၃ ဧက၌ အပင် ၈၁၇၀၂၀ စိုက်ပျိုးခဲ့ပြီး ဒုတိယနည်းလမ်းဖြစ်သည့် မိုးရာသီလူထုလှုပ်ရှားမှုဖြင့် သစ်ပင်ပေါင်း ၈၉၇၅၈၂ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သစ်တောဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

"နိုင်ငံတော်အကြီးအကဲတွေရဲ့ လမ်းညွှန်ချက်နဲ့ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်ထူထောင်ရေး ၁၀နှစ် စီမံချက် ချထားတာ ရှိပါတယ်၊ အခိုကကတော့ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုတွေ ပြောင်းလာတဲ့အခါ ဒီသစ်ပင်တွေက အများကြီး လိုလာပြီဖြစ်ပါတယ်၊ စီမံချက်မှာ တိုးစိုက်ဖို့လည်း လမ်းညွှန်ထားပါတယ်"ဟု တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းခိုင်က ဆိုသည်။

တတိယနည်းလမ်းဖြစ်သည့် သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်းဖြင့် ၁၆၃၅ ဧကအတွင်း အပင် ၁၁၄၄၅၀၊ စတုတ္ထနည်းလမ်းဖြစ်သည့် တိုင်းဒေသကြီးအစိုးရ အစီ



အစဉ်ဖြင့် စိုက်ပျိုးခြင်းဖြင့် ကျေးရွာသုံး မိုးနည်းစိုက်ခင်း ၂၁၈ ဧက၌ အပင် ၂၆၃၇၈၀၊ ပဉ္စမမြောက်နည်းလမ်းဖြစ်သည့် စည်ပင်သာယာရေးကော်မတီများ အစီအစဉ်ဖြင့် စိုက်ပျိုးရာတွင် ၁၂ ဒသမ ၉၅ ဧက၌ အရိပ်ရပင် ၇၀၀၀၊ ၄၁ ဒသမ ၆၆ ဧက၌ ပန်းအလှပင် ၂၂၅၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်းစိုက်ခင်းတစ်ခင်း တစ်ဧကကို ကျပ်ခြောက်သိန်းဝန်းကျင် နိုင်ငံတော်က ငွေချပေးပါတယ်၊ တစ်ဧကမှာ ၁၂၁၀ ပင် စိုက်တာဆိုတော့ ကျွန်းပင်တစ်ပင်အပေါ်မှာ တစ်နှစ်သားအထိ စိုက်ပျိုးရှင်သန်အောင် ၅၀၀ ကျပ် သုံးစွဲဆောင်ရွက်ရတာပါ"ဟု ညွှန်ကြားရေးမှူးက ပြောသည်။

နည်းလမ်းရှစ်မျိုးဖြင့် စိုက်ပျိုးရာတွင် ဆဋ္ဌမနည်းလမ်းဖြစ်သည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အစီအစဉ်ဖြင့် စိုက်ပျိုးခြင်းမှာ ၃ ဒသမ ၇ ဧက၌ အရိပ်ရပင် ၂၂၆၀၊ ၀ ဒသမ ၅၅ ဧက၌ ပန်းအလှပင် ၃၀၀၊ သတ္တမမြောက်နည်းလမ်းဖြစ်သည့် ဒေသအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း လုပ်ငန်းစဉ်တွင် ဧကပေါင်း ၁၆၅၇၉ ဒသမ ၈ ဧကအတွင်း သစ်ပင်ပေါင်း ၂၄၈၆၉၇၀၊ အဋ္ဌမမြောက်နည်းလမ်းဖြစ်သည့် ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းတွင် ဧက ၅၀အတွင်း သစ်မာအမျိုးအစား အပင် ၂၇၀၀၀ တို့ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**

# နယ်လှည့် အသိပညာပေးဟောပြောပွဲနှင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**မိုင်းဖြတ် နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် နမ့်ယွန်းကျေးရွာရှိ မူလွန်ကျောင်း၌ နယ်လှည့်အသိပညာပေး ဟောပြောပွဲနှင့် ဒေသခံများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့ဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိဌာနဆိုင်ရာများ၊ အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင် ၁၀၀ ဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က နိုဝင်ဘာ ၂၆ ရက်တွင် ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ပညာပေးဟောပြောပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သင်းမြတ်ရည်ဝင်းက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ထောက်ပံ့မှုနှုန်းထားများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုင်းအောင်ခမ်းက မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်မျိုးနိုင်က ပညာရေးလုပ်ငန်းများနှင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ်ဥပဒေအရာရှိ ဦးထွန်းထွန်းနိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သည့် ပြစ်မှု ပြစ်ဒဏ်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးရှောလမွန်က စာပေအသိမှ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သတင်းမီဒီယာဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သိကောင်းစရာများ စသည်တို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များနှင့် ပိုစတာများကို ဖြန့်ဝေပေးခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် အမှတ် ၁ တပ်မတော်ဆေးရုံ ခုတင် ၁၀၀ မှ ဗိုလ်မှူးရဲနိုင်ဝင်း ဦးဆောင်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဟောပြောပွဲသို့လာရောက်သည့် ကျေးလက်နေပြည်သူများမှ လူနာ ၅၆ ဦးအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စံကွက်ရိတ်သိမ်းခြင်းနှင့် စိုက်ပျိုးနည်းပညာဆွေးနွေး

**ဖျာပုံ နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိုးစပါးမျိုးသန့်မျိုးစေ့ထုတ် ပေါ်ဆန်းရင် Rs to Cs စိုက်ခင်းတွင် ဒုတိယအကြိမ် စံကွက်ရိတ်သိမ်းပွဲနှင့် စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက်က ဖျာပုံမြို့နယ် အေးသာယာကျေးရွာ စံပြတောင်သူ ဦးမျိုးအောင်၏ ပေါ်ဆန်းရင်မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧက၌ ကျင်းပသည်။

ယင်းစံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်၊ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းနှင့် ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ အေးသာယာ၊ အောင်သာယာ၊ မှော်ဘီ၊ သမိန်ထောနှင့် ဇင်းဘောင်ကျေးရွာအုပ်စုတို့မှ လေ့လာရေးတောင်သူ ၁၅၀ တက်ရောက်ကြပြီး ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်သွင်နှင့် စံကွက်ရိတ်သိမ်းရေးအဖွဲ့များက ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းပြီး စံကွက်အထွက်နှုန်းရယူရာ ပေါ်ဆန်းရင် မျိုးသန့်စိုက်ခင်းမှ တစ်ဧကလျှင် ၅၂ တင်းနှုန်း ထွက်ရှိသည်။

ထို့နောက် စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲကို အေးသာယာကျေးရွာ ယာယီမဏ္ဍပ်၌ကျင်းပရာ ဖျာပုံခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်နှင့် ခရိုင်စိုက်ပျိုးရေးမှ တာဝန်ရှိသူများက စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးကြသည်။ အဆိုပါ ဖျာပုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းပြီး မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း ၁၉၉ ဧကတွင် ဒေသလိုအပ်ချက်အရ မျိုးသန့်မျိုးစေ့များကို စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# လောင်းရှည်မြို့ နှစ် ၁၀၀၀ ပြည့်ပွဲ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**ဆော နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ လောင်းရှည်မြို့ကို ကောဇာသက္ကရာဇ် ၃၈၀ ပြည့်နှစ် ကဆုန်လပြည့် တနင်္လာနေ့တွင် နက္ခတ်ကိုးလုံးနှင့်ယှဉ်လျက် အမတ်သိဋ္ဌည်းနှင့် အဘယတေဇဘွဲ့ခံ မြို့သူကြီးငကာတို့က လောင်းရှည်မြို့ဟု တည်ထောင်သတ်မှတ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းအရ ယခုအခါ လောင်းရှည်မြို့သက်တမ်းမှာ နှစ် ၁၀၀၀ ပြည့်တော့မည်ဖြစ်ရာ အထိမ်းအမှတ်ပွဲ ကျင်းပနိုင်ရေးအတွက် ဆရာတော် သံဃာတော်များနှင့် ဒေသနေပြည်သူများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လောင်းရှည်မြို့မှာ ယခုအခါတွင် ဂန့်ဂေါခရိုင် ဆောမြို့နယ်ရှိ ကျေးရွာတစ်ရွာအဖြစ်သာ တည်ရှိနေသော်လည်း ရှေးမြန်မာမင်းများတည်ထားခဲ့သည့် ရှေးခေတ်လက်ရာ စေတီပုထိုးများစွာ ရှိနေရာ ဘုရားငုတ်တိုများကိုပါ ရေတွက်လျှင် ၁၁၆ ဆူရှိကြောင်း မြမာလာစေတီတော် ဂေါပကအဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ လောင်းရှည်ရွာ နှစ် ၁၀၀၀ ပြည့်ပွဲတော်ကို ဓမ္မဒေသနာတော် နာကြားပွဲ၊ သံဃဒါနဆွမ်းလောင်းလှူပွဲတို့အပြင် ပျော်ပွဲရွှင်ပွဲ အားကစားပွဲများ ကျင်းပခြင်း၊ အထိမ်းအမှတ်မဂ္ဂဇင်း ထုတ်ဝေခြင်း၊ ခေတ်အဆက်ဆက် လောင်းရှည်မြို့ ရွာသူကြီးများ၏ အမည်များ ဖော်ပြထားသည့် လေးမျက်နှာပါ ကျောက်စာတိုင်စိုက်ထူခြင်း၊ ရှေးဟောင်းအမွေအနှစ်ပြခန်း ဖွင့်လှစ်ပြသခြင်းတို့ ဆောင်ရွက်သွားကြမည်ဟု သိရသည်။

နှစ်(၁၀၀၀)ပြည့်ပွဲတော် ကျင်းပရန် စီစဉ်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးစောမင်းနိုင်က "ယနေ့လူငယ်များ ဒေသရဲ့ဂုဏ်၊ သမိုင်းမှတ်တမ်းတို့ကို သိရှိလေ့လာတန်ဖိုးထားတတ်စေရန် ရည်ရွယ်ပါတယ်၊ လိုအပ်ချက်လည်းမရှိအောင်၊ စည်စည်ကားကားလည်းဖြစ်အောင် စီစဉ်ကျင်းပမှာဖြစ်ပါတယ်"ဟု ပြောသည်။



လောင်းရှည်ရွာသည် ဆောမြို့၏ တောင်ဘက် ၁၂ မိုင်ခန့် အကွာအဝေးတွင်ရှိ၍ ယခင်က မိုးရာသီတွင် သွားလာရေးခက်ခဲခဲ့သော်လည်း ယခုအခါတွင် ဂန့်ဂေါ-ထီးလင်း-ဆော-လောင်းရှည်-ငဖဲ-စေတုတ္တရာ ကားလမ်းဖြင့်လည်းကောင်း၊ ချောက်-ဆိပ်ဖြူ-ဆော-လောင်းရှည် ကားလမ်းဖြင့် လည်းကောင်း၊ ပခုက္ကူ - ပေါက် - ကျောက်ထု - ဆော-လောင်းရှည်ကားလမ်းဖြင့်လည်းကောင်း လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

လောင်းရှည် နှစ် ၁၀၀၀ ပြည့်အထိမ်းအမှတ်ပွဲအတွက် စေတနာရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်းလျက်ရှိသလို လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ကျင်းပရေးကော်မတီဝင် ဦးကျော်ကိုကို ဖုန်း-၀၉-၄၀၁၅၆၆၁၁၃ သို့ ဆက်သွယ်နိုင်ကြကြောင်း၊ လိုအပ်သည်များ ဆက်သွယ်အကြံပြုနိုင်ကြောင်း သိရသည်။

**၁၀၁**

# လူထုစုပေါင်းစက်ဘီးစီးပွဲ သံဖြူဇရပ်တွင်ဆင်နွှဲ

**သံဖြူဇရပ် နိုဝင်ဘာ ၂၈**

သံဖြူဇရပ်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီနှင့် မြို့နယ်စက်ဘီးဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့်လူထုစုပေါင်းစက်ဘီးစီးပွဲကို နိုဝင်ဘာ ၂၆ရက်က ကျင်းပခဲ့သည်။

အဆိုပါ လူထုစုပေါင်းစက်ဘီးစီးပွဲတွင် အမျိုးသားနှင့် အမျိုးသမီးများက စက်ဘီးစီးရေ ၈၀ ခန့်ဖြင့် စုပေါင်းပါဝင်ကာ မြို့နယ်အားကစားပြိုင်ဝင်းမှ စက်စဲကျေးရွာ ကမ်းခြေအထိ အသွားအပြန်မိုင် ၂၀ ခရီးကို စက်ဘီးစီးနင်းကြသည်။ လူထုစုပေါင်းစက်ဘီးစီးပွဲကို ဒီဇင်ဘာ လူထုအားကစားလအတွင်း အပတ်စဉ် တနင်္ဂနွေနေ့တိုင်းတွင်လည်း မြို့နယ်စက်ဘီးဆပ်ကော်မတီက ဦးဆောင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**



# ကျား၊ မ အခြေပြု အကြမ်းဖက်ခံရမှုကို ကာကွယ်ရန်နှင့် တုံ့ပြန်ရန် ပူးပေါင်းဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

ကျား၊ မအခြေပြု အကြမ်းဖက်ခံရမှုကို ကာကွယ်ရန်နှင့် တုံ့ပြန်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုအသင်းအဖွဲ့များ ပူးပေါင်းဆွေးနွေးညှိနှိုင်းပွဲကို ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန် ကနောင်ခန်းမ၌ နိုဝင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အမျိုးသမီးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နော်သာဝါးက အမျိုးသမီးများအပေါ် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ဖျက်သိမ်းရေး သဘောတူစာချုပ်၊ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ကုလသမဂ္ဂ မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်များတွင် ပါဝင်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

"အခုလို ဌာနဆိုင်ရာနဲ့ လူမှုရေးအသင်းအဖွဲ့တွေပူးပေါင်းပြီး Advocacy ပြုလုပ်တာကို ကြိုဆိုတယ်၊ နိုင်ငံတော်က တကယ်လိုအပ်လို့ ဌာနဆိုင်ရာနဲ့ လူမှုရေးအသင်းအဖွဲ့တွေပူးပေါင်းပြီး အမျိုးသမီးနဲ့ ကလေးသူငယ်တွေ အကြမ်းဖက်ခံရမှု လျော့နည်းပပျောက်အောင် ဆောင်ရွက်မှုကို ဒီထက် အားသွန်ခွန်စိုက်လုပ်ဖို့ လိုနေပြီလို့လည်း မြင်တယ်၊ ဒီလိုဖြစ်စဉ်မျိုးတွေဖြစ်လာရင် ရဲတပ်ဖွဲ့ ဥပဒေနဲ့ တရားရေးက အရေးပါတယ်၊ ၁၅ နှစ်အရွယ်ကို ကလေးသူငယ်အဖြစ် သတ်မှတ်တဲ့အတွက် ကလေးသူငယ်အများဆုံးရှိတဲ့ ပညာရေးဌာနလည်း ကလေးသူငယ်တွေရဲ့ အခွင့်အရေးဆိုင်ရာတွေကို သိရှိပူးပေါင်း ညှိနှိုင်းဆောင်ရွက်ဖို့လိုတယ်"ဟု မြို့နယ် TCRC မှ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်မြင့်က ပြောသည်။ အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆေးရုံတို့မှ တာဝန်ရှိသူများနှင့် NGOအဖွဲ့အစည်းတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် အကြမ်းဖက်ခံရမှုမှ ကာကွယ်ခြင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**သန်းထိုက်(လှိုင်သာယာ)**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ကြိုဆိုပါသည်

ဒေါက်တာမြင့်သန်း (ညောင်လေးပင်)

Europe represents the past,American represents the present,Asia represents the future.”

Prof. Kishore Mahbuabni.
Dean of the Lee KuanYew School of Public Policy at National University of Singapore and Top Global Thinker.

“ဥရောပက အတိတ်ကို ကိုယ်စားပြုတယ်၊ အမေရိကန်တွေက ပစ္စုပ္ပန်ကို ကိုယ်စားပြုနေတယ်၊ အာရှတိုက်သားတွေကတော့ အနာဂတ်ကို ကိုယ်စားပြုလိမ့်မယ်”

ပါမောက္ခ ကီရှို၊ စင်ကာပူအမျိုးသားတက္ကသိုလ် ပြည်သူ့ပေါ်လစီဆိုင်ရာ ကျောင်းနှင့် ကမ္ဘာ့ထိပ်တန်းတွေးခေါ်ပညာရှင်




ပညာခေတ်တွင် အာရှတိုက်သား လူငယ်များ အထူးတက်ကြွ နိုးကြားလာနေသည်ကိုတွေ့ရသည်။ လေ့လာမှု တစ်ခုအရ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ အင်တာနက်သုံးသူ ၁၈၂၃၅ ဦး(ယင်းတို့တွင် အာရှငါးနိုင်ငံ တရုတ် ၄၁ ရာခိုင်နှုန်း၊အင်ဒိုနီးရှား ၂၃ ရာခိုင်နှုန်း ၊ ဆော်ဒီအာရေဗျ ၁၆ ရာခိုင်နှုန်း ၊ ထိုင်းနိုင်ငံ ၁၁ ရာခိုင်နှုန်း၊ ယူအေအီး ၁၀ ရာခိုင်နှုန်း )တို့သည် အဆင့်မြင့်ဆုံး သုံးနေနိုင်ကြပြီး ကမ္ဘာကြီးသည် ယေဘုယျအားဖြင့် ကောင်းမွန်တိုးတက်လာနေသည်ဟု ယူဆကြသည်။ ကမ္ဘာကြီးတွင် မတည်ငြိမ်မှုများ၊ ရန်ပွဲများ၊ အကြမ်းဖက်မှုများ ဖြစ်ပေါ်နေသော်လည်း ထိုလူငယ်အများစုက အာရှတိုက်၏ ရှေ့အလားအလာကို အကောင်းမြင်ကြသည်။ပထမအချက်မှာ Share of the world GDP ကမ္ဘာ့ဂျီဒီပီ - real US dollar purchasing power(PPP) အမေရိကန်ဒေါ်လာဝယ်ယူနိုင်မှုပါဝါအမှန်သည် ၁၉၉၀ ပြည့်နှစ်က ၂၃ ဒသမ ၂ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၄ ခုနှစ်တွင် ၃၈ ဒသမ ၈ ရာခိုင်နှုန်းရှိလာသည်။ ၂၀၂၅ ခုနှစ်တွင် ၄၅ ရာခိုင်နှုန်းမျှရှိလာနိုင်သည်ဟု ဆိုသည်။

အာရှတိုက်၏ အကြီးဆုံး စီးပွားရေးနိုင်ငံကြီးများဖြစ်သော တရုတ်၊ဂျပန်၊ အိန္ဒိယနိုင်ငံတို့သည် PPP တွင် အဓိကနေရာကြီးများဖြစ်လာနေပါသည်။အာရှတိုက်၏ သမိုင်းကြောင်းအရလည်း လွန်ခဲ့သော ရာစုနှစ်ပေါင်း ၂၀ ၏ ၁၈ ရာစုနှစ် များတိုင်အရေးပါသော နေရာမှာရှိခဲ့သည်။ အာရှတိုက်၏ သဘာဝသယံဇာတ၊ သစ်တောများသည် ကမ္ဘာ့စီးပွားရေးကို ချုပ်ကိုင်နိုင်ခဲ့သလို Human Enlightenments လူ့ဉာဏ်အလင်းပွင့်မှုမှာလည်း ဘာသာရေး၊ တွေးခေါ်ပညာရှင်များစွာ ပေါ်ထွက်ခဲ့သည်။

### ထိပ်ဆုံးမှာနေရာယူ

ဒုတိယအချက်မှာ ကမ္ဘာလုံးဆိုင်ရာ စီးပွားကုန်သွယ်မှုသည် ၁၉၄၈ ခုနှစ်က ၁၄ ရာခိုင်နှုန်းသာ ရှိရာမှ ၂၀၁၄ ခုနှစ်တွင် ၃၂ ရာခိုင်နှုန်းရှိလာသည်။ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း အခြားကမ္ဘာ့နိုင်ငံများထက် သုံးဆမျှ ပိုမိုမြန်ဆန်စွာ ပို့ကုန်များတင်ပို့နိုင်ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အာရှတိုက်သည် အခြားဒေသများထက် ပို့ကုန်ပမာဏကို ထူးကဲစွာတိုးချဲ့နိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်က အမေရိကန်နိုင်ငံက ထိပ်ဆုံးမှာနေရာယူခဲ့သော သွင်းကုန်၊ ထုတ်ကုန်ပမာဏတွင် တရုတ်နိုင်ငံက နေရာယူနိုင်ခဲ့သည်။

တတိယမှာ ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်း(၄ ဒသမ ၄ဘီလီယံ)သည် အာရှတိုက်တွင် ရှိနေသလို အကြီးဆုံးဈေးကွက်ကြီးလည်း ဖြစ်နေသည်။ တစ်ကမ္ဘာလုံး၏ အနာဂတ်လူဦးရေ တိုးပွားနှုန်းကိုကြည့်လျှင် အာဖရိကတိုက်ပြီးလျှင် အာရှတိုက်က ဒုတိယလိုက်နေသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၅၀ ပြည့်နှစ်များအတွင်း လူဦးရေ ၀ ဒသမ ၉ ဘီလီယံမျှ တိုးပွားလာနိုင်ဖွယ်ရှိသည်။ သက်ကြီးရွယ်အို လူဦးရေက အာရှတိုက်အတွက် ကြီးမားသောစိန်ခေါ်မှုတစ်ခုဖြစ်လာနိုင်သော်လည်း လက်ရှိလူလတ်တန်းစား သန်း ၅၀၀ သည် ၂၀၂၀ ပြည့်နှစ်ခန့်တွင် ၁ ဒသမ ၇ ဘီလီယံ (သုံးဆမျှ) ဖြစ်လာမည်ဖြစ်သဖြင့် လူမှုစီးပွားတိုးတက်လာမည့် အလားအလာကြောင့် အထူးစိုးရိမ်ဖွယ် မရှိပေ။

သို့သော် အာရှတိုက်၏ စဉ်ဆက်မပြတ် တိုးတက်မှု၊ ပြီးပြည့်စုံသော တိုးတက်မှုများအတွက် များပြားသော လိုအပ်ချက်များ ရှိနေပါသည်။ ပထမအချက်မှာ အာရှနိုင်ငံအများတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအဆင်မပြေမှုများ၊ ပြဿနာများရှိနေပြီး ယင်းတို့သည် တစ်ကမ္ဘာလုံးအတွက် မကောင်းသော ပုံရိပ်များ ဖြစ်နေလျက်ရှိသည်။ ဒုတိယအချက်မှာ ညီညွတ်မှုနှင့် ထက်မြက်သော ခေါင်းဆောင်ကောင်းရှားပါးသော နိုင်ငံအများရှိနေပြီး ယင်းတို့သည် အနာဂတ်တွင် ခိုင်မာတောင့်တင်းသော ဒေသအဖြစ် တည်ဆောက်နိုင်ရေးအတွက် ခက်ခဲမှုဖြစ်နေစေသည်။ တတိယနှင့် နောက်ဆုံးအချက်မှာ အာရှတိုက်၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစံနှုန်းများ ဖြစ်သည်။ ယင်းတို့အပေါ် တစ်ကမ္ဘာလုံးက အများသဘောတူ လက်ခံနိုင်ခြင်းမရှိသေးခြင်း ဖြစ်သည်။

### ကောင်းမွန်သော အနာဂတ်ကို မျှော်မှန်း

သို့သော် Asian Dream အာရှအိပ်မက်ကတော့ တံလျှပ်လို မရေမရာ မဖြစ်ပါ။ အာရှတိုက်တွင် အားကောင်းလှသော လူငယ်အင်အားထုကြီး ရှိနေသည်။ အထူးသဖြင့် ၁၉၈၀ ပြည့်နှစ် နောက်ပိုင်း မွေးဖွားခဲ့သော လူငယ်လေးများသည် အာရှတိုက်အတွက် အနာဂတ် မျှော်လင့်ချက်များ ဖြစ်သည်။ ထိုလူငယ်ထုအတွင်း မှန်းတီးမှု အထူးနည်းပါးကြသည်။ အာရှတိုက်တွင် စစ်ပွဲကြီးများဖြစ်ပွားလျက်ရှိသည်။ ယခင်ကလည်း ဖြစ်ပွားခဲ့သည်။ အမျိုးမျိုးသော အခြေခံအကြောင်းများကြောင့် ပဋိပက္ခများ အကြိမ်ကြိမ်ဖြစ်ပွားကာ စိတ်ထိခိုက်ဖွယ်ရာများ ခံစားရလျက်ရှိသည်။ သို့သော် လူငယ်ထုသည် ကောင်းမွန်သော အနာဂတ်ကို မျှော်မှန်းကြသည်။ အမုန်းတရားကို အမြန်ဖယ်ထုတ်ပြီး လူသားမျိုးနွယ်စုအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင် ကြရန် စိတ်အားသန်နေကြသူက အများစုဖြစ်သည်။ အချင်းချင်းယုံကြည်မှု တည်ဆောက်ခြင်း၊ အတူလက်တွဲ ဆောင်ရွက်ခြင်းတို့ကို များစွာနှစ်သက်သူများ ဖြစ်ကြသည်ကို တွေ့ရသည်။ အာရှလူငယ်ထုသည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားကြသည်။ စစ်ပွဲဆိုသည်များသည် တိုးတက်သော လူ့အဖွဲ့အစည်းအတွက် မလိုအပ်သော အလုပ်တစ်ခုဖြစ်ပြီး လုံးဝလက်မခံသင့်သော ဖြစ်စဉ်ဖြစ်သည်။ လူ့အဖွဲ့အစည်းအတွက် ငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးမှုကိုသာ ဦးတည် ဆောင်ရွက်ရမည်။ အာရှနိုင်ငံအများစုသည် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းများ တည်ဆောက်ပြီး ယင်းသည် စီးပွားတိုးတက်မှုဆီသို့ အဓိက ဦးတည်သည် စသည်ဖြင့် လက်ခံထားကြသည်။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အာရှတိုက်တွင် စီးပွားရေးအရ လျင်မြန်စွာ တိုးတက်နေသော နိုင်ငံနှစ်ခုဖြစ်ပြီး အကြီးမားဆုံးဖွံ့ဖြိုး နေသည့် နိုင်ငံများလည်းဖြစ်သည်။ အာရှတိုက်လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် ထိုနိုင်ငံကြီးတို့တွင် နေထိုင်လျက်ရှိကြသည်။ အလားတူ အာရှတိုက်လူငယ်ထုအများစု၏ဌာနေလည်းဖြစ်သည်။ တရုတ်လူငယ်အများစုသည် ၁၉၇၈ ခုနှစ် ပြုပြင်ပြောင်းလဲရေး ကာလအပြီးမှာ မွေးခဲ့ကြပြီး အိန္ဒိယလူငယ်အများစုကလည်း ၁၉၉၀ ပြည့်နှစ် စီးပွားရေးလွတ်လပ်မှု စတင်ချိန်မှာ မွေးခဲ့ကြသည်။ ထိုလူငယ်ထုတို့သည် ပြဿနာများ၊ ပဋိပက္ခများထက် အောင်မြင်သော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် ဆန္ဒရှိကြ သည်။ ယင်းသည် အနာဂတ်အာရှတိုက်၏ ငြိမ်းချမ်းတိုးတက်မှုအတွက် အလွန်ကောင်းသော အလားအလာဖြစ်သည်။ အာရှလူငယ်အများစုတို့သည် အချင်းချင်း နားလည်မှုနှင့် လက်တွဲဆောင်ရွက်ရသည်။ တန်ဖိုးကို အထူးနှစ်သက်ကြသည်။ လူငယ်ထုတို့သည် အင်တာနက်ခေတ်တွင် ကြီးပြင်းလာသူများဖြစ်ကြသည်။ နက်တီဇင် (Netizen) ဟု ခေါ်နိုင်သည့် အာရှတိုက်၏ တစ်ဘီလီယံမျှသော ထိုလူငယ်တို့သည် အင်တာနက်ပေါ်တွင် အချင်းချင်း ချိတ်ဆက်ကာ လွတ်လပ်ပွင့်လင်းစွာ ဆက်ဆံကြသည်။ အတွေ့အကြုံများ၊ အသိများ ဖလှယ်ကြသည်။ အိုင်တီနည်းပညာများကြောင့် ယနေ့မျိုးဆက်သည် ယခင်မျိုးဆက်များထက် တိုးတက်သော အခြေအနေကောင်းများ ပိုင်ဆိုင်ခွင့် ရနေကြသည်။

### အတူလက်တွဲ ဆောင်ရွက်

တရုတ်နိုင်ငံတွင် ၁၉၈၀ ပြည့်နှစ်က ပြည်ပကျောင်းသား ၁၃၈၁ ဦးသာရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အဆပေါင်း ၂၀၀ ကျော်ဖြစ်သော ၃၉၇၆၃၅ ဦး ဖြစ်လာသည်။ ၆၀ ဒသမ ၄ ရာခိုင်နှုန်းမှာ အာရှတိုက်မှ ကျောင်းသားများ ဖြစ်သည်။ The National University of Singapore, Lee Kuan Yew School of Public Policy စင်ကာပူအမျိုးသားတက္ကသိုလ် လီကွမ်ယူး ပြည်သူ့ပေါ်လစီကျောင်းကို ၂၀၀၄ ခုနှစ်က စတင်ဖွင့်လှစ်သင်ကြားကာ အာရှတိုက်အတွက် အားထားရမည့် ခေါင်းဆောင်ကောင်းများ၊ အာရှတိုက်လူမှုဘဝတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာများကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။ ထို့ပြင် အာရှတိုက်အတွက် လူငယ်အရာရှိ ပြည်သူ့ဝန်ထမ်းကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်နိုင်နေသည်ကို တွေ့ရသည်။ win-win cooperation အတူလက်တွဲ ဆောင်ရွက်ခြင်းဖြင့် အများချမ်းသာရေးကို ကူညီပေးသည်။ တစ်ဖက်သတ်အနိုင်ရပြီး နှစ်ဦးအကျိုးမရှိသည့် Zero-sum competition များကို မဖြစ်မနေ ဆောင်ရွက်ကာကွယ်နိုင်သော စွမ်းရည်များပေးနိုင်သည်ကို တွေ့ရသည်။

အာရှလူငယ်အများစုသည် မိမိတို့ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ကြီးပြင်းလာခဲ့ကြသည်။ Free-Trade Agreements(FTRAs)လွတ်လပ်သော ကုန်သွယ်သဘောတူမှုများသည် အာရှဒေသအတွင်း ၁၉၉၀ ပြည့်နှစ်များအထိ ကျယ်ပြန့်စွာ ပျောက်ဆုံးနေဆဲဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ် ဧပြီလများအတွင်းတွင် FTRAs သဘောတူချက်များကို လျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံပေါင်း သုံးနိုင်ငံမှ ၇၆ နိုင်ငံအထိ ရှိလာခဲ့သည်။ Asean-China Free Trade Area အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့၏ လွတ်လပ်သော ကုန်သွယ်မှုဧရိယာသည် ဒေသအတွင်း အကြီးဆုံး ဖြစ်လာသည်။ လူပေါင်း ၁ ဒသမ ၉ ဘီလီယံနေထိုင်ရာ ဒေသကြီးဖြစ်ပြီး ဒေသအတွင်း လျင်မြန်သော စီးပွားတိုးတက်မှုများ၊ ရင်းနှီးမှုများကို အားရဖွယ်တွေ့ရခြင်းကြောင့် လူငယ်များသည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်စွာ လက်တွဲဆောင်ရွက်နိုင်မှု၏ အကျိုးများကို နှစ်သက်လက်ခံလာကြသည်။

ရှေး တရုတ်ဆိုရိုးစကားတစ်ခု ရှိသည်။ “လူငယ်များကို လေးစားစွာ ဆက်ဆံပါ” ဟူ၍ ဖြစ်သည်။ နိုင်ငံတိုင်း၏အနာဂတ်သည် လူငယ်များ၏ လက်ထဲတွင် ရှိနေသည်သာ ဖြစ်သည်။ တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မြစိမ်းရောင် ဗိသုကာကြီးဖြစ်သော ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က “ကျုပ်တို့ရဲ့အခုမျိုးဆက်တွေက ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ရင်ဆိုင်နိုင်ဖို့ ဉာဏ်ပညာ မပြည့်ဝကြဘူး၊ နောက်မျိုးဆက်တွေကို ပိုပြီး ပညာတတ်တဲ့လူတွေ ဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးရမယ်၊ ဒါမှ တိုင်းပြည်တိုးတက်မှာ”ဟု ပြောခဲ့သည်။ လက်ရှိအာရှတိုက်မျိုးဆက်တို့သည် အရင်မျိုးဆက်များထက် ပညာမတော်သည့်တိုင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများရှိမှ တိုင်းပြည် အမှန်တကယ် တိုးတက်မည်ဆိုသည်ကို သဘောပေါက်ထားကြသည်။ တီထွင်ဖန်တီးနိုင်စွမ်းရှိပြီး win-win cooperation ရှိအောင် လက်တွဲဆောင်ရွက်နိုင်မည့် လူငယ်အများ အာရှတိုက်တွင် ရှိနေပြီဖြစ်သည်။

(We,Asian Youth, are the future-SUN XI –Saudi Gazette).

ကျွန်တော်တို့နိုင်ငံတွင် ကျန်းမာတက်ကြွ ပညာလိုလားပြီး အစဉ်လေ့လာသင်ယူလိုသော လူငယ်များစွာကို တွေ့နေရပါသည်။ ယင်းသည် နိုင်ငံအတွက် အားတက်စရာ ဖြစ်ပါသည်။ ထိုလူငယ်ထုကို ဗလငါးတန်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်း၊ အနာဂတ် မြန်မာ့လူ့ဘောင်ကို ထိုလူငယ်တို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက် အကောင်အထည်ဖော်ဆောင်ပေးနိုင်ခြင်းတို့အတွက် အထူးအာရုံစိုက် ဆောင်ရွက်ပေးရပါမည်။ ထို့ပြင် ယနေ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို လွတ်လပ်မှု (Freedom)၊ ဖွံ့ဖြိုးတိုးတက်မှု (Development)၊ကြွယ်ဝချမ်းသာမှု (Prosperity) စသည့် အခြေခံတန်ဖိုးများဖြင့် ဖန်တီး တည်ဆောက်လျက်ရှိရာ အနာဂတ် မြန်မာ့လူ့ဘောင်တိုးတက်ဖွံ့ဖြိုးရေးအတွက် လူငယ်များက အဓိက အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

### အနာဂတ်လူငယ် အားသစ်များ ထွန်းကား

ယနေ့ ကမ္ဘာ့မြင်ကွင်းတွင် နိုင်ငံအသီးသီးတို့မှာ လူငယ့်အရေး ကို အထူးအားပေး ပြုစုဆောင်ရွက်လျက်ရှိနေသည်ကို တွေ့နိုင်ပါသည်။ လူငယ်တို့ သည် အနာဂတ်နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သော လူ့အရင်းအမြစ်များ ဖြစ်ပြီး ထိုအင်အားစု၏ စွမ်းပကားများကသာလျှင် အနာဂတ် နိုင်ငံတော်ကြီးတိုးတက်ဖွံ့ဖြိုးရေးအတွက် မောင်းနှင်အားများ ဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်း စသည့် နိုင်ငံ့သားကောင်းများ၏ အခြေခံအချက်များ ပြည့်စုံလာအောင် ဖြည့်ဆည်းပေးနိုင်ရေးကို အလေးမူကြရမည် ဖြစ်ပါသည်။ လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်မြှင့်တင်ပေးနိုင်ရေး လူငယ်ရေးရာမူဝါဒ ပြဋ္ဌာန်းရန် ဆောင်ရွက်နိုင်ရေးအတွက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးကျင်းပခြင်းကို အထူးကြိုဆိုပါကြောင်းနှင့် အနာဂတ်လူငယ်အားသစ်များ ထွန်းကားပါစေကြောင်း ဆုတောင်းလိုက်ပါသည်။ ။

- **လူငယ်တို့သည် အနာဂတ်နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သော လူ့အရင်းအမြစ်များဖြစ်ပြီး ထိုအင်အားစု၏ စွမ်းပကားများကသာလျှင် အနာဂတ်နိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးရေးအတွက် မောင်းနှင်အားများဖြစ်**
- **ပညာရေး၊ ကျန်းမာရေး၊ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းစသည့် နိုင်ငံ့သားကောင်းများ၏ အခြေခံအချက်များ ပြည့်စုံလာအောင် ဖြည့်ဆည်းပေးနိုင်ရေးကို အလေးမူကြရမည်**

# မုံရွာတက္ကသိုလ်၌ ပထမအကြိမ် မြန်မာနိုင်ငံ ကမ္ဘာမြေသိပ္ပံဆိုင်ရာကွန်ဖရင့် ကျင်းပ

**မုံရွာ နိုဝင်ဘာ ၂၈**

ပထမအကြိမ် မြန်မာနိုင်ငံ ကမ္ဘာ မြေသိပ္ပံဆိုင်ရာ ကွန်ဖရင့် ဖွင့်ပွဲကို မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ နိုဝင်ဘာ ၂၇ ရက်က ကျင်းပခဲ့ပြီး ကွန်ဖရင့်ကို နိုဝင်ဘာ ၂၈ ရက်အထိ နှစ်ရက်ကြာ ကျင်းပကြောင်း သိရသည်။

ပထမအကြိမ် မြန်မာနိုင်ငံ ကမ္ဘာမြေသိပ္ပံဆိုင်ရာ ကွန်ဖရင့်ကို မုံရွာတက္ကသိုလ် ဘူမိဗေဒဌာနနှင့် မြန်မာ့ဝန်းကျင်သိပ္ပံတို့က ဦးစီး၍ ကျင်းပခြင်းဖြစ်ကာ ဘူမိသိပ္ပံ (Geoscience, Earth Sciences)ဆိုင်ရာ သုတေသနပညာရှင်များ၊ မြန်မာနိုင်ငံ တက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပါဝင်၍ ဝါသနာပါရာ ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးမှ သုတေသနလုပ်ထားသော စာတမ်းများကို ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"မြန်မာနိုင်ငံ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားနေတဲ့အချိန်မှာ ကန့်သတ်မှုတွေလည်း ရှိနေပါတယ်၊ အဲဒီလို ကန့်သတ်မှုတွေထဲမှာ သဘာဝသယံဇာတတွေ ဆွဲထုတ်ရယူတဲ့အချိန်မှာ ကန့်သတ်မှုတွေက အများကြီးရှိပါတယ်။ အဲဒါကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် သဘာဝပတ်ဝန်းကျင်အကြောင်း ပိုမိုသိရှိဖို့ လိုပါတယ်၊ သယံဇာတတွေအကြောင်းကိုလည်း ပိုသိဖို့ လိုပါတယ်၊ ဒါတွေသိမှလည်း ဒါတွေအသုံးပြုထုတ်ယူတဲ့အချိန်မှာ ပတ်ဝန်းကျင်ကို မထိခိုက်မှာပါ၊ ကွန်ဖရင့်မှာ ဖတ်ကြားတင်သွင်းကြမယ့် စာတမ်းတွေက အများကြီးအထောက်အပံ့ပေးနိုင်မှာဖြစ်ပါတယ်၊ နိုင်ငံအတွက် အကျိုးရှိမယ့် အချက်အလက်တွေ ပြုစုထောက်ပံ့ပေးရမယ့် တာဝန်က ကျွန်တော်တို့တာဝန်ဖြစ်ပါတယ်၊ ကိုယ့်တာဝန်ကိုယ်သိပြီး ကိုယ့်တာဝန်ကိုယ်ယူ ဆောင်ရွက်ကြတဲ့ ကွန်ဖရင့်ဖြစ်ပါတယ်"ဟု မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသူရဦးက ပြောသည်။

ကွန်ဖရင့်ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက "ဒီနှစ်ပိုင်းတွေမှာ သဘာဝဘေးတွေအနက် ရေကြီးမှုအန္တရာယ်ကို မြန်မာနိုင်ငံ တိုင်းဒေသကြီးအားလုံးနီးပါးမှာ ၂၀၁၅ ခုနှစ်ကစလို့ နှစ်တိုင်းကြုံတွေ့နေရပါတယ်၊ ရေကြီးမှုကြောင့် လူအသေအပျောက်ရှိခဲ့သလို ပျက်စီးဆုံးရှုံးမှုတွေလည်း ရှိခဲ့ပါတယ်၊ နိုင်ငံတော်အစိုးရအနေနဲ့ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်တွေအတွက် နှစ်စဉ်ကုန်ကျတာတွေ ရှိနေပါတယ်၊ ဖြစ်စဉ်တွေရဲ့ ရလဒ်အနေနဲ့ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပါတယ်၊ ဒီလို သဘာဝဘေးမျိုး မဖြစ်ရအောင် ဒါမှမဟုတ် နည်းနိုင်သမျှနည်းအောင် တကယ်လို့ ဖြစ်လာခဲ့ရင်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းအောင်၊ မရှိအောင်လုပ်ဖို့ ကြိုတင်ပြင်ဆင်မှုတွေလုပ်ဖို့ဆိုရင် သုတေသနလုပ်ငန်းများရဲ့အခန်းကဏ္ဍဟာ ဘယ်လောက်အရေးကြီးသလဲဆိုတာ တွေ့ရမှာဖြစ်ပါတယ်"ဟု အမှာစကား ပြောကြားသည်။

ထို့နောက် ကွန်ဖရင့်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ မုံရွာတက္ကသိုလ် ဘူမိဗေဒပါမောက္ခ ဒေါက်တာဇော်မြင့်နီက ကွန်ဖရင့်ကျင်းပရခြင်း အကြောင်းကိုရှင်းလင်းပြီး မြန်မာ့ဝန်းကျင်သိပ္ပံ (MEI)မှ ဥက္ကဋ္ဌ ဒေါက်တာဝင်းမောင်က မိတ်ဆက် စကားပြောကြားကာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်က Key Note Speech ကို ပြောကြားသည်။

"ပထမအကြိမ် မြန်မာနိုင်ငံ ကမ္ဘာမြေသိပ္ပံဆိုင်ရာ ကွန်ဖရင့်ကြီးဖြစ်တဲ့အတွက် ကွန်ဖရင့်ကို ရည်ရွယ်ချက်ကြီးကြီးထားပြီးတော့ ကျင်းပတာဖြစ်ပါတယ်၊ အထူးသဖြင့် ကမ္ဘာမြေသိပ္ပံဆိုင်ရာ ပညာရှင်များ၊ ဘူမိဗေဒပညာရှင်များရဲ့ သုတေသနပြု ဆောင်ရွက်ချက်တွေကို အတူတကွ



နှီးနှောဖလှယ်ဖို့နဲ့ အဲဒီနှီးနှောဖလှယ်လို့ ရရှိလာတဲ့ သုတေသနရလဒ်တွေကို တိုင်းပြည်အတွက် အကျိုးပြုတဲ့ သုတေသနရလဒ်ကောင်းတွေကို ဖြစ်အောင် ဆွေးနွေးတိုင်ပင်ကြမှာပါ၊ သတ္တုသယံဇာတတွေ တူးဖော်ထုတ်လုပ်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင် စံနှုန်းများနဲ့အညီ ထုတ်လုပ်နိုင်ဖို့အတွက် တွန်းအားပေးဆောင်ရွက်တာဖြစ်ပါတယ်"ဟု ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်က ကွန်ဖရင့်တွင် ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အသား၊ ငါးများ ရောင်းချရာတွင် ဖော်မလင်သုံးစွဲမှု ရှိမရှိ စစ်ဆေး

**ကျောင်းကုန်း နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ မြို့မဈေးကြီးအတွင်းရှိ သားငါးတန်း၌ ရောင်းချနေသော ကြက်သား၊ဝက်သားများတွင် စားသုံးသူများအတွက် အန္တရာယ်ရှိစေသည့် ပစ္စည်းများဖြစ်သော ဖော်မလင်ဆေး သုံးစွဲမှုရှိမရှိ၊ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်စေမည့် အခြေအနေရှိမရှိနှင့် အေးခဲအသားများ ရောင်းချနေခြင်း ရှိမရှိတို့ကို ကျောင်းကုန်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနက နိုဝင်ဘာ ၂၇ ရက်တွင် လိုက်လံစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန အဖွဲ့နှင့်အတူ မိတ်ဖက်အဖွဲ့များဖြစ်သည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မဈေး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များနှင့် တာဝန်ရှိဌာနဆိုင်ရာများ ပူးပေါင်းပါဝင်၍ ဈေးဆိုင်များကို လှည့်လည်စစ်ဆေးခဲ့ကြကာ အသား၊ ငါး ဆိုင်ရှင်များအား ရောင်းချသည့် သားငါးများတွင် ဖော်မလင်ထည့်သွင်းသုံးစွဲခြင်း လုံးဝမပြုရန် အသိပညာပေးမှုများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ဝင်းကြိုင်(ပြန်/ဆက်)**

# တောင်ကြီးမြို့ ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲနှင့် အပျော်တမ်းစက်ဘီးစီးပွဲ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် တောင်ကြီးမြို့ရှိ အိုစတိုးတို့ ပူးပေါင်း၍ တောင်ကြီးမြို့ ဖိတ်ခေါ် Mountain Bike နှင့် Downhill Race စက်ဘီးပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက်က ကျောက်တိုင်ကွင်း လေ့ကျင့်ရေးအားကစားရုံရှေ့၌ ကျင်းပခဲ့သည်။

အမျိုးသား၊ အမျိုးသမီးစက်ဘီးစီး ဖိတ်ခေါ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ် သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ပြီး ပြိုင်ပွဲတွင် အားကစားသမားများက ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့မှစတင်၍ အရှေ့မြို့ပတ်လမ်းမှ မြစိမ်းတောင်၊ ရွှေဘုန်းပွင့်၊ ဆေးတက္ကသိုလ်ကျောင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အရှေ့မြို့ပတ်လမ်း စသည့် လမ်းကြောင်းအတိုင်း စီးနင်းပြီး အားကစားရုံသို့ ပြန်လည်ပန်းဝင်ခဲ့သည်။

အမျိုးသား အမျိုးသမီး အပျော်တမ်း စက်ဘီးစီးပြိုင်ပွဲတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်က သေနတ်ပစ်ဖောက်၍တာလွှတ်ပေးခဲ့ပြီး အားကစားသမားများက ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့မှစတင်၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် စဝ်စံထွန်းပြည်သူဆေးရုံအထိ အသွားအပြန် စီးနင်းကာ ပြည်နယ်အားကစားလေ့ကျင့်ရုံရှေ့တွင် ပြန်လည်ပန်းဝင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် တောင်ကြီးမြို့မှ အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲဝင် အားကစားသမားများ၊ အပျော်တမ်းစက်ဘီးစီး ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင်များ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ အားကစားသမားများ၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် တာချီလိတ်မြို့တို့မှ မြန်မာ့လက်ရွေးစင် စက်ဘီးစီးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် အပျော်တမ်းစက်ဘီးစီးပြိုင်ပွဲတွင် အားကစားသမား ၃၀၆ ဦးအထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**




# အသက် ၆၀ မှ ၇၄ နှစ်အရွယ်ရှိ လက်ရွေးစင် ဘောလုံးသမားဟောင်းများ ချစ်ကြည်ရေးဘောလုံးကစား

**ရွှေဘို နိုဝင်ဘာ ၂၈**

အသက် ၆၀ မှ အသက် ၇၄ နှစ်ကြားရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကိုယ်စားပြု လက်ရွေးစင်ဘောလုံးသမားဟောင်းများ ပါဝင်သော ရွှေဘိုအသင်းနှင့် မုံရွာအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ရန်ကြီးအောင်ဘောလုံးကွင်း၌ နိုဝင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည်။



အဆိုပါ ချစ်ကြည်ရေးဘောလုံးပွဲ ကစားခြင်းနှင့်ပတ်သက်၍ ရွှေဘိုအသင်းမှ အသက် ၆၅ နှစ် အရွယ်ရှိ လက်ရွေးစင်ဘောလုံးသမားဟောင်း ဦးတင်အေးက မျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွန်းရေးအတွက် အသက်အရွယ်ကြီးသော ဘောလုံးသမားဟောင်းများက ကစားပြခြင်းဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါ ချစ်ကြည်ရေးဘောလုံးပွဲ ကစားရာတွင် ရွှေဘိုအသင်းဘက်မှ ရွှေဘိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ်လည်း ပါဝင်ကစားခဲ့ကြောင်း သိရသည်။

မျိုးဆက်သစ်ဘောလုံးသမားများ ပေါ်ထွန်းစေရေးအတွက် ချစ်ကြည်ရေးပွဲတွင် မုံရွာအသင်းမှ ဝင်ရောက်ကစားသော အသက် ၇၄ နှစ်အရွယ်ရှိ ဦးဝင်းကလည်း "အဘက မုံရွာကနေ လာတာပါ၊ ကျန်းမာရေးက သင့်ရုံပါပဲ၊ ပန်းနာရင်ကြပ်တော့ ရှိပါတယ်"ဟု ပြောကြားခဲ့ပြီး အားကစားဝတ်စုံနှင့်အတူ တက်ကြွသောအမူအရာကို တွေ့ရှိရသလို လက်တစ်ဖက်တွင်မူ ပန်းနာရင်ကြပ် ရှူဆေးဘူးကို အသင့်ကိုင်ဆောင်ထားသည်ကို တွေ့ရှိခဲ့ရသည်။

**မိုးသောက်(ရွှေဘို)**

# အသက်မွေးဝမ်းကျောင်း မွေးမြူရေးလုပ်ငန်း အထောက်အကူပြု ပညာပေးဟောပြော

**ပူတာအို နိုဝင်ဘာ ၂၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းအနေဖြင့် မူးယစ်ဆေးဝါးအစားထိုး မွေးမြူရေးလုပ်ငန်းများကို ဒေသခံပြည်သူများ လုပ်ကိုင်ကြရန် ဆောင်ရွက်လျက်ရှိရာ စနစ်တကျ မွေးမြူတတ်လာစေရန်အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်း အထောက်အကူပြု ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၆ ရက်က ပူတာအိုမြို့ မြို့မရပ်ကွက်ရှိ ခရစ်တော်၏အသင်းတော် ဘုရားရှိခိုးကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပူတာအိုခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဇော်ဝင်းက ဒေသခံပြည်သူများအား ကြက်၊ ဝက်၊ ကျွဲ၊ နွားများကို မွေးမြူရာတွင် လွှတ်ကျောင်းစနစ်မဟုတ်ဘဲ စနစ်တကျ ခြံလှောင်မွေးမြူရေးစနစ်ကို ကျင့်သုံးမှသာလျှင် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းများ ဖြစ်လာရန်အတွက် အထောက်အကူပြုမည့် အသိပညာများကို ဟောပြောခဲ့သည်။ ထို့နောက် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသူများအား ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက စီစဉ်ထုတ်ဝေထားသည့် ဒေသကြက်၊ ဘဲ ၊ ဝက် မွေးမြူရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မှုခင်းသတင်းတိုများ

## ဖုန်းဆိုင်ကိုမီးရှို့ရန်ကြံစည်သူ သုံးဦးကို အမှုဖွင့်အရေးယူ

မုံရွာမြို့ အလုံဈေးထောင့်တွင် ဖွင့်လှစ်ထားသော ဖုန်းဆိုင်ကို ဖယောင်းတိုင်မီး အသုံးပြုကာ မီးရှို့ရန်ကြံစည်သူ ဆယ်ကျော်သက်လူငယ်သုံးဦးကို မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ အဆိုပါ ဆယ်ကျော်သက်လူငယ်သုံးဦးသည် နိုဝင်ဘာ ၂၅ ရက် ညပိုင်းက မီးရှို့ရန် ကြံစည်ခဲ့ခြင်းဖြစ်ပြီး မီးရှို့ရန်လုပ်ကိုင်နေသည်ကို ဈေးလုံခြုံရေးတစ်ဦးကမြင်၍ ရဲစခန်းသို့ အကြောင်းကြားရာမှ ဖမ်းဆီးရမိခြင်းဖြစ်သည်။ "ဖုန်းဆိုင်ရဲ့သော့ကိုဖယောင်းတိုင်မီးနဲ့ ရှို့နေတာကိုမြင်တဲ့သူက အကြောင်းကြားတဲ့အတွက် သွားဖမ်းတော့ ထွက်ပြေးကြတယ်၊ လိုက်ဖမ်းတာ အလုံအထက်တန်းကျောင်းနားမှာ ဖမ်းမိတာပါ" ဟု မုံရွာမြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ ဖမ်းမိသည့်လူငယ်များသည် ဘော်ဒါဆောင်တစ်ခုတွင်နေထိုင်ကာ အထက်တန်းကျောင်းတက်နေသူများဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မြို့နယ်များတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် မြို့နယ်အသီးသီးတွင် မူးယစ်ဆေးဝါး စစ်ဆေးရှာဖွေ ဖမ်းဆီးမှုများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိရာ ဗန်းမော်၊ ပင်လောင်းနှင့် ကလောမြို့နယ်များ၌ မူးယစ်ဆေးဝါးများကို နိုဝင်ဘာ ၂၃ မှ ၂၅ ရက်အတွင်း ဖမ်းမိခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့နယ်၌ နိုဝင်ဘာ ၂၄ ရက်က မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဗန်းမော်-မန္တလေးကားလမ်းပေါ်တွင် ရှာဖွေစစ်ဆေးမှုများဆောင်ရွက်စဉ် စိုင်းထွန်းဆာ မောင်းနှင်လာသည့်ဆိုင်ကယ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် ဘိန်းဖြူ ၄၈ ဂရမ်ကို ဖမ်းမိခဲ့သည်။ ပင်လောင်းမြို့နယ် ညောင်ရွှေ-ပင်လောင်း ကားလမ်းပေါ်၌လည်း နိုဝင်ဘာ ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က အောင်ဆန်းမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို ဖမ်းမိခဲ့သည်။

နိုဝင်ဘာ ၂၃ ရက်ကလည်း မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များက ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည် ကားလမ်းတွင် နေရှိုင်းမောင်းနှင်ပြီး မျိုးမင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၇၀ ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၄ ရက်က ကလောမြို့နယ် ဝက်ဖြူ ရေကျေးရွာအုပ်စု မကွေ့ကျေးရွာနေ မလှစန်း၏နေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ရှာဖွေရာ ဘိန်းဆီခဲ ၃၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၆၃ ပြားကိုလည်းကောင်း ဖမ်းမိခဲ့ပြီး ကွင်းဆက်အရ တစ်ရွာတည်းနေ ၎င်း၏သမီး မအိအိဖြိုး၏ဈေးဆိုင်ကို ရှာဖွေရာ ဘိန်းဆီခဲ ၁၀ ဂရမ်ကိုလည်းကောင်း ထပ်မံဖမ်းမိခဲ့ကြောင်း သိရသည်။ အဆိုပါ မူးယစ်ဆေးဝါးမှုများတွင် ဖမ်းမိသူများအား ဥပဒေအရ အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ သာယာကုန်းရပ်ကွက်မှ နေအိမ်တစ်အိမ်ကို နိုဝင်ဘာ ၂၅ ရက်က ရောဦးစစ်ဆင်ရေးစီမံချက်ဖြင့် ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားများကို ဖမ်းဆီးရမိကြောင်း သိရသည်။ ရောဦးစီမံချက်အရ မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ ရဲအုပ်မျိုးမင်းထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့မှ ရဲအုပ်ကျော်မြင့်ထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် ဆိပ်မူနယ်မြေရဲကင်းစခန်းမှ ရဲအုပ်ထွန်းအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဒေါ်ထွေးငယ်(၄၀နှစ်)၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော ၈၈/၁ စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄ ပြားကို သက်သေများရှေ့တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်ထွေးငယ်အား ဖားကန့်မြို့မရဲစခန်း၌ အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ဆိုင်ကယ်ဖြင့်သယ်လာသော စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် မလွဲတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ နိုဝင်ဘာ ၂၇ ရက် နံနက် ၄ နာရီခန့်က ယာဉ်များကို စစ်ဆေးစဉ် ဆိုင်ကယ်တစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြားများကို ဖမ်းမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရဲအုပ်မြစိုးနှင့် တပ်ဖွဲ့ဝင်များသည် လူ၊ ယာဉ်များဝင်ထွက်မှုကို စစ်ဆေးနေစဉ် ရေးမြို့နယ်ဘက်မှ အောင်ကိုလတ် (၂၅နှစ်) မောင်းနှင်လာသော နံပါတ်မပါ ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းထံမှ ဆေးပြား ၁၃၀၀ ကို ဖမ်းမိခဲ့၍ အောင်ကိုလတ်အား ဖမ်းဆီးကာ ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြောင်းစိုက်ခင်းအတွင်း ဝှက်ထားသည့် မူးယစ်ဆေးဝါးများ ဖမ်းမိ

ကချင်ပြည်နယ် ရွှေကူမြို့တွင် မူးယစ်ဆေးဝါးသတင်းအရ ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာမှ ပြောင်းစိုက်ခင်းအတွင်း၌ သိုဝှက်ထားသည့် မူးယစ်ဆေးဝါးများကို နိုဝင်ဘာ ၂၆ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ရောဦးစစ်ဆင်ရေးစီမံချက်အရ ဗန်းမော်ခရိုင် မှုခင်းနှိမ်နင်းရေးမှ ဒုရဲအုပ်ဟိန်းဝေဇင်လတ် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ရွှေကူမြို့နယ် သရက်ကုန်းကျေးရွာအုပ်စုနေ ဒေါ်သန်းသန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်း၏နေအိမ်ဘေးရှိ ပြောင်းစိုက်ခင်းအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၄၅ ပြားကို ဖမ်းမိခဲ့၍ ဒေါ်သန်းသန်းအား ရွှေကူမြို့မရဲစခန်းက ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။

**ဆီမီးခုံ -နန်းရီ**

# သန်လျင်မြို့၏ သမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်

**ဆောင်းပါး-သက်ခိုင် (သန်လျင်)**



ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ လှိုင်းပုတ်ကုန်းခေါ် ဥတ္တရဂံကုန်းတော်ပေါ်၌ မြို့၏ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးကို သာသနာတော်နှစ် ၂၄၁ ခုနှစ်(လွန်ခဲ့သော နှစ်ပေါင်း ၂၃၂၀ ခန့် သက္ကရာဇ် ၁၂၉၄ ခုနှစ်)က မူလဘုရားဒါယကာ ခေါလက ရသေ့ကြီးနှင့် သထုံဘုရင် စူဠသီရိမာသောကမင်းတို့က ဂေါတမမြတ်စွာဘုရားရှင်၏ ဆံတော်ခြောက်ဆူ ဌာပနာတော်မူ၍ ဉာဏ်တော် ၂၂၄ ပေ ၆ လက်မအမြင့် တည်ထားကိုးကွယ်ခဲ့သည်။

သုဝဏ္ဏဘူမိ သထုံပြည် မွန်မင်းများမှ စ၍ ပုဂံ၊ အင်းဝ၊ ပင်းယ၊ တောင်ငူ၊ ရတနာပုံ၊ ကုန်းဘောင်ခေတ်မင်းအဆက်ဆက် အစိုးရများ အဆက်ဆက်နှင့် သာသနာပြုပုဂ္ဂိုလ်များ၊ အလှူရှင်များ၊ ဂေါပကအဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဉာဏ်တော် ၂၂၄ ပေ ၆ လက်မအမြင့်ရှိ ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးသည် ယနေ့တိုင် ရွှေရောင်ဝင်းဝါ တင့်တယ်သပ္ပာယ်စွာ တည်ရှိနေသည်ကို တွေ့မြင်နိုင်ကြသည်။

စေတီတော်ကြီးတွင် နှစ်စဉ် ရိုးရာယဉ်ကျေးမှုများနှင့်အညီ ပွဲတော်များလည်း ကျင်းပလျက်ရှိရာ တပို့တွဲလ ဗုဒ္ဓပူဇနိယပွဲတော်ကြီးမှစ၍ လစဉ် ဘာသာရေးပွဲများကို ကျင်းပလျက်ရှိသည်။ တန်ခူးလ မဟာသင်္ကြန်ပွဲတော် အခါသမယတွင် အထူးဓမ္မသဘင် တရားပွဲများ၊ ကဆုန်လပြည့်နေ့တွင် စေတီတော်အရှေ့ဘက် အောက်ရင်ပြင်တော်ရှိ မဟာဗောဓိညောင်ပင်ကြီး၌ ကဆုန်ညောင်ရေသွန်းပွဲတော်၊ နယုန်လပြည့် မဟာသမယ အခါတော်နေ့တွင် စေတီတော်မြတ် ဩဝါဒါစရိယ ဆရာတော်ကြီးများက မဟာသမယ အခါတော်နေ့ တရားတော်များ ဟောကြားခြင်း၊ ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့တွင် ဝါဆိုသင်္ကန်းများ ဆပ်ကပ်လှူဒါန်းခြင်း၊ ဝါခေါင်လပြည့် မေတ္တာ အခါတော်နေ့တွင် ဆရာတော်ကြီးများက တန်ဆောင်းအသီးသီး၌ မေတ္တသုတ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တော်သလင်းလပြည့် ဂရုဓမ္မ အခါတော်နေ့တွင် ဆရာတော်ကြီးများက တရားတော်များဟောကြားခြင်း၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် စေတီတော်မြတ် ဩဝါဒါစရိယ ဆရာတော်ကြီးက အဘိဓမ္မာအခါတော်နေ့ တရားတော်များ ဟောကြားတော်မူခြင်း၊ တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့တွင် အာရုံမတက်မီ အဖိတ်နေ့ညက ယှဉ်ပြိုင်ရက်လုပ်ထားသည့် မသိုးရွှေကြာသင်္ကန်းတော်မြတ်များကို ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးနှင့် ပွင့်တော်မူမည့် ဘုရားရှင်ငါးဆူထံ ဆက်ကပ်ပူဇော်ခြင်း၊ နတ်တော်လပြည့်နေ့တွင် ရင်ပြင်တော် နှစ်ကျိပ်ရှစ်ဆူ တန်ဆောင်းအတွင်း သီတင်းသုံး စံပယ်တော်မူသည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား မြို့တွင်းသို့ အပူဇော်ခံ ဒေသစာရီ ကြွချီတော်မူခြင်း စသည်ဖြင့် ၁၂ လရာသီ ပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးအား ယခု ၂၀၁၇ ခုနှစ် ပွင့်လင်းရာသီ စတင်ချိန်မှစ၍ ပထမဆုံးအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းတော်မြတ် ကပ်လှူပူဇော်လျက်ရှိသည်။ ထို့အတူ လာမည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း၌လည်း တပို့တွဲလ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ကျင်းပသွားမည်ဖြစ်သည်။

ဇန်နဝါရီ ၂၄ မှ ဖေဖော်ဝါရီ ၁ ရက်အထိ ပွဲတော်ရက်များအတွင်း နှစ်စဉ်နှစ်တိုင်းကဲ့သို့ ကိုးရက်တိုင်တိုင် ဇာတ်သဘင်များ ပဒေသာကပွဲများ ကျင်းပခြင်း၊ အားကစားပွဲများ ကျင်းပခြင်း၊ မျက်လှည့်၊ ရုပ်သေး၊ ရိုးရာခြင်းလုံးခတ်ပွဲ စသည့် ဖျော်ဖြေပွဲမျိုးစုံတို့နှင့်အတူ မြန်မာနိုင်ငံအရပ်ရပ်မှ နယ်လှည့်ဈေးသည်များက ဒေသထွက်ကုန် အစုံအလင် ရောင်းချမည့် ဈေးရောင်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ကြီးနှင့် မဝေးလှသည့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးအား ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုလှည့်ကြပါဟု ဖိတ်ခေါ်လိုက်ရပါသည်။ ။

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အသေးစားမှတ်တမ်းရုပ်ရှင်ပြိုင်ပွဲ ဆုများချီးမြှင့်

**မကွေး နိုဝင်ဘာ ၂၈**

ကလေးအလုပ်သမားများတွင်လည်း ကလေးသူငယ် အခွင့်အရေးများကို တန်းတူခံစားပိုင်ခွင့်ရှိသည်ဆိုသော အဓိပ္ပာယ်ကို ရသမြောက်စွာ ဖန်တီးရိုက်ကူးရသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသေးစား မှတ်တမ်းရုပ်ရှင်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို မကွေးမြို့ ရောဝတီစားသောက်ဆိုင် ခန်းမ၌ နိုဝင်ဘာ ၂၅ ရက် ညပိုင်းက ကျင်းပခဲ့ကာ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များကိုလည်း ဂုဏ်ပြုညစာစားပွဲဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

Social Care Volunteer Group(SCVG)က စီစဉ်ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲတွင် ဆန်ခါတင်ဇာတ်ကား ခုနစ်ကားအနက် ပထမဆုကိုအနာဂတ်ပန်းချီဇာတ်ကား၊ ဒုတိယဆုကို မျှော်တလင့်လင့် ဇာတ်ကား၊ တတိယဆုကို ရွှေရောင်အနာဂတ် ဇာတ်ကားများက ရရှိခဲ့ပြီး ပထမဆု ကျပ် ခုနစ်သိန်း၊ ဒုတိယဆု ကျပ် လေးသိန်း၊ တတိယဆု ကျပ် သုံးသိန်းနှင့် အမှတ်တရ ဆုတံဆိပ်များကို မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်နှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့သည်။

"ပြိုင်ပွဲဝင်ဇာတ်ကားတွေကို ဆုရွေးချယ်ရာမှာ ဗဟုသုတမျှဝေနိုင်ခြင်း၊ ပရိတ်သတ်ကို ဆွဲဆောင်နိုင်ခြင်း၊ ဇာတ်ကားရုပ်သံအရည်အသွေး၊ တီထွင်ဖန်တီး ကြိုးစားအားထုတ်နိုင်မှု၊ Heart Touch လို့ခေါ်တဲ့ နှလုံးသားကိုထိမှန်စေမှုစတဲ့ အခြေခံစံနှုန်း ၅ အပေါ်မှာ တိုင်းတာအကဲဖြတ်ပြီး ဆုရွေးချယ်ရေးအဖွဲ့က ရွေးချယ်ခဲ့တာဖြစ်ပါတယ်"ဟု SCVG မှ စီမံကိန်းမန်နေဂျာ ကိုရဲလင်းအောင်က ပြောသည်။

ဆုများရွေးချယ်ရာတွင် အွန်လိုင်းအမှတ် ၂၀ နှင့် ဒိုင်အကဲဖြတ်အမှတ် ၈၀ တို့ကို ပေါင်းစပ်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ဒုတိယဆုရရှိသည့် ခတ်ပုံကိုဇော်(မကွေး)၏ မျှော်တလင့်လင့်ဇာတ်ကားမှာ SCVG ဖေ့စ်ဘွတ်စာမျက်နှာတွင် Voting အမှတ်အများဆုံး ရရှိခဲ့ကြောင်း၊ ဆုပေးပွဲနှင့် ညစာစားပွဲ တက်ရောက်လာသူအများစု၏ အားပေးမှုကိုလည်း ရရှိခဲ့ကြောင်း ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲသို့ ဧည့်သည်တော်အဖြစ် တက်ရောက်သည့် မကွေးဒေသခံ စာရေးဆရာတစ်ဦးက ပြောကြားသည်။

**ဇေယျတု(မကွေး)**

# မြို့နယ်လုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပရေး ညှိနှိုင်းဆွေးနွေး

**ငါန်းဇွန် နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ဓမ္မစကူးလ်ဖောင်ဒေးရှင်းက ကြီးမှူး၍ စတုတ္ထအကြိမ် ကျင်းပမည့် ၃၈ ဖြာမင်္ဂလာ သရုပ်ဖော်ပြိုင်ပွဲ၊ ငါန်းဇွန်မြို့နယ်လုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်များ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ငါန်းဇွန်မြို့ သဲဖြူဓမ္မစကူးလ်၌ နိုဝင်ဘာ ၂၆ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ ဆရာတော် ဒေါက်တာအရှင်နရပတိက ဩဝါဒချီးမြှင့်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး ဦးဇော်ဝင်းက ၃၈ ဖြာမင်္ဂလာ သရုပ်ဖော်ပြိုင်ပွဲ၊ မြို့နယ်လုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ပြိုင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်တို့နှင့် ပတ်သက်၍ ဆောင်ရွက်ကြရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြလျှောက်ထားသည်။

ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော မြို့နယ်အတွင်းရှိ ဓမ္မစကူးလ်များမှ ဆရာတော် သံဃာတော်များ၊ ဓမ္မစကူးလ် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အကျိုးတော်ဆောင်များက ဆောင်ရွက်ကြရမည့် လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကာ ကဏ္ဍအလိုက် တာဝန်များ ခွဲဝေခဲ့ကြသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# လွှတ်တော်ရန်ပုံငွေဖြင့် ခင်းသည့် ကွန်ကရစ်လမ်းသစ်ဖွင့်

**နွားထိုးကြီး နိုဝင်ဘာ ၂၈**

နွားထိုးကြီးမြို့ အမှတ် ၂ ရပ်ကွက်ရှိ စံပယ်လမ်းကို ပြည်သူ့လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၅၀ ဖြင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်၊ မြို့စည်ပင်ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၊ အမှုဆောင် ဦးလှဝင်းနှင့် အမှတ် ၂ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးညိုချောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။ အဆိုပါ အမှတ် ၂ ရပ်ကွက် စံပယ်လမ်းသည် ပေ ၄၉၀ ရှည်ပြီး ငွေကျပ် ၅၇ သိန်းကျော် အကုန်အကျခံ၍ ကွန်ကရစ်လမ်းခင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# အောင်မြင်လျက်ရှိသည့် တောင်ငူမြို့ ၃၆၅ ရက် နေ့စဉ် အရဏ်ဆွမ်းလောင်းအသင်း

**တောင်ငူ နိုဝင်ဘာ ၂၈**

၃၆၅ ရက် နေ့စဉ်အရဏ်ဆွမ်းလောင်း အသင်းကြီးသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ရွှေနှင်းဆီဓမ္မဗိမာန်၌ တည်ထောင်ထားရှိပြီး မြို့ပေါ်ရှိ ဘုန်းတော်ကြီးစာသင်တိုက်နှင့် ကျောင်းတိုက် ၁၀၁ ကျောင်းမှ သံဃာတော်အပါး ၁၀၀၀ ကျော်၊ သီလရှင်စာသင်တိုက်နှစ်တိုက်မှ သီလရှင်အပါး ၁၀၀ ခန့်တို့အား နေ့စဉ်မပျက် အရဏ်ဆွမ်းနှင့် ဆွမ်းဟင်းလျာများကို လောင်းလှူလျက်ရှိခဲ့သည်မှာ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ယနေ့အထိ ၁၂ နှစ်တိုင်ရှိခဲ့ပြီ ဖြစ်သည်။

ဆွမ်းလောင်းလှူခြင်းစတင်ခဲ့သည်မှာ တောင်ငူမြို့နယ် သံဃနာယကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများ၏ မိန့်ကြားလမ်းညွှန်ချက်နှင့်အညီ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် အဘိဓမ္မာပြန့်ပွားရေးအသင်း၌ စေတနာရှင်၊ ဝါသနာရှင်၊ အလှူရှင်များ ပါဝင်သော အမှုဆောင်အဖွဲ့ဝင် ၄၂ ဦးက အမှုဆောင်တစ်ဦးလျှင် ဆွမ်းစာအုပ် ၂၅ အုပ်၊ တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ နှုန်းစီဖြင့် တစ်လ ကောက်ခံပေးရန် ဆုံးဖြတ်ကြပြီး ရရှိငွေကျပ်သိန်း ၃၀ ဖြင့် ၃၆၅ ရက် ဘုံဆွမ်းလောင်းအသင်းကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ရွှေဆံတော်စေတီတော် အရှေ့ဘက်မုခ်အနီးဘုရားလမ်းဆွမ်းလောင်းရုံတွင် တောင်ငူမြို့ပေါ်ရှိ စာသင်တိုက်နှင့် ကျောင်းတိုက် ၃၀ ခန့်မှ ရဟန်း၊ သံဃာအပါး ၆၀၀ ခန့်ကို နေ့စဉ်အရဏ်ဆွမ်း စတင်လောင်းလှူခဲ့ခြင်းဖြစ်သည်။

အလှူရှင် သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ရွှေနှင်းဆီ ဒေါ်အုန်းခင်က ၁၉၉၈ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ရွှေနှင်းဆီ ဓမ္မဗိမာန်တော်ကြီးကို ဆောက်လုပ်ပြီးစီး၍ ဘုရားအမှူးရှိသော အာဂတာနာဂတစတုဒိသာ၊ သံဃာတော်တို့၏ဂုဏ်ကို အာရုံပြု၍ လှူဒါန်းခဲ့သည်။

ထို့နောက်အရပ်လေး မျက်နှာမှ သံဃာတော်အရှင်သူမြတ်များ သွားရေး၊ လာရေးအဆင်ပြေစေရန် ၂၀၀၆ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ရွှေနှင်းဆီဓမ္မဗိမာန်ကြီးနှင့် ဆက်စပ်ပစ္စည်းများကို ၃၆၅ ရက် ဘုံဆွမ်းလောင်းအသင်းသို့ လွှဲအပ်နှင်းခဲ့သည်။

ထို့နောက် အမှုဆောင်လူကြီးများက ညှိနှိုင်းတိုင်ပင်ကြပြီး "၃၆၅ ရက် နေ့စဉ် အရဏ်ဆွမ်းလောင်းအသင်း" ဟု အမည်တွင်စေလျက် ၂၀၀၆ ခုနှစ်ဇူလိုင်လ ၁၀ ရက်နေ့မှစပြီး နေ့စဉ်အရဏ်ဆွမ်းလောင်းလှူခြင်းကို ရွှေဆံတော်အရှေ့ဘက်မုခ်ဦးအနီး ဘုရားလမ်းဆွမ်းလောင်းရုံမှယခုလက်ရှိရွှေနှင်းဆီဓမ္မဗိမာန်သို့ ပြောင်းရွှေ့လောင်းလှူခဲ့ခြင်းဖြစ်သည်။

ရွှေနှင်းဆီဒေါ်အုန်းခင်သည် ၂၀၀၆ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ငွေကျပ်သိန်း ၁၀ ဖြင့်အလှူငွေမတည်လာခဲ့ရာ ၂၀၀၉ ခုနှစ်ဇူလိုင်လ ၃ ရက်နေ့တွင် အလှူငွေကျပ်သိန်း ၁၅၀၀ အထိတိုးပွားခဲ့ပြီး CB ဘဏ်ဥက္ကဋ္ဌဦးခင်မောင်အေးက ထပ်မံ၍ ငွေကျပ်သိန်း ၅၀၀ လှူဒါန်းခဲ့သဖြင့် ယနေ့အထိ ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ်သိန်း ၄၀၀၀ အထိ ရရှိလာပြီ ဖြစ်သည်။ အဆိုပါ အသင်းကြီးကိုဒါနပေါက်၍ လှူဒါန်းလိုပါက ဖုန်း-၀၅၄၂၄၈၅၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**



# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်နေ့ အခမ်းအနားကျင်းပ

**နမ့်ခမ်း နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေလီရတနာခန်းမ၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်နေ့ အထိမ်းအမှတ် အခမ်းအနားကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် Save The Children တို့ ပူးပေါင်း၍ နိုဝင်ဘာလ တတိယပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးသန်းမြင့်က မင်္ဂလာစကားပြောကြားပြီး Save The Children မှ လက်ထောက်စီမံကိန်းမန်နေဂျာ ဦးစိုင်းစိုးညွှန့်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်နေ့အကြောင်း တင်ပြဆွေးနွေးသည်။ ထို့နောက် နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ နမ့်ခမ်းမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ကျင်းပခဲ့သော ကျောင်းသား ကျောင်းသူ ၂၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူ ၇၀ ကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် အခမ်းအနားသို့ လာရောက်သော ကလေးငယ်ပေါင်း ၁၀၀ ကို ဉာဏ်စမ်းမေးခွန်းများမေးမြန်းပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# မီးရထားသံလမ်းဘေးရှိ သစ်ပင်ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်း

**အင်းတော် နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ပေါ်မှပရဟိတအဖွဲ့များနှင့်ဒေသခံပြည်သူများ ပူးပေါင်း၍ အင်းတော်မြို့မှ နတ်မဟုတ်ကလေးရွာသွားလမ်း ပြည်သူ့ဆေးရုံနှင့်နန့်ကင်တံတားကြား မီးရထားသံလမ်းဘေးရှိ သစ်ပင်ချုံနွယ်ပိတ်ပေါင်းများကို နိုဝင်ဘာ ၂၆ ရက်အထိ စုပေါင်းလုပ်အားပေးခုတ်ထွင်ရှင်းလင်းခဲ့သည်။

"ဒီနေ့စုပေါင်းလုပ်အားပေးခုတ်ထွင်ရှင်းလင်းလိုက်တဲ့နေရာတွေက သစ်ပင်ချုံနွယ်ပိတ်ပေါင်း ထူထပ်ပါတယ်၊ မြို့ ရွာတွေနဲ့လည်းမဝေးပါဘူး၊ ဒါကြောင့်မူးယစ်ဆေးသုံးစွဲရောင်းချတဲ့သူတွေနဲ့ ဒုစရိုက်သမားတွေခိုအောင်းရာနေရာလိုဖြစ်နေပါတယ်၊ ဒီနေ့ရှင်းလင်းတော့လည်း မူးယစ်ဆေးသုံးပြီးစွန့်ပစ်ထားတဲ့ ဆက်စပ်ပစ္စည်းတော်တော်များများတွေ့ရပါတယ် "ဟု ပရဟိတအဖွဲ့ဝင်တစ်ဦးက ပြောသည်။

**ကိုမင်း(အင်းတော်)**


## ရန်ကုန်မြို့တော်နေ ပြည်သူများသို့ အသိပေးပန်ကြားချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆက်သွယ်ရေးကွန်ရက်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရေးဝန်ဆောင်မှု လိုင်စင်ရကုမ္ပဏီအချို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း Fiber Optic Cable နှင့် ဆက်စပ်ဆက်သွယ်ရေးကိရိယာများ၊ WiFi ချိတ်ဆက်မှုကိရိယာများ တပ်ဆင်ချိတ်ဆွဲခြင်းနှင့် ဆက်သွယ်ရေးတိုင်များ စိုက်ထူခြင်းတို့ကို တရားဝင်ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ဆောင်ရွက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

**ဆက်သွယ်ရေး ဥပဒေအခန်း(၁၃)၊ ပုဒ်မ(၄၁)အရ "သက်ဆိုင်ရာမြေနှင့် အဆောက်အအုံပိုင်ရှင်(သို့မဟုတ်)ယင်းမြေနှင့် အဆောက်အအုံ Right of Way ကို စီမံခန့်ခွဲခွင့်ရှိသူနှင့် ညှိနှိုင်း၍ ကာလသတ်မှတ်ချက်ပါဝင်သော နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်ခွင့်ရရှိသည့်နေရာတွင် ဆောင်ရွက်နိုင်သည်"**ဟု ပါရှိသည်နှင့်အညီသာ ဆောင်ရွက်ရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးထားပြီးဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တရားဝင် ခွင့်ပြုချက်ရယူထားသော အဖွဲ့အစည်းမှာ MPT နှင့် Eager Communication Group နှစ်ခုသာရှိပါသည်။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းတွင် တရားဝင်ခွင့်ပြုချက် ရယူထားခြင်းမရှိဘဲ လုပ်ငန်းဆောင်ရွက်ထားသော ကုမ္ပဏီများအနေဖြင့် (၃၁-၁၂-၂၀၁၇)ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တရားဝင်ခွင့်ပြုမိန့် လာရောက်လျှောက်ထားကြပါရန်နှင့် သတ်မှတ်ကာလအတွင်း လာရောက်ဆက်သွယ်ခြင်းမရှိသော ကုမ္ပဏီများမှ ဆောင်ရွက်ထားသည့် Fiber Optic Cable များ၊ ဆက်သွယ်ရေးတိုင်များနှင့် ဆက်စပ်ဆက်သွယ်ရေးကိရိယာများ၊ WiFi ချိတ်ဆက်မှုကိရိယာများအား ဖြုတ်သိမ်းသွားမည့်အပြင် တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ရန်ကုန်မြို့တော်နေပြည်သူများအနေဖြင့်လည်း တရားဝင်ခွင့်ပြုချက် ရယူထားခြင်းမရှိသော ဆက်သွယ်ရေးဝန်ဆောင်မှု ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်ခြင်း မပြုကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၇၄-၈၀)ဘာသာရပ်ပေါင်းစုံ ကျောင်းသား/ကျောင်းသူများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ

စက်မှုတက္ကသိုလ်ကျောင်းတော်ကြီး၌ (၁၉၇၄)ခုနှစ်တွင် စတင်ပညာသင်ကြားခဲ့ပြီး ကျောင်းပြီးခဲ့ကြသည့် သူငယ်ချင်းများ၊ ကျောင်းမပြီးခဲ့သည့် သူငယ်ချင်းများ၊ မည်သည့်နှစ်တွင်မဆို စတင်ပညာသင်ကြားခဲ့ကြပြီး(၁၉၈၀)ခုနှစ်တွင် ကျောင်းပြီးခဲ့သည့် သူငယ်ချင်းများအား တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲသို့ တက်ရောက်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | မြတ်ဆရာပူဇော်ပွဲ | မိတ်ဆုံ ညစာစားပွဲ |
|---|---|---|
| **ရက်** | - ၁၃-၁-၂၀၁၈(စနေနေ့) | ၁၃-၁-၂၀၁၈(စနေနေ့) |
| **အချိန်** | - 9:00AM- 12:00AM | 6:00PM-9:30PM |
| **နေရာ** | - YTU(Assembly Hall)Gyogone | Hotel Yangon(Ball Room) 2nd Floor(8 Mile) |

(အလှူငွေထည့်ဝင်လိုပါလျှင်- Tin Win(Mech) 250648831, Khin Mg Shwe 5189171, Thein Htut(EP) 5419176, Kyi Myo Lwin(EC) 250260260, Kyaw Oo (Chem)796217981, Htay Aung(Mining)5084667, Sein Bo(Petro)450019209, Myint Mg(Textile)455321745, Kyi Soe(Met)5179510, Myo Myat Aye(Archi)254248840, Naypyitaw-Mar Mar Aye (Civil)2131780, Mandalay-Nay Win (Mining) 5012996, Singapore-Min Zaw(EP)+6597539435, KBZ 188-302-04500976501)(ငွေသွင်းပြီးက Myint Thein Tun(Mech)5014926 ထံ ဆက်သွယ်ပေးကြပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်နေ ဒဂုံတက္ကသိုလ်ကျောင်းသား မောင်နိုင်လင်းထူး၏ ဖခင်ဦးကြင်သိန်းနှင့် ဦးကျင်သိန်း ၇/ရတရ(နိုင်) ၀၅၈၁၉၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကြင်သိန်း(ခ)ဦးကျင်သိန်း**

## ပျောက်ဆုံးကြောင်း

ဒေါ်အေးအေးမော် ၁၂/သကတ(နိုင်)၁၇၄၉၀၅ ၏ ID အမှတ်-783159, ISPIDVY 8-13-14/12724(13-11-2013)နှင့် Customs Statement တို့အား သွားရင်းလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၇၆၃၇၁၉၊ ၀၉-၄၂၀၁၁၆၂၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၁၁၁၈)၊ မြေကွက်တည်နေရာအမှတ်(၁၁၁၈)၊ လောပိတလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဦးဝေညွှ(၁၂/လမန(နိုင်)၀၁၄၉၃၉)နှင့်ဒေါ်အေးငယ်(၁၂/လမန(နိုင်)၀၁၄၉၃၆)အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအားပူးတွဲဂရန်အမည်ပေါက်ဦးဝေညွှ(ခင်ပွန်း)(၁၆-၆-၀၄)ရက်နေ့တွင်ကွယ်လွန်သဖြင့်တစ်ဦးတည်းသောဇနီးဆိုသူဒေါ်အေးငယ်(၁၂/လမန(နိုင်)၀၁၄၉၃၆)မှဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊အေးပတ်ဝန်းကျင်(၂)ဦး၏ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ခင်ပွန်းသေစာရင်း၊ပုံစံ(၁၀)၊ဂရန်မူရင်းတို့တင်ပြ၍ဦးဝေညွှအစုအားပိုင်ဆိုင်ကြောင်းနှင့်အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအားကွင်းဆင်းစိစစ်ရာပုဉ်ကာသွပ်မိုး(၁-၅)ထပ်အိမ်ရှိပြီးဒေါ်အေးငယ်ကိုယ်တိုင်နေထိုင်ပါသဖြင့်တရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပုံစံ(၈)ဝင် သစ်ခွဲသားများ လေလံတင်ရောင်းချရန် လေလံကြော်ငြာ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်ရှိ ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် အင်၊ ကညင် သစ်/ခွဲသား (၁၈၆ ဒသမ ၉၅၇၇)တန်၊ သစ်မာအုပ်စု(၁) သစ်/ခွဲသား(၅၁ ဒသမ ၀၃၀၄)တန်၊ ကျွန်းသစ်/ခွဲသား(၂၂ ဒသမ၇၉၁)တန်၊ တိုင်(၃)ပေအောက် သစ်(၁ ဒသမ ၄၂)တန်နှင့် သစ်စက်နှင့် ဆက်စပ်ပစ္စည်းများကို လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လေလံလျှောက်လွှာများအား ၁၀-၁၁-၂၀၁၇ရက်မှ ၄-၁၂-၂၀၁၇ရက်အထိ သစ်တောဦးစီးဌာန၊ ဖောင်းပြင်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**လေလံအစီအစဉ်**

**ရက်** - ၆-၁၂-၂၀၁၇ရက်
**အချိန်** - နံနက် ၁၀နာရီ
**နေရာ** - သစ်တောဦးစီးဌာန၊ ဖောင်းပြင်မြို့

မှတ်ချက်။ ။ အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ဖောင်းပြင်မြို့ ဖုန်းနံပါတ်-၀၉-၄၅၈၅၈၈၄၅၁၊ ၀၉-၄၄၄၁၂၅၁၃၄တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ**

## ဖခင်အမည်မှန်

မုဒုံမြို့ အထက(၃) နဝမတန်း (C)မှ မနန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ထော ၁၀/မဒန(နိုင်)၁၃၉၇၁၇ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မွန်ပြည်နယ်ရဲတပ်ဖွဲ့၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော အငယ်တန်းစာရေး ဒေါ်တင်တင်မိုး ကျွန်မ၏တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် ညလ-၄၃၇၅တွင်ပါရှိသော (ဖခင်)အမည် ဦးစီနား၊ (မိခင်)အမည် ဒေါ်သန်းရင်တို့မှာ ကျွန်မ၏အဘိုးအဘွားများဖြစ်ပြီး မိဘအမည်မှန်မှာ ဦးမောင်မောင်-ဒေါ်တင်ဝင်းဖြစ်ပါကြောင်း။

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စေတီ ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)
**အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ကြည်း-၇၉၇၅၊ OTS အပတ်စဉ်(၂၁) (မုဒ္ဒုံ)**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဣစ္ဆာသယလမ်း၊ VIP (1) သုဝဏ္ဏ၊ အမှတ် ၃၀/၁၃၄နေ(ဦးပါ-ဒေါ်နှင့်)တို့၏သား၊ (ဒေါ်မြင့်မြင့်သန်း)၏ချစ်လှစွာသောခင်ပွန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)သည် ၂၇-၁၁-၂၀၁၇ရက် မွန်းလွဲ ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စေတီ ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)
**အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ကြည်း-၇၉၇၅၊ OTS အပတ်စဉ်(၂၁) (မုဒ္ဒုံ)**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဣစ္ဆာသယလမ်း၊ VIP (1) သုဝဏ္ဏ၊ အမှတ် ၃၀/၁၃၄နေ (ဦးပါ-ဒေါ်နှင့်)တို့၏သား၊ (ဒေါ်မြင့်မြင့်သန်း)၏ချစ်လှစွာသောခင်ပွန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)သည် ၂၇-၁၁-၂၀၁၇ရက် မွန်းလွဲ ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်ကြီးအေးမောင်လေး(ငြိမ်း)
**လေ-၂၂၇၁၊ တပ်မတော်(လေ)**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**အားကစားနှင့်ကာယပညာဦးစီးဌာန**
**မြန်မာ့လက်ရွေးစင်(ဘောလုံးကစားသမား/နည်းပြ)**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်(၁၆)ရပ်ကွက်၊ အမှတ် ၄၁၂နေ ဒေါ်ကြင်လှိုင်၏ချစ်လှစွာသောခင်ပွန်း၊ မြန်မာ့ဂုဏ်ဆောင်လက်ရွေးစင်ဘောလုံးသမား/နည်းပြဟောင်း ဗိုလ်ကြီးအေးမောင်လေး(ငြိမ်း)သည် ၂၅-၁၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည် မိသားစုများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါက်တာကြည်လွင်ဦး (M.B.,B.S, M.P.H)
**ညွှန်ကြားရေးမှူး၊ လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**အသက်(၅၀)**

၂၆-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း**

---

**ရဟန်းဒါယိကာမကြီး**
## ဒေါ်စန်းရီ(ခ)ဒေါ်အေးကြည်မ (သာကေတမြို့နယ်)
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ ၁၁လမ်းအနောက်၊ အမှတ် ၄၁၆နေ (ဦးကြိုင်-ဒေါ်ရီ)တို့၏သမီး၊ (ဦးမောင်ပို)-ဒေါ်ခင်လှတို့၏သမီးချွေးမ၊ (ဦးကျော်နိုင်)၏ဇနီး၊ ဒေါ်တင်ဝင်း၊ (ဦးစံမြင့်)-ဒေါ်ခင်စိုးတို့၏ညီမ၊ ဒေါ်လှလှခင်၊ ဦးအောင်မင်းဟန်-ဒေါ်ခင်လှမြင့်၊ (ဦးမြင့်သိန်း)-ဒေါ်နီနီဝင်းတို့၏အစ်မ၊ ဦးအောင်နိုင်စိုး-မစိမ့်၊ ရွှေဦးလှိုင်၊ ကိုသန်းနိုင်-မသဇ္ဈာအောင်၊ ကိုရန်နိုင်ထွန်း-မခင်ကျော့ကျော့အောင်၊ ကိုဖုန်းသက်နိုင်၊ မယဉ်မင်းသူတို့၏ချစ်လှစွာသောမိခင်၊ မြေး၄ယောက်တို့၏အဘွားသည် ၂၈-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၅း၁၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇း၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးအေးမော်
**အသက်(၅၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တူးချောင်းကျေးရွာအုပ်စု၊ ရန်ကုန်-ညောင်တန်းလမ်းမကြီး၊ အကွက်အမှတ် ၃၆၄နေ ဦးကိုဦး(အောင်ချမ်းသာ ခရီးသည်ပို့ဆောင်ရေး)၏ဇနီး၊ ဦးနေဝင်းလှိုင်-ဒေါ်ဇင်မာဝင်း၊ ဦးဇော်ဝင်းမောင်-ဒေါ်သန်းသန်းမိုး၊ ဦးပိုင်သက်ကျော်-ဒေါ်ခင်မြင့်မိုရ်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၅-၁၁-၂၀၁၇ရက် (စနေနေ့) နံနက် ၁း၅၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးရဲကျော်စွာ အသက်(၄၆)နှစ်
**(P.S.A.S pore ဝန်ထမ်းဟောင်း)**

ရန်ကုန်မြို့နေ (ဦးငွေဘော်-ဒေါ်အေးကြိုင်)တို့၏သား၊ (ဦးမြ-ဒေါ်စီစီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀)တောင်ရပ်ကွက်၊ သန်လျင်တံတားအိမ်ရာဝင်း၊ ထင်းရှူးမြိုင်လမ်း၊ အမှတ် ၈၁နေ ဒေါ်ခင်အေးမော်၏ခင်ပွန်း၊ မောင်ဘုန်းနိုင်ကျော်(အထက-ခွဲ၊ လ-၇၊ သာကေတ၊ Grade-5, B)၏ဖခင်၊ဦးခင်မောင်အုန်း-ဒေါ်နီနီယဉ်၊ ဒေါ်နွယ်နွယ်ယဉ်(စီးပွား/ကူးသန်း)၊ ဦးသန်းဌေး-ဒေါ်သဲစု၊ ဦးရှိန်ဝင်း-ဒေါ်လဲ့လဲ့သန့်တို့၏အစ်ကို/ညီ/မောင်သည် ၂၈-၁၁-၂၀၁၇ရက် မွန်းလွဲ ၁၂း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကုလားမ (ရေစကြို-ကူတုတ်)
**အသက်(၉၆)နှစ်**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့၊ မြို့မတောင်ပိုင်းရပ်နေ (ဦးပု-ဒေါ်ဖွားပျို့)တို့၏သမီး၊ (ဦးဘချစ်)၏ဇနီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် ၅၀၅၊ အောက်ပုဇွန်တောင်လမ်းနေ ဦးမြင့်ငွေ (မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်ဝင်းတင်(ထက်အုပ်၊ ငြိမ်း)၊ ဦးသန်းဇော်-ဒေါ်ငွေး(ရေစကြို)၊ ဦးအောင်သန်းငွေး(ရန်ကုန်)တို့၏မိခင်၊ ဗိုလ်မှူးဟိန်းမောင်မြင့်-ဒေါ်အိရတနာလတ်၊ ဦးသန်းမျိုးနိုင်-ဒေါ်နွယ်နီမြင့် (ဆက်သွယ်ရေး၊ စာတိုက်)၊ ဦးညဏ်လင်းဟန်-ဒေါ်ဇင်ဖြူမြင့်(ခေတ္တ-စင်ကာပူ)၊ ဦးစည်သူမြင့်-ဒေါ်အေးအေးဝင်း၊ မသန္တာအောင်၊ မောင်ရဲလင်းအောင်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၁၁-၂၀၁၇ရက် ည ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အောက်ပုဇွန်တောင်လမ်း၊ အမှတ် ၅၀၅နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၂-၂၀၁၇ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သီ (ရုံးသပြေကန်ရွာ)
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ ၁၂လမ်းအနောက်၊ အမှတ် ၈၉၉/A နေ (ဦးမြစံ-ဒေါ်ချေးကြီး)တို့၏သမီး၊ (ဦးဘအို-ဒေါ်မှုံ)တို့၏သမီးချွေးမ၊ (ဦးသိန်းရွှေ)၏ဇနီး၊ (ဦးခင်မောင်မြင့်-ဒေါ်တင်မြင့်)တို့၏အစ်မ၊ ဒေါ်မေမြင့်(မန်နေဂျာ၊ ဟိုတယ်/ခရီး၊ ငြိမ်း) Head Way Educare၊ (ဦးတင်မောင်သိန်း၊ စစစ၊ ငြိမ်း)-ဒေါ်သန်းမြင့်(မူ/ပြ၊ငြိမ်း)၊ ဦးတင်လှ(RTC၊ ငြိမ်း)-ဒေါ်တင်တင်ဝင်း(RTC၊ငြိမ်း)၊ ဦးမျိုးမြင့်(ဗဟိုပုံနှိပ်တိုက်၊ငြိမ်း)-ဒေါ်ညွှန့်ညွှန့်ရီ(ဂုန်/လျှော်၊ ငြိမ်း)၊ ဦးမြင့်ဦး-ဒေါ်အေးမူ၊ ဦးခင်မောင်ထွေး(ဗဟိုပုံနှိပ်တိုက်၊ ငြိမ်း)-ဒေါ်ခင်သန်းမြင့်၊ ဦးဝင်းတင်-ဒေါ်တင်မေနီတို့၏မိခင်၊မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၈-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ရင်ရွှေ(သိမ်ချောင်းရွာ) အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ရူပလမ်း၊ အမှတ် ၉/၃၈နေ(ဦးချစ်-ဒေါ်ချိန်)တို့၏သမီး၊ (ဦးကတုံး)၏ဇနီး၊ ဦးမြင့်ဆွေ(စား/ဖျော်၊ ငြိမ်း)-ဒေါ်စန်းရီ၊(ဦးချစ်ဆွေ-ဒေါ်လှလှ)၊ ဒေါ်ကြည်ကြည်ဝင်း GM(Finance Department United Engineering Co.,Ltd.)တို့၏ ချစ်လှစွာသောမိခင်၊ ဦးတင်ထွန်းအောင်၊ ဦးအောင်ကျော်ဇော-ဒေါ်သဲအိမွန်၊ ဦးနောင်ထွဋ်ဝင်း-ဒေါ်စန်းစန်းဝင်း၊ ဦးဟိန်းသူအောင်-ဒေါ်တင်တင်စိုး၊ ဦးမျိုးမင်းဆွေ-ဒေါ်အေးအေးသွယ်၊ ဦးမိုးမင်းဝင်း-ဒေါ်ဝတ်ရည်မွန်သန်းတို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၂၇-၁၁-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
## ဒေါ်ဘိလေ(ခ)တေးသံရှင် ဒေါ်ခင်ယုဆွေ
**အသက်(၈၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ၄လမ်း၊ အမှတ် ၁၁နေ (ဦးယုစွမ်-ဒေါ်ကြင်မြိုင်)တို့၏သမီး၊ မဒေါက်မြို့နေ (ဦးဟုတ်ရှုံး-ဒေါ်စန်းစန်း)တို့၏ချွေးမ၊ (ဦးထိုက်စိန်)၏ဇနီး၊ ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ [ဒေါ်ခင်ယုမေ(ခ)ဒေါ်ဘိတ်ာ]၏ညီမ၊ ဦးထိုက်ဟင်း-ဒေါ်အိအိခင်၊ ဦးဝင်းလွင်-ဒေါ်သီသီမြတ်၊ ဦးဇော်သက်-ဒေါ်ကျင်စန်း၊ ဦးအောင်ကျော်ထွန်း(S'Pore)၊ ဦးချစ်လွင်-ဒေါ်သင်းသင်းနွယ်၊ ဦးစိန်မန်းမောင်လတ်-ဒေါ်တင်တင်နွယ်(ဒုတိုင်းဥပဒေအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး)၊ ဒေါ်ခင်ခင်မြ၊ ဒေါ်မြင့်မြင့်ဝေ၊ ဦးဝင်းမြင့်၊ ဒေါ်သင်းသင်းဝေ၊ ဒေါက်တာအေးအေးမွန်၊(Australia) မှ MAISIE CHAN, VIOLET CHAN,JOHNNY CHAN, TAMMY CHAN, HENRY CHAN, EDDIE CHAN, KO TAW TAR တို့၏အစ်မ၊ ဒုတိယဗိုလ်မှူးကြီးကြည်စိန်(ငြိမ်း)-ဒေါ်အေးအေးမြင့်၊ ဦးဇော်ဝင်းထိုက်-ဒေါ်ဆွေဆွေသောင်း(USA)တို့၏မိခင်၊ JONATHAN SWE HTIKE ၏ဘွားဘွားကြီးသည် ၂၀-၁၁-၂၀၁၇ရက် (တနင်္လာနေ့) ည ၉း၅၅နာရီတွင် ကွယ်လွန်ခဲ့ပြီး ၂၂-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဦးတင်ညွှန့် (ပုလောမြို့)
**အသင်းဝင်အမှတ်-၆၉၉**
**အသက်(၆၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ မြဝတီ(၂)လမ်းနေ ဒေါ်ချိုချို၏ခင်ပွန်းသည် ၂၆-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၈-၁၁-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဒေါ်တင်တင်ဌေး
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မင်းနန္ဒာအိမ်ရာ၊ အမှတ် ၂နေ ဦးကျော်၏ဇနီး၊ ဦးစိုးလင်း-ဒေါက်တာဒေါ်အေးမဉ္ဇူ၊ ဒေါ်သီသီလင်းတို့၏မိခင်၊ မောင်ချစ်ဆွေဝင်း၊ မစုနေလလင်း၊ မအေးချမ်းမိုးတို့၏အဘွား၊ (ဦးတင်ဦး)-ဒေါ်ကြည်စော၊ ဦးတင်လှ-ဒေါ်အေးအေးခိုင်၊ ဒေါ်မာမာချို၊ဦးသက်ထွန်း(တပ်မတော်-ရေ)-ဒေါ်စိုးစိုးဝင်း၊ ဦးသက်နိုင်-ဒေါ်အေးအေးသင်းတို့၏အစ်မ၊ တူ၊ တူမတို့၏အဒေါ်သည် ၂၈-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေတွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၂-၂၀၁၇ရက်(အင်္ဂါနေ့)နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အနိစ္စ

## ဦးတင့်ဆွေ (သနပ်ပင်)
**အသက်(၈၂)နှစ်**

ပဲခူးမြို့နေ(ဦးအောင်သိန်း-ဒေါ်ချစ်)တို့၏သား၊(ဦးဝင်းမောင်-ဒေါ်သောင်း)၊(ဦးထွန်းခင်-ဒေါ်အေးကြည်)၊(ဦးချေး-ဒေါ်တင်အေး)တို့၏ညီ/မောင်၊(ဦးချို)-ဒေါ်တင်နွဲ့၊ ဦးပွ-ဒေါ်တင်ရီသိန်း၊ (ဦးကျော်ဆန်း - ဒေါ်အေးသန်း)၊ ဦးကျော်စိုး - ဒေါ်ခင်မျိုးအောင်တို့၏အစ်ကို၊ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့၊ လမ်းမတော်လမ်း၊ အမှတ် ၄၅နေ ဒေါ်ခင်သိန်း၏ခင်ပွန်း၊ ဦးမြဦး၊ ဦးဇော်ဝင်း-ဒေါ်ခင်လေးမွန်၊ Mr. Garoon-ဒေါ်သက်သက်ဆွေ၊ (ဦးခင်မောင်ဆွေ)တို့၏ဖခင်သည် ၂၇-၁၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (လှိုင်မြို့နယ်၊ အေးရိပ်မွန် ၈လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ တိုက် ၂၊ အခန်း ၂၀၁ နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
## ဒေါ်အေးသီ
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ကျော်သူ ၁၇လမ်း၊ အမှတ် ၉၁၄နေ(ဦးစံအေး-ဒေါ်ချေးမ)တို့၏သမီး၊ (ဦးဖိုးဦး-ဒေါ်လှ)တို့၏ချွေးမ၊(ဦးထွေး)၏ဇနီး၊ (ဦးသာထွန်း-ဒေါ်ကြည်)၊ (ဦးလင်ကျူး)-ဒေါ်အေးအေးမြင့်၊ ဒေါ်ငုံကြည်၊ ဦးအောင်စိန်-ဒေါ်အေးအေးမော်၊ ဦးအုန်းမြင့်-ဒေါ်ခင်ခင်ကြည်၊ ဦးအေးထွန်း-ဒေါ်ရီရီမော်၊ ဒေါ်ထွေးထွေးရီ၊ ဒေါ်တင်တင်ထွေးတို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ် ၁၆ယောက်တို့၏အဘွားသည် ၂၇-၁၁-၂၀၁၇ရက်(တနင်္လာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှ
**(ရုံးအုပ်ကြီး-ငြိမ်း၊ ရဲချုပ်ရုံး)**
**ရန်ကုန်ဟိုက်စကူးကျောင်းသားဟောင်း**
**အသက်(၈၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်နေ (ဦးဘိုးစာ-ဒေါ်ငွေစိန်)တို့၏သား၊ နေပြည်တော်နေ ဦးထိန်လင်း-ဒေါ်ခင်လှမူ၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးအေးသွင်-ဒေါ်တင်လှမူ၊ မော်ဘီမြို့နေ ဦးမင်းစိုးသူ-ဒေါ်ခင်မိုးအေးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၉အေ)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၄၁၂/ကနေ (ဒေါ်ခင်မူတင်) ဒေါ်ခင်သိန်း၏ ခင်ပွန်းသည် ၂၇-၁၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၁၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ (ဦးလှ) - ဒေါ်ခင်သိန်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးတင်ညွှန့်
**ကပ-၈၃၂၁**
**တပ်မတော်-ရေ(ငြိမ်း)**
**အသက်(၇၈)နှစ်**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ရှမ်းစုရပ်နေ(ဦးမောင်ပု-ဒေါ်တင်ရွှေ)တို့၏သား၊ မြိတ်မြို့နေ (ဦးထွန်းညွှန့်-ဒေါ်သီးစိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ် ၄၆/ခနေ (ဒေါ်ရီ)၏ခင်ပွန်း၊ ကိုအောင်မြတ်မိုး-မစောနီလာ၊ မမိုးမိုးသူ၊ ကိုတင်အောင်မိုး-မချစ်ငုံဖူးတို့၏ဖခင်၊ မညိမြတ်ခင်ခင်၊ မောင်ပြည့်ဖြိုးအောင်၊ မောင်အောင်ပြည့်ဖုန်းခန့်တို့၏အဘိုးသည် ၂၇-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
**ဆရာမကြီး**
## ဒေါ်ခရစ္စတင်းချမ်း
**(Girlie Poe)**
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**တွံတေးမြို့**
**အသက်(၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ ကျွန်းတော ၈လမ်းနေ (ဦးစောဖိုးချမ်း-ဒေါ်နော်နီရာ)တို့၏သမီး၊ ကော့မှူးမြို့နေ (ဦးထွန်း-ဒေါ်အေးလှ)တို့၏သမီးချွေးမ၊ ဦးမြင့်စိုး(မြို့နယ်တရားသူကြီး၊ငြိမ်း)၏ချစ်လှစွာသောဇနီး၊ စောချမ်းမင်းစိုး၊ နော်ရှုဘီစိုးတို့၏ ချစ်လှစွာသောမိခင်သည် ၂၇-၁၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင်ဝတ်ပြုဆုတောင်းပြီး မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ကျွန်းတော ၉လမ်း ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တဝါယမ
**(သာသနာ့ဓဇ ဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဓမ္မကထိက၊ ဗဟုဇနဟိတဓရ)**
**ငါးထပ်ကြီးဘုရားဂေါပကအဖွဲ့၊ ဩဝါဒါစရိယဆရာတော်**
**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တဝါယမသည် (၁၃၇၉ခုနှစ် နတ်တော်လဆန်း ၁၀ရက်) ၂၈-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် နတ်တော်လဆန်း ၁၄ရက်) ၂-၁၂-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ငါးထပ်ကြီးကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာ၍ ရေဝေးသုသာန်သို့ ပင့်ဆောင်မီးသင်္ဂြိုဟ်ပူဇော်ပါမည်။)

ငါးထပ်ကြီးကျောင်းတိုက် နာယကဆရာတော်များနှင့်
ငါးထပ်ကြီးဘုရားဂေါပကအဖွဲ့ တပည့်ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ပြည်နယ်သံဃနာယကဥက္ကဋ္ဌ(ရွှေကျင်)**
## ကြက်ကိုင်းတန်ဆရာတော် ဘဒ္ဒန္တစန္ဒာလင်္ကာရ
**(မဟာဂန္ထဝါစကပဏ္ဍိတ)**
**သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၃)ဝါ**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ကြက်ကိုင်းတန်ကျေးရွာ၊ စန္ဒာရာမပရိယတ္တိကျောင်းတိုက်၏ပဓာနနာယက၊ ပြည်နယ်သံဃနာယကဥက္ကဋ္ဌ(ရွှေကျင်)၊ ဂိုဏ်းလုံးဝန်ဆောင်ဖြစ်တော်မူသော ဘဒ္ဒန္တစန္ဒာလင်္ကာရ မဟာဂန္ထဝါစကပဏ္ဍိတ မဟာထေရ်မြတ်သည်(၁၃၇၉ခုနှစ် နတ်တော်လဆန်း ၁၀ရက်)(အင်္ဂါနေ့) နံနက် ၇း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စန္ဒာရာမပရိယတ္တိကျောင်း၊ ကြက်ကိုင်းတန်ရွာ
စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသိန်းလှိုင်
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ စောလှဘော်လမ်း၊ အမှတ် ၃၇၃(က)နေ ဒေါ်စန္ဒာဦး၏ခင်ပွန်း၊ မောင်အောင်ဇေမင်း၊ မလှိုင်ဆုမြတ်ပန်တို့၏ဖခင်သည် ၂၈-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမြင့်ဇော် အသက်(၇၅)နှစ်
**(ဒု-ဥက္ကဋ္ဌ၊ ကျိုက်သုတ်စေတီတော်ဂေါပကအဖွဲ့)**

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်၊ မဂ္ဂင်လမ်း၊ အမှတ် ၅၅နေ (ဦးဖိုးကွန်း-ဒေါ်ဖြူတုတ်)တို့၏သား၊ (ဦးစံလှိုင်-ဒေါ်လှခင်)တို့၏သားသမက်၊ ဒေါ်ညွှန့်မြိုင်၏ခင်ပွန်း၊(ဦးမြင့်နိုင်)-ဒေါ်မီမီထွေး၊ဦးမြင့်ခိုင်-ဒေါ်ခိုင်ဆုဝေ၊ဦးဆန်းဆန်းအောင်၊ (ဦးဝင်းချို-ဒေါ်လဲ့လဲ့ထိုက်)၊ ဦးဝင်းဇော်ထွေး-ဒေါ်သူဇာမြင့်၊ ကိုကျော်ခန့်-မမိုးသီတာဇော်၊ ကိုဇေယျာလင်း-မဖြိုးသီတာဇော်တို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၂၈-၁၁-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၇ရက်(စနေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## နော်ထဲနေချစ်
**လ/ထ အင်ဂျင်နီယာ(ငြိမ်း)၊ (မြို့ပြ)အဆောက်အဦဦးစီး**
**အသက်(၆၄)နှစ်**

ပုသိမ်မြို့နေ (ဦးစောလှချစ်-နော်အယ်ဒီးနာ)တို့၏သမီး၊ တောင်ငူမြို့နေ (ဦးစောစံမြ-နော်စူးစီ)တို့၏ချွေးမ၊ နော်စွားလိုချစ်၊ နော်မဲရစ်ချစ်တို့၏ညီမ၊ စောတောနော်-နန့်မျိုးကလျာနှင်း၊ ဦးသန်းထိုက်ဘွား-နော်နှင်းစံပယ်ဦးတို့၏ချစ်လှစွာသောမိခင်၊ စောကောင်းပြည့်ဟန်၊ စောအံ့ထူးအောင်ဘွားဦး၊ နော်ကြယ်စင်အောင်ဘွားဦးတို့၏ချစ်လှစွာသောဖွားဖွား၊ (ဦးစောစံလင်းရောင်)၏ချစ်လှစွာသောဇနီးသည် မြန်အောင်မြို့၊ (၂)ရပ်ကွက်၊ ဆေးရုံတဲကြီးကုန်းလမ်း၊ အမှတ် ၆၇ နေအိမ်၌ ၂၈-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၂း၁၅နာရီတွင် ခရစ်တော်အိပ်ပျော်သွားပါသဖြင့် ၂၉-၁၁-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါ မြန်အောင်မြို့နေအိမ်၌ဝတ်ပြုဆုတောင်းပြီး မြန်အောင်မြို့ ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ကျော်စိန်(ခ)အသန
**(B.E.M.E)**
**စစ်တွေ**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ကနောင်လမ်း၊ အမှတ် ၉၄၉နေ (ဦးမောင်သန်းတင်-ဒေါ်သိန်းခင်)တို့၏သား၊ (ဦးမောင်ဦးကျော် - ဒေါ်ခင်မေလှိုင်)တို့၏ သားသမက်၊ ဒေါ်သိန်းနွယ်ဦး (လယ်/ပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဝေလင်း(Myanmar Makro) - ဒေါ်တင်တင်ဦး(စိတ်ကြိုက်စတိုး)၊ ဦးဟိန်းအောင်(ခေတ္တ-မလေးရှား) - ဒေါ်ဖြူဖြူစင် (လယ်/ဆည်)၊ ဦးပိုင်မင်းဇော် - ဒေါ်အေးအေးစံတို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၇-၁၁-၂၀၁၇ရက် (တနင်္လာနေ့)ည ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးဘုန်းမြင့်နိုင်
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊နတ်ချောင်းရပ်ကွက်၊သမိန်ဗရမ်းလမ်း၊ အမှတ် ၃၉၊ ၅/အေ နေ (ဦးလှဖေ)-ဒေါ်ခင်မာမြင့်၊ ဦးခင်မောင်တင်-ဒေါ်စံပါယ်နိုင်၊ ဦးသိန်းရွှေ-ဒေါ်မေမူးနိုင်တို့၏မောင်၊ ဦးတင်အောင်စိုး-ဒေါ်ခင်စုစုနိုင်၊ဦးဇော်မျိုးနိုင်၏အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊စက်ဆန်းရပ်ကွက်၊ကျွန်စစ်သားလမ်း၊ အမှတ် ၉၉နေ ဦးစိုးသိန်း-ဒေါ်ချစ်ချစ်ထွေးတို့၏သားသမက်၊ ကိုဝေလင်းထွဋ်-မနော်မူတူး၊ ကိုမင်းမင်းစိုး-မချိုမာ၊ ကိုအောင်မင်းသိန်း-မမိငြိမ်း၊ ကိုဂျိုးဆက်-မကြည်မော်၊ ကိုမင်းမင်းထွေး-မမိုးလေးတို့၏ခဲအို၊ တူ/တူမ ၂၄ယောက်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုး၊ မနော်ဆာဖော၏ချစ်လှစွာသောခင်ပွန်းသည် ၂၇-၁၁-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့်၃၀-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မိန့်ခွန်းပြောကြားသည့် အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မိန့်ခွန်းပြောကြားသည့် အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်၊ ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဗာတီကန်မြို့ပြနိုင်ငံ၏ အတွင်းရေးမှူး Cardinal Pietro PAROLIN၊ မြန်မာနိုင်ငံမှ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး Cardinal Charles Maung Bo၊ မြန်မာနိုင်ငံ ကက်သလစ်အသင်းတော်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကြိုဆို နှုတ်ခွန်းဆက်စကားကို စာမျက်နှာ-၅ တွင် ဖော်ပြထားပါသည်)**

ယင်းနောက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် က မိန့်ခွန်းပြောကြားသည်။ **(ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ မိန့်ခွန်းကို စာမျက်နှာ-၄ တွင် ဖော်ပြထားပါသည်)**

**ဘင်္ဂလားဒေ့ရှ်သို့ ဆက်သွားမည်**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် နိုဝင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့ကျိုက္ကဆံကွင်းတွင် လူထုပရိသတ်နှင့် မစ္ဆားပူဇော်ဝတ်ပြုဆုတောင်းခြင်း၊ ကမ္ဘာအေး သံဃာ့ဗဟိုဌာန၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သွားရောက်တွေ့ဆုံခြင်း၊ စိန့်မေရီဘုရားကျောင်းတွင် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများနှင့် တွေ့ဆုံခြင်းများ ဆောင်ရွက်ပြီး နိုဝင်ဘာ ၃၀ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**မိန့်ခွန်းပြောကြားရန် ရောက်ရှိလာသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြိုဆိုလာစဉ်။**

သတင်းစဉ်

# ကလေးမြို့တွင် ဒုတိယ အကြိမ်မြောက် အိန္ဒိယ- မြန်မာ-ထိုင်း ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲပြုလုပ်



**ကလေး နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် Kalinga Motor Club က ကြီးမှူး၍ ဒုတိယအကြိမ်မြောက် အိန္ဒိယ-မြန်မာ- ထိုင်း သုံးနိုင်ငံဖြတ်ကျော် ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲ (IMT Friendship Car Rally-II 2017) ကားမောင်းပြိုင်ပွဲခရီးစဉ်ကို D & T Myanmar Travels Co.Ltd. ၏ အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံသား Mr. Vikram Singhal က ဦးဆောင်၍ နိုင်ငံခြားသား ၄၈ ဦး မောင်းနှင်သော မော်တော်ယာဉ်အစီး ၂၀ ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၇ နာရီက ကလေးမြို့ မင်းကြီးဟိုတယ်ရှေ့ဗိုလ်ချုပ်လမ်းမဘေး၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ

*စာမျက်နှာ ၈ ကော်လံ ၅* ❄

**သူ့အမြင်၊ ကိုယ့်အမြင်တွေကို ဆွေးနွေးပြီး မသိတာတွေ အပြန်အလှန်ဖလှယ်ခဲ့ကြလို့ ဆွေးနွေးပွဲက အောင်မြင်တယ်လို့ ပြောရမယ်**

စာ » ၉

**အစ္စရေးနိုင်ငံ၏ ရေတပ်ဒုံးကျည်ကာကွယ်ရေးစနစ် အပြည့်အဝ လည်ပတ်နိုင်ပြီဖြစ်ကြောင်း ကြေညာ**

စာ » ၁၄








# ရန်ကုန်မြို့ပြတစ်ခွင် ကားပါကင်

**ဝေယံဦး၊ ဓာတ်ပုံ - ကေဇင်**

“နေရာလွတ် ကြည့်ပါဦး”

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းအလယ်ဘလောက်သို့ သူငယ်ချင်း ကိုအောင်လတ် ကားဖြင့်လာခဲ့ရာမှ လမ်းဘေးဝဲယာတွင် ကားရပ်ရန်နေရာအတွက် ကျွန်တော်တို့ ရှာဖွေနေခြင်းဖြစ်သည်။ ကားကို ဖြည်းဖြည်းချင်းမောင်းရင်း နေရာလွတ် ရှာသော်လည်းမတွေ့။ ရန်ကုန်မြို့လယ်တွင် ကားရပ်ရန် ခက်ခဲသည်ကအမှန်။ ကားကို လမ်းတစ်ပတ်မောင်းရင်း နေရာလွတ်ရှာဖွေနေရာ ကံကောင်းစွာ ရပ်ထားသော ကားတစ်စီးက မောင်းထွက်သွားသဖြင့် ခပ်မြန်မြန် ကားပါကင် ထိုးလိုက်ရသည်။ ဒါတောင် ကိုယ့်တွေကားနောက်မှာ ကားပါကင်နေရာအတွက် ကားသုံးစီး တန်းစီမောင်းနေပြန်သည်။ ပြီးမှ ဖြည်းဖြည်းချင်း မောင်းထွက်သွားကြပြီး ကားပါကင်ထိုးရန် ဆက်လက်ရှာဖွေနေကြသည်ကို တွေ့ရသည်။

ကားအစီးရေ တဖြည်းဖြည်းများလာသော ရန်ကုန်မြို့တွင် မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်း၊ လမ်းတိုင်းတွင် ကားပါကင်အတွက် အခက်အခဲဖြစ်လာသည်။ ရန်ကုန်မြို့တွင်း မဆိုထားနှင့် ဆင်ခြေဖုံးရပ်ကွက်လမ်းများပေါ်တွင်ပါ ကားပါကင် အတွက် မလွယ်ကူတော့။ ညအပ်ကားရပ်နိုင်ရေး ခက်ခဲလာပြီဖြစ်ရာ တဖြည်းဖြည်းနှင့် ရန်ကုန်မြို့ပြ လူနေမှု





ဘဝတွင် အခက်အခဲတစ်ရပ် ဖြစ်နေခဲ့သည်မှာ အချိန်ကာလတစ်ခုအထိ ရှိနေခဲ့ပြီဖြစ်သည်။

“ရန်ကုန်မြို့မှာ လမ်းမတော်၊ ပန်းဘဲတန်း၊ လသာ၊ ကျောက်တံတား၊ ပုဇွန်တောင်နဲ့ ဗိုလ်တထောင်မြို့နယ်တွေအပြင် လူနေထူထပ်တဲ့ နောက်ထပ်မြို့နယ် သုံးခုမှာပါ မျဉ်းဝါတွေ ရေးဆွဲပြီး ကားပါကင်တွေ စီစဉ်နေပါတယ်” ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး ပြောထားပြီးဖြစ်သည်။

ကားပါကင်အတွက် နေရာလုရင်း ခိုက်ရန်ဒေါသဖြစ်မှုများ၊ လူသတ်မှုများ အထိ ဖြစ်ပေါ်နေရာ ရန်ကုန်မြို့တွင် ကားပါကင်အတွက် စနစ်တကျဆောင်ရွက် အကောင်အထည်ဖော်ရန် လက်ရှိထက်အရှိန်အဟုန်မြှင့်နိုင်ရေး ဆောင်ရွက်ရတော့မည် ဖြစ်သည်။ အများပြည်သူအသုံးပြုနေရာနှင့် လမ်းများပေါ်တွင် ကားပါကင်အတွက် တိုင်များထောင်ခြင်း၊ ကြိုးတားခြင်းအပြင် နေရာဦးထားခြင်းများ မပြုလုပ်ရန် သတိပေးမှုများ၊ စည်းကမ်းများ သတ်မှတ်ထုတ်ပြန်ထားသော်လည်း လိုက်နာမှု အားနည်းနေဆဲဖြစ်သည်။

ရန်ကုန်မြို့တွင်း၌ ယခင်ကနေရာများ သတ်မှတ်ကာ ကားပါကင်ခများ တောင်းခံမှု စနစ်ထားရှိခဲ့သည်။ နောက်ပိုင်း၌ ကားပါကင်တွင် ရပ်နားခငွေ တောင်းခံခြင်း စနစ်ကို ဖျက်သိမ်းခဲ့သည်။ ကောင်းခြင်း အားနည်းခြင်းရှိခဲ့သော ကားပါကင်ငွေကောက်ခံမှု စနစ်တွင် ငွေကောက်မည့်သူများက ကားများစနစ် တကျရပ်နိုင်ရန် ဆောင်ရွက်ပေးသဖြင့် ယင်းအချက်က ကောင်းမွန်ခြင်းဖြစ်သည်။ သို့သော် ငွေကောက်ခံမှုကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည်။ ကားပါကင်နေရာ မည်မျှရှိသည်။ မည်သို့ ခွဲဝေ ချထားသည်။ မည်သည့်နှုန်းဖြင့် ကန့်သတ်ကာလအတွင်း သတ်မှတ်ထားသည်များကို ပြည်သူများမှာ မသိခဲ့။

ယခုအခါ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်နှင့် လူနေထူထပ်သည့် အခြားမြို့နယ်သုံးမြို့နယ်တို့တွင် မျဉ်းဝါရေးဆွဲကာ ကားပါကင်များသတ်မှတ်ပြီး ကားရပ်နားခများ ပေးခဲ့ရန်အတွက် ပွင့်လင်းမြင်သာစွာ စနစ်တကျဆောင်ရွက်သွားရန် စီစဉ်နေပြီဖြစ်သည်။ လက်ရှိအချိန်တွင် မြို့တွင်းခြောက်မြို့နယ်၌ ကားပါကင်ခများ မရှိတော့သည့်အတွက် စည်းကမ်းမဲ့ ယာဉ်ရပ်မှုများ ဖြစ်ပေါ်လာသည်ကို တွေ့မြင်နေရပြန်သည်။ အချို့ကားများက ယာဉ်ရပ်ထားပြီး အချို့ကားများက ကားရှေ့ပိတ်ရပ်ထားကြသည်။ အချို့ကားများ ယာဉ်နှစ်ထပ်ပုံစံမျိုး ရပ်ထားကြပြန်သည်။ မကြာခဏ တွေ့မြင်ရသည်က ပလက်ဖောင်းနှင့် နှစ်ပေခန့်အကွာတွင် ရပ်ထားသော ကားများပင်ဖြစ်သည်။ ပလက်ဖောင်းကိုကပ်ပြီး မရပ်သဖြင့် ကားလမ်းပိတ်ဆို့မှုဖြစ်သလို နောက်ထပ်ကား တစ်စီးရပ်ရန် အခက်အခဲ ကြုံတွေ့ရခြင်း ဖြစ်သည်။

“လက်ရှိအခြေအနေမှာ လက်ယာကပ်မောင်းစနစ်ပြ၍ လမ်းသွယ်များမှာ မျဉ်းဝါတား ကားပါကင်တွေကို ပွင့်လင်းမြင်သာစွာနဲ့ တင်ဒါခေါ်ရင်ဝင်ငွေလည်း ရနိုင်ပြီး ယာဉ်ရပ်နားမှုတွေလည်း စနစ်တကျဖြစ်သွားနိုင်ပါတယ်” ဟု

**အချပ်ပို (ဂ) သို့**

# မြို့ပြရန်ကုန် ဟိုတယ်ဇုန်

**ဆောင်းပါး - ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

ရန်ကုန်မြို့တော်သည် ပြည်ပခရီးသွားများ အများဆုံး ဝင်ထွက်သွားလာရာ မြို့ကြီးတစ်မြို့ ဖြစ်သည်။ ပြည်ပခရီးသွားများ အများဆုံးလာရောက်သည့် မြို့ကြီးဖြစ်သည့်အတွက် ၎င်းတို့တည်းခိုရန် ဟိုတယ်ကြီးများလည်း အများအပြား ပေါ်ထွက်လာလျက်ရှိသည်။ ရန်ကုန်မြို့၏ အထပ်မြင့်အဆောက်အအုံအများစုသည် နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများအဖြစ် ရပ်တည်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းကြီးများ ရှိသောကြောင့် ပြည်ပခရီးသွားများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရာတွင် ရန်ကုန်မြို့တော်ကို အဓိက ဝင်ပေါက်အဖြစ် အသုံးပြုကြသည်။ မြို့တော်ရန်ကုန်ကို အခြေတည်၍ မြန်မာနိုင်ငံအနှံ့အပြားသို့ လေ့လာရေးခရီးဆန့်ကြသည်။ မြို့တော်ရန်ကုန်သို့ ပြည်ပခရီးသွားများ ဝင်ရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျက်ရှိရာ ခရီးသွားများ တည်းခိုနေထိုင်ရာ ဟိုတယ်သစ်ကြီးများလည်း တစ်လုံးပြီးတစ်လုံး ပေါ်ထွက်လာလျက်ရှိသည်။ ရန်ကုန်မြို့၏ အဓိက လမ်းမကြီးများဖြစ်သော ပြည်လမ်း၊ အင်းစိန်လမ်း၊ ကမ္ဘာအေးဘုရားလမ်းတို့၏ ဝဲယာဘေးတစ်ဖက်တစ်ချက်တို့တွင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် ဟိုတယ်ကြီးများ ပေါ်ပေါက်လာသည်။ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ရန်ကုန်မြို့တော်ခန်းမအနီးတစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံတို့မှာ ပြည်ပခရီးသွားများ စိတ်ဝင်တစားရှိလှသည့် နေရာများဖြစ်သည်။ သွားလာရလွယ်ကူပြီး ရန်ကုန်မြို့လယ်ကောင်ကို လေ့လာလိုသော ခရီးသွားများမှာ အဆိုပါနေရာ အနီးတစ်ဝိုက်ရှိ ဟိုတယ်ကြီးများကို ရွေးချယ်တည်းခိုလေ့ရှိသည်။ ရန်ကုန်မြို့၏ ဟိုတယ်သမိုင်းတွင် ၁၉၀၁ ခုနှစ်ကစ၍ တည်ဆောက်ခဲ့သော STRAND ဟိုတယ်၏ ရှေ့တွင် အမည်အတိအကျ မဖော်ပြနိုင်သော ဟိုတယ်များ ရှိခဲ့ဖူးကြောင်း ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ဆိုသည်။ STRAND ဟိုတယ်နှင့်ခေတ်ပြိုင် Royal ဟိုတယ်ဟူ၍ လက်ရှိဘိုကလေးဈေးအနီး ဂမုန်းပွင့်ကုန်တိုက် ဖွင့်လှစ်ထားသော နေရာတွင် ရှိခဲ့ဖူးကြောင်း ၎င်းတို့က ဆိုသည်။

ရေကြောင်းခရီးကို ဦးစားပေးသွားလာခဲ့ရသော ထိုခေတ်ထိုအခါက ရန်ကုန် မြစ်ကမ်းနှင့် နီးရာနေရာကို ရွေးချယ်၍ ဟိုတယ်တည်ဆောက်ခဲ့ခြင်း ဖြစ်မည်ဟု ခန့်မှန်း ရသည်။ STRAND ကို အာမေးနီးယန်းလူမျိုး Sarkies ညီအစ်ကို ပိုင်ဆိုင်ပြီး အင်္ဂလိပ်လူမျိုး ဗိသုကာပညာရှင် John Darwood က တည်ဆောက်ခဲ့သည်ဟု ဆိုသည်။ စတင်တည်ဆောက်စဉ်က အိပ်ခန်းပေါင်း ၆၀ ဖြင့် တည်ဆောက်ခဲ့သော်လည်း အခန်းများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ လိုအပ်သည်များ ထည့်သွင်းပြီး အကြိမ်ကြိမ် ပြင်ဆင်ခဲ့ရာ လက်ရှိတွင် အိပ်ခန်းပေါင်း ၃၂ ခန်း ရှိသည်ဟု သိရသည်။ မကြာခင်က မီးသင့်ခံခဲ့ရသော ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၊ အင်းလျားလိတ် ဟိုတယ်တို့မှာ ရန်ကုန်မြို့၏ သက်တမ်းရင့် ဟိုတယ်ကြီးများ ဖြစ်သည်။ နောက်ပိုင်းခေတ်များတွင် ဆီဒိုးနားဟိုတယ်၊ ကုန်သည်ကြီး များ ဟိုတယ်၊ ပါခ့်ရွိုင်ရယ်ဟိုတယ် စသည်ဖြင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများ ပေါ်ပေါက်ခဲ့သည်။ ဟိုတယ်ကြီး အများစုသည် မြို့တော်ရန်ကုန်ရှိ ကန်တော်ကြီး၊ အင်းလျားစသော ရေကန်ကြီးများအနီးတွင် ထပ်မံဖွင့်လှစ်လာကြရာ မီလီယာဟိုတယ်သည် အင်းလျားကန်ကို မျက်နှာပြုကာ နောက်ဆုံး တည်ဆောက်ထားသော ဟိုတယ်ကြီး ဖြစ်သည်။

ရန်ကုန်မြို့ရှိ ဟိုတယ်များတွင် တစ်ခုအပါအဝင်ဖြစ်သော STRAND ဟိုတယ်၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ “အခုက ခရီးသွားကာလဖြစ်နေတော့ ဒီလိုကာလမှာ အရင်လတွေထက်စာရင် ဧည့်သည်ပိုများတာပေါ့။ ဟိုတယ်မှာ တည်းတဲ့ ဧည့်သည်တွေအတွက် ဒီမှာရှိနေတဲ့ အဖွဲ့တွေက မြို့တွင်းသွားလာတာတွေ၊ မြို့ပြင်သွားတာတွေအတွက် ခရီးသွားဝန်ဆောင်မှုအပိုင်းတွေအတွက် လုပ်ပေးတာတွေ ရှိပါတယ်။ နောက်ကျွန်မတို့ဟိုတယ်မှာ ၁၉၀၁ ခုနှစ်ကနေ ဒီနေ့အထိ မရှိခဲ့ဖူးသေးတဲ့ ရေကူးကန် ပေါ့နော်။ အဲဒါကို အခုလက်စသတ်နေပြီ။ ရှေ့အပတ်ထဲမှာပဲ ဒီရေကူးကန်ကို ဖွင့်တော့မှာပါ။ ရေကူးကန်ရဲ့ဘေးပတ်ပတ်လည်မှာ အစားအသောက်တွေကို မှာပြီး စားသောက်နိုင်တဲ့ ဝန်ဆောင်မှု အသစ်တစ်ခု ထပ်တိုးတော့မှာပါ။ စက်ပစ္စည်းတွေအကုန်ပါတဲ့ အားကစားခန်းမကလည်း ရေကူးကန်နားမှာ တွဲလျက်ရှိပါတယ်။ ဟိုတယ်တိုင်းမှာရှိတဲ့ Spa ဝန်ဆောင်မှုမျိုးလည်း ကျွန်မတို့ လုပ်ပေးနေပါတယ်။ ဒါကတော့ ကျွန်မတို့ဟိုတယ်ရဲ့ ၂၀၁၇ မကုန်ခင်မှာ အသစ်ပြုလုပ်တဲ့ ဝန်ဆောင်မှုပါ”ဟု STRAND ဟိုတယ်မှ ဈေးကွက်ဒါရိုက်တာဖြစ်သူ ဒေါ်ရွှေစင်အိက ပြောသည်။

**အချပ်ပို (ခ) သို့**

# ရန်ကုန်မြို့မှ သိမ်ကြီး ကိုးသိမ်

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ တင်မောင်ဦး(အလုံ)

ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် ကမ်းကုန်အောင် လှူပေြာသော်လည်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ယုံကြည်မှု ဓလေ့ထုံးတမ်းစဉ်လာအရသာ သာသနာ အမွေခံမထိုက်သေးသူဟု ဆိုထုံးရှိခဲ့လေသည်။

သာသနာ့အမွေခံထိုက်သူအဖြစ် မိမိရင်မှ သားရတနာကိုဖြစ်စေ ကိတ္တိမ (မွေးစားသား) ကိုဖြစ်စေ သာသနာဘောင်အတွင်းသို့ သွတ်သွင်းချီးမြှင့်မှသာလျှင် ဗုဒ္ဓဘာသာ သာသနာတော်ကြီး အမွေခံသားကောင်း၊ သမီးကောင်းများ မည်ပေ၏ဟု ရှေးသူကြီးများက ဆိုထားသည်။

ထို့အတွက် မိမိရင်သွေးငယ် (သို့မဟုတ်) ကိတ္တိမသားငယ်တို့အား ငယ်စဉ်က ရှင်ပြုကြသကဲ့သို့ အသက် ၂၀ အရွယ်တွင် မြင့်မြတ်သော ရဟန်းဘဝသို့ ချီးမြှင့်လှူဒါန်းမှု ပြုလေ့ရှိကြသည်။

သံဃာတော်များအတွက် ရဟန်းပြုရန် သိမ်သည် မရှိမဖြစ်လိုအပ်သည်ဖြစ်သည်။ သို့အတွက် ဘုရားရှင်လက်ထက်ကပင် ရဟန္တာမထေရ်အရှင်သူမြတ်တို့သည် ဘုန်းတော်ကြီးကျောင်းတိုက်များအတွင်းနှင့် အနီးဝန်းကျင်၌ သိမ်များတည်ဆောက်ခဲ့ကြသည်။

အရှင်ယသမထေရ်မြတ်ကြီး သက်တော်ထင်ရှား ရှိစဉ်၌ ရန်ကုန်မြို့တွင် သိမ်ကြီး ကိုးသိမ်ကို ဓလေ့ထုံးတမ်းစဉ်လာ ဝိနည်းနှင့်အညီ တည်ဆောက်ခဲ့သည်ဟု သိသူများက ဆိုကြသည်။ သို့သော် ယနေ့ကာလ၌ အချို့သော သိမ်ကြီးများမှာ ပြုပြင်ထိန်းသိမ်းမှုကြောင့် ထင်ရှားစွာရှိနေသော်လည်း အချို့မှာ မထင်မရှား၊ အချို့မှာ လုံးဝပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

**(၁) အရှင်ယသသိမ်တော်ကြီး**

အရှင်ယသ သိမ်တော်ကြီးသည် မူလသမုတ်တော်မူခဲ့သည့် ရဟန္တာအရှင်မြတ်တို့၏ အကြီးအမှူးဖြစ်တော်မူသော အရှင်ယသ ရဟန္တာမထေရ်၏ ဘွဲ့တော်ကို အစွဲပြုပြီး ရှင်မဟာယသသိမ်တော်ကြီးဟု ထင်ရှားခဲ့သည်။ သိမ်တော်ကြီးသည် သမိုင်းဝင် ကျိုက္ကစံစေတီတော်မြတ်ကြီး၏ အနောက်တောင်ထောင့် (စနေထောင့်)မှ ပေ ၂၀၀ ခန့်အကွာ၌ တည်ရှိပြီး သိမ်တော်ကြီး၏ အရှေ့မျက်နှာစာ ထိပ်ပိုင်း၌ ၁၃၂၄ ခုနှစ်တွင် အရှင်မဟာယသရဟန္တာသိမ်တော်ကြီးဟု ကမ္ပည်းမော်ကွန်းတင်ရေးထိုးထားသည်ကို တွေ့မြင်ခဲ့ရဖူးသည်။

တည်ဆောက်ပြီးနောက် နှစ်ပေါင်း ၅၅ နှစ်ကျော်အကြာတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့၍ ၁၃၄၅ ခုနှစ်တွင် အလှူ့ရှင် ဝတ်လုံတော်ရ ဦးမောင်မောင်ကြီး၊ ဒေါ်နှင်းမြ မိသားစုနှင့် သိမ်တော်ကြီး စောင့်ရှောက်ရေးအဖွဲ့တို့က ပူးပေါင်း၍ ပြန်လည်ပြုပြင်မှုများ ပြုလုပ်ခဲ့ရသည်။

ယခုတိုင် ကျိုက္ကစံစေတီတော် ဝတ္တကနယ်မြေအတွင်း ဘုန်းတော်ကြီးကျောင်းများအနီးတွင် တည်ရှိနေဆဲဖြစ်သည်ဟု သိရသည်။


ရဟန္တာမဟာသိမ်တော်ကြီး

**(၂)ရဟန္တာသိမ်တော်ကြီး**

ရဟန္တာသိမ်တော်ကြီးသည် ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက်မုခ်အဆင်းမှ ကိုက် ၁၀၀ ခန့်အကွာ ဘုရားလမ်းအနောက်ခြမ်း၌ တည်ရှိသည်။ ယခုနောက်ပိုင်း မဟာဝိဇယစေတီတော်ကြီးနှင့် မျက်နှာချင်းဆိုင် အနေအထားတွင် တည်ရှိသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ရွှေတိဂုံစေတီတော်ကြီး တည်ထားပြီးနောက် သုံးနှစ်အကြာတွင် ကြွရောက်တော်မူလာကြသော ရဟန္တာမထေရ်အရှင်အရိယနှင့် သံဃာတော် ၁၀ ပါးတို့က သိမ်အဖြစ် သမုတ်တော်မူပြီး တိဂုံမင်း ၃၂ ပါးတို့က ဤသိမ်တော်ကြီးအတွင်း၌ ရဟန်းအဖြစ် ခံယူခဲ့ရသည်ဟု သိရသည်။ ရဟန္တာများ သမုတ်တည်ထားတော်မူခြင်းကြောင့် ရဟန္တာမဟာသိမ်တော်ကြီးဟု ထင်ရှားလေသည်။ ယနေ့ခေတ်အဆက်ဆက် မင်းတို့၏ ပြုပြင်စောင့်ရှောက်မှုကြောင့် ထင်ရှားစွာ ရှိနေဆဲဖြစ်သည်။


ကျားကူးကျောင်း သိမ်တော်ကြီး

**(၃) မဟာသိမ်တော်ကြီး**

မဟာသိမ်တော်ကြီးသည် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေးနှင့် ကုန်ဈေးတန်းအကြား၌ တည်ရှိပြီး မဟာဗန္ဓုလလမ်းကို မျက်နှာပြုထားသော မြတ်စွာဘုရားကျောင်းတော်ကြီး၏ အနောက်ဘက်၌ တည်ရှိသည်။ မြို့အလယ် အချက်အချာနေရာ၌ တည်ရှိပြီး ယနေ့တိုင် ထင်ရှားသည့် သိမ်တော်ကြီး တစ်ဆူအဖြစ် တည်ရှိနေသည်။ သက္ကရာဇ် ၁၉၁၅ ခုနှစ်တွင် ကုန်ဈေးတန်း ကျောင်းဒါယကာကြီး ဦးအေးမောင် - ဒေါ်မြင့်တို့က မဟာသိမ်တော်ကြီးကို အသစ်တည်ဆောက်လှူဒါန်းခဲ့ပြီး သိမ်တော်ကြီး အဆောက်အအုံမှာ အုတ်၊ ကျောက်တို့ဖြင့် အခိုင်အမာ တည်ဆောက်ထားခဲ့သည်။

**(၄) ဒေဝသာဂရ ရဟန္တာသိမ်တော်ကြီး**

ဒေဝသာဂရ ရဟန္တာသိမ်တော်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရပ်ကွက် သိမ်ဖြူလမ်းနှင့် ဗိုလ်မင်းရောင်လမ်း (ဦးအုန်းခိုင်လမ်း) ထောင့်၊ သိမ်ဖြူဈေးတောင်ဘက်ရှိ ဒေဝသာဂရ သိမ်ကုန်းကျောင်းတိုက်အတွင်း တောင်ကုန်းထက်တွင် တည်ရှိကာ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ခန့်က ဆောက်လုပ်ထားခဲ့သည်ဟု သိရှိရပြီး သိမ်တော်ကြီးကို ထုံးဖြူဖြူဖွေးဖွေးအသွင်ဖြင့် အဆင်ဖြင့် ဖူးမြင်ကြရသောကြောင့် သိမ်ဖြူတော်ကြီးဟူသော ဘွဲ့အမည်ဖြင့် ထင်ရှားခဲ့သည်။ သိမ်ဖြူတော်ကြီး အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တို့တွင် သိမ်တော်ကြီးသမိုင်းကို ကမ္ပည်းတင်ထားသည့် ကျောက်စာနှစ်ချပ် စိုက်ထူထားရှိသည်။ အရှေ့ဘက်ကျောက်စာတွင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သံဃာတော် နှစ်ကျိပ်နှင့်တကွ ကြွရောက်တော်မူလာကြသော ရဟန္တာနှစ်ပါးတို့က ဗုဒ္ဓသိမ်ကိုးလုံး သမုတ်တည်ထားခဲ့သည့်အနက် သိမ်ဖြူတော်ကြီးသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီးကို သိမ်ဖြူလမ်းပေါ်မှ ဖြတ်သန်းသွားသူတိုင်း ဖူးတွေ့နိုင်ပေသည်။

**(၅) ကျားကူးသိမ်တော်ကြီး**

ကျားကူးသိမ်တော်ကြီးသည် ဒဂုံမြို့နယ် ဘုရားလမ်းပေါ်ရှိ ကျားကူးကျောင်းတိုက်အတွင်း၌ တည်ရှိနေသည်။ မူလက ရဟန္တာအရှင်မြတ်ကြီးများ တည်ထားသမုတ်တော်မူခဲ့သည့် သိမ်တော်ကြီးမှာ ကျားကူးကျောင်းတိုက် အနောက်ဘက် မိုင်နာကွင်းအတွင်းတည်ရှိပြီး ယင်းနေရာကို မြင်းပြိုင်ကွင်းပြုလုပ်သောအခါ သိမ်နှင့် မလွတ်ကင်းသဖြင့် မူလသိမ်တော်ကြီးအား ကျားကူးကျောင်းတိုက်အတွင်းသို့ နေရာပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။ ရှေးယခင် ကုန်းဘောင်ခေတ် မိဖုရားခင်ဆုံကျောင်း၊ ဘုန်းကြီး ဦးပျား(ခေါ်) ဦးပဏ္ဍိတကျောင်း၊ စဉ်ပါ ဆရာတော်ကျောင်းများမှာ ယခု ကျားကျောင်းတိုက်အတွင်း တည်ရှိခဲ့သဖြင့် သာသနိကအဆောက်အအုံများနှင့် အနီးသို့ ပြောင်းရွှေ့ပေးခဲ့ခြင်း ဖြစ်သည်ဟု သိမီသူများ အဆိုပြုခဲ့သည်။

**(၆) တာမွေထန်းပင်ကုန်း သိမ်တော်ကြီး**

တာမွေမြို့နယ် ငါးထပ်ကြီးဘုရားလမ်း (ကင်းဘဲလ်လမ်း) ရှိ အစိုးရပုံနှိပ်တိုက် (ယခင်သောမတ်စ်ဒိလားရှူး ပုံနှိပ်တိုက်) အရှေ့ဘက် သိမ်ကုန်းကျောင်းတိုက်အတွင်းတွင် တည်ရှိပြီး သိမ်တော်ကြီးသည် ထန်းပင်များ ပေါက်ရောက်ရာကုန်းတွင် တည်ရှိသောကြောင့် ထန်းပင်ကုန်းသိမ်ဟု ခေါ်တွင်ကြသည်။ ယခု သိမ်တော်ကြီး တည်ရှိသည့်နေရာအား အင်္ဂလိပ်မင်းများထံမှ မစ္စတာရစ်ပလီက မြေဝယ်ယူပြီး တောများခုတ်ထွင်ရှင်းလင်းစဉ် သိမ်ကျောက်စာကို တွေ့ရှိခဲ့သောကြောင့် သူဌေးကတော် ဒေါ်ဘေးမနှင့် ဒေါ်ဘွယ်တို့က ပြုပြင်မွမ်းမံခဲ့ပြီး ၁၃၀၂ ခုနှစ်တွင် အိုးဖိုရပ်ကွက်သစ် နန္ဒင်းမကင်းကုန်သည် ဦးမောင်သိန်း-ဒေါ်စံမေ သားသမီးမြေးများက ပထမအကြိမ်အဖြစ် သိမ်တော်ကြီးကို ပြုပြင်မွမ်းမံခဲ့သည်။ တစ်ဖန် ဗိုလ်တေဇရပ်ကွက် ဗုဒ္ဓဘာသာ ပြန့်ပွားရေးအသင်းကြီးက ဦးဆောင်ပြုပြင်ခဲ့ရာ ၁၁-၄-၆၇ နေ့တွင် ပြီးစီးခဲ့သည်။ ယနေ့တိုင် တည်တံ့လျက်ရှိနေသည်။

**(၇) ကသစ်ပင်ကုန်း သိမ်တော်**

ကသစ်ပင်ကုန်းသိမ်တော်ကြီးသည် ကျိုက်အသုတ် (ခေါ်) ဆူးလေစေတီတော်ကြီး၏ အရှေ့မြောက် ၁၅ တာ ကွာဝေးသောနေရာ၌ တည်ရှိသည့် ကျိုက်ကမာကမုစေတီတော်ကြီး၏ မြောက်ဘက်အနီးတွင် ကပ်လျက်တည်ရှိသည်ဟု သမိုင်းကြောင်းအရ အဆိုရှိသည်ကို တွေ့ရသည်။ အဆိုပါ သိမ်တော်ကြီးသည်လည်း အင်္ဂလိပ်တို့၏ မြို့ကွက်သစ်ဖော်ဆောင်မှုကြောင့် ပျောက်ကွယ်သွားခဲ့ပေသည်။

**(၈) ခရေပင်ကုန်းသိမ်တော်ကြီး**

ခရေပင်ကုန်းသိမ်တော်ကြီးသည် ကျိုက်အသုတ်(ခေါ်) ဆူးလေစေတီတော်ကြီး၏ အရှေ့မြောက်ဘက် ၃၇ လမ်းအကြား မော်လမြိုင်ကျောင်းတိုက်အတွင်း တည်ရှိခဲ့ကြောင်း သိရှိရသည်။ ၎င်းသိမ်တော်ကြီးနေရာသည် အင်္ဂလိပ်အာဏာပိုင်တို့ မြို့ကွက်သစ်တိုးချဲ့လာသောကြောင့် ဖြိုချ တိုက်စားခံရပြီး ပျောက်ကွယ်သွားခဲ့ရသည်။

**(၉)သစ်တိုပင်ကုန်း (အလုံ) သိမ်တော်ကြီး**

သစ်တိုပင်ကုန်း(အလုံ)သိမ်တော်ကြီးသည် ရွှေတိဂုံစေတီတော်ကြီး အနောက်ဘက် တာ ၁၅၀၀ အကွာရှိ ဥယျာဉ်အတွင်း တည်ရှိသည်ဟု မူလသမိုင်းကြောင်းတွင် အဆိုရှိသည်။ ကုန်းဘောင်ခေတ်မင်းများလက်ထက် ဘုရင့်ဥယျာဉ်အတွင်း၌ သိမ်တော်ကြီးနှင့် ကျိုက်ဇွဲတမော့စေတီတော် တည်ရှိကြောင်း လေ့လာမှတ်သားခဲ့ရသည်။ စေတီတော်ကြီးနှင့် သိမ်တော်ကြီးအနီးရှိ ကုန်းမြင့်ပေါ်တွင် သစ်တိုပင်ကြီးတစ်ပင်ရှိပြီး သစ်တိုပင်ရှိရာမြေ၌ ဘုန်းတော်ကြီးကျောင်းလည်း တည်ရှိသည်။ ကျောင်းတိုက်မှာ နောင်မှ တည်ဆောက်သော်လည်း ကျောင်းတိုက်အဝန်းအဝိုင်း သစ်တိုပင်ကြီးအနီးတွင် သိမ်တော်ကြီး တည်ရှိသဖြင့် သစ်တိုပင်ကုန်း (အလုံ) သိမ်ဟု အမည်တွင်လေသည်။ အင်္ဂလိပ်တို့ အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် ရှေးဦးစွာ အင်္ဂလိပ်စာသင်ကျောင်း မစ်ရှင်ဟိုက်စကူးကျောင်း တည်ရှိပြီး ယခုအခါ အလုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ် (၄) တည်ရှိရာ နေရာဖြစ်ပေသည်။ ။

***မြို့ပြရန်ကုန် ဟိုတယ်ဇုန်မှ***

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဟိုတယ်နှင့် တည်းခိုခန်းအရေအတွက် ၃၈၀ ကျော်ရှိသည်။ အဆိုပါ ဟိုတယ်နှင့် တည်းခိုခန်းများတွင် အခန်းပေါင်း နှစ်သောင်းနီးပါးရှိရာ တစ်ညလျှင်တည်းခိုသူ သုံးသောင်းနီးပါးတည်းခိုနိုင်သည်။ ထို့အပြင် မြို့တော်ရန်ကုန်၌ ပုဂ္ဂလိက၊ ဖက်စပ်၊ နိုင်ငံခြား ခရီးသွားကုမ္ပဏီပေါင်း ၂၇၀၀ ကျော်ရှိသည်။

ဘာသာစကားအမျိုးမျိုးဖြင့် လမ်းညွှန်မှုပြုနိုင်သည့် လိုင်စင်ရ ဧည့်လမ်းညွှန်ပေါင်း ၂၈၀၀ ကျော်ရှိသည်။ ရန်ကုန်မြို့ရှိ အချို့သော ဟိုတယ်ကြီးများကို ဈေးဝယ်စင်တာ ကုန်တိုက်ကြီးများနှင့် တွဲဖက်ဖွင့်လှစ်လာကြသည်။ လာရောက်တည်းခိုသူတို့အတွက် အလိုရှိရာပစ္စည်းကို အနီးအနားရှိ ဈေးဝယ်စင်တာမှပင် ရရှိနိုင်ရန် စီစဉ်ထားကြသည်။ ဟိုတယ်ကြီးများနှင့် ခရီးသွားဝန်ဆောင်မှုများ ချိတ်ဆက်ကာ ပြည်ပခရီးသွားများအတွက် မြန်မာပြည်အနှံ့လည်ပတ်နိုင်ရန် စီစဉ်ထားကြသည်။

ပွင့်လင်းရာသီသို့ ရောက်ရှိလာသည့်အလျောက် ပြည်ပခရီးသွားများ မြို့တော်ရန်ကုန်ကို ဝင်ရောက်လာကြမည်မှာ မလွဲမသွေပင် ဖြစ်သည်။ ရန်ကုန်မြို့ရှိ ဟိုတယ်များကို အခြေပြုကာ သွားလာကြမည့် ပြည်ပခရီးသွားများအတွက် ခရီးစဉ်တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိရန်၊ တိကျသော ဝန်ဆောင်မှုများရှိရန် လိုအပ်ပေသည်။ မြို့တွင်း မြို့ပြင် ပြေးဆွဲလျက်ရှိသော ကား၊ ရထားဝန်ဆောင်မှုတွင် တိကျသော ထွက်ခွာချိန်၊ ရောက်ရှိချိန် (ခန့်မှန်း) များရှိရန် လိုအပ်သည်။ များပြားလာမည့် ပြည်ပခရီးသွားများအတွက် မြို့တော်ရန်ကုန်တွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်ဇုန်သစ်ကြီးများ ပေါ်ထွက်လာနိုင်ပါစေကြောင်း . . .။ ။



**ကမ္ဘာ့မြို့တော်ကြီးတွေမှာ လူသားများ သွားလာရေးကို ဖြေရှင်းတဲ့အနေနဲ့ ကောင်းကင် ရထားတွေ၊ မြေအောက်ရထားတွေ ရှိကြတယ်။ အဲဒါတွေများ ရန်ကုန်မှာ ရှိလာရင်တော့ သားတို့ ကြိုးစားကြ၊ သားတို့ ရန်ကုန်ရောက်ရင် ကိုယ့် ခေါင်းပေါ်ကသွားတဲ့ ရထားတွေလည်း စီးရမယ်။ မြေအောက်က သွားတဲ့ရထား တွေလည်း စီးရမယ်။ တစ်နေ့ကျရင်ပေါ့လေ**

# ပြောင်းလဲခြင်း၊ မပြောင်းလဲခြင်း ကြား၏ ဝိရောဓိ ရန်ကုန်




**မောင်မောင်ထွေး**

**ရန်ကုန်**ရဲ့ မွေးသက္ကရာဇ်က ၁၇၅၅ ဆိုတော့ ပစ္စက္ခဆို မြို့ရဲ့ သက်တမ်းက နှစ်ပေါင်း ၂၆၀ ကျော်တိုင်ခဲ့ပြီ။ သို့ကလိုကြောင့် ရန်ကုန်အချပ်ပို စာဖတ်ပရိသတ်အတွက် ယခုအပတ်မှာ ရန်ကုန်နဲ့ ပတ်သက်ပြီး ကျွန်တော်ဖတ်ရှုမိသမျှ ခေတ်အဆက်ဆက်က ရေးဖွဲ့ခဲ့တဲ့ မှတ်တမ်းမှတ်ရာအချို့ကို ကောက်နုတ်ဖော်ပြချင်စိတ်တွေ ပေါက်လာတယ်။

ဆိုရလျှင် . . . မူလဘူတ ရန်ကုန်ရဲ့ သမိုင်းကိုတော့ ရန်ကုန်ရာဇဝင် သမိုင်းမှာ "အလောင်းဘုရားဒဂုံကို သိမ်းပိုက်မိသောအချိန် ၁၇၅၅ ခုနှစ် မေလတွင်းဖြစ်သည်။ ရန်အပေါင်းကုန်သော နိမိတ်ဖြင့် ရန်ကုန်ဟု မြို့သစ်သမုတ်ပြီးနောက် ၁၇၅၅ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် ဆွေတော်၊ မျိုးတော်၊ မှူးမတ်ဗိုလ်ပါခြံရံလျက် ရွှေတိဂုံစေတီတော်ကို ဖူးမြော်တက်ရောက်လေသည်" ဟု မှတ်တမ်းတင်ထားပါတယ်။

အမေရိကန်သာသနာပြုဆရာ မစ္စတာ ဘင်းနက်ရဲ့ မှတ်တမ်းကို တစေ့တစောင်းလေ့လာကြည့်ရင်တော့ ဟိုရှေးရှေးတုန်းက ရန်ကုန်ကို စာဖတ်ပရိသတ်များ တွေ့မြင်ကြရပါလိမ့်မယ်။

"သာယာဝတီမင်းလက်ထက် ၁၈၃၃ ခုနှစ်တုန်းက ဒဂုံမြို့ကို မြို့ဝန်တစ်ဦးက အုပ်ချုပ်နေသည်။ သာယာဝတီမင်းကိုယ်စား ဒဂုံမြို့ကို အုပ်ချုပ်နေရာ မြို့သူ မြို့သားများမှာ အေးချမ်းသာယာစွာ နေထိုင်ကြရ၍ စီးပွားဥစ္စာဖြစ်ထွန်းကြရသည်ဟု အဆိုရှိသည်။ ဘိန်းဆိုင်၊ ကစော်ဆိုင်ဟူ၍ ကြားမျှပင်မကြားဖူးသလောက်ဖြစ်သည်။ ထို့ကြောင့် ဒဂုံကျေးဟုခေါ်သော ရန်ကုန်မြို့ငယ်လေးတွင် သောက်စားမူးယစ်ရမ်းကားသူ မရှိ၊ ခိုးဝှက်လုယက်သူ မရှိ၊ ပကတိအေးချမ်းဆိတ်ငြိမ်သော မြို့ကလေးဖြစ်သည်"ဟု သူက မှတ်တမ်းတင်ထားပါတယ်။

ခေတ်အဆက်ဆက် နာမည်ကျော်စာရေးဆရာကြီးများရဲ့ ရန်ကုန်ဋီကာလို့ဆိုရမယ့် စာပေလက်ရာများကလည်း ခေတ်အလိုက် ရန်ကုန်ရဲ့ပုံရိပ်၊ ရန်ကုန်ရဲ့ ပြယုဂ်တွေကို ပြန်ပြောင်းတွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဆရာညီညီနိုင်က "သွားချင်ရာသွား၊ ငါးပြား ဆယ်ပြား။ အေးချမ်းတယ်၊ ပျော်ရွှင်တယ်၊ လွတ်လပ်တယ်။ ကလိမ်ကကျစ်နည်းတယ်။ မနာလိုဝန်တိုမှု ကင်းတယ်။ ဂုဏ်တုဂုဏ်ပြိုင် မရှိလှဘူး။ လူလူချင်းရိုင်းပင်းကူညီပြီး စေတနာမေတ္တာရှေ့ထားတယ်။ အဲဒါကျွန်တော်ငယ်ငယ်တုန်းက မြို့ရန်ကုန်ရဲ့သဘာဝမြင်ကွင်း" ဟု ငယ်ငယ်တုန်းက မြို့ရန်ကုန်ဆောင်းပါးမှာ မှတ်ချက်ပြုထားပါတယ်။

ဆရာမောင်ဝံသက "ရန်ကုန်က နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု အနုပညာရေးရာအားလုံးရဲ့ ဗဟို ချက်မဖြစ်တယ်။ နယ်မြို့လေးမှာ ဘယ်လောက်တော်နေနေ၊ ရန်ကုန်မှာ ပွဲလယ်တင့်မှ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အောင်မြင်မှာ ဖြစ်ပါတယ်။ ရန်ကုန်မှာ အောင်မြင်မှုရဖို့ နယ်မြို့မှာနေပြီး လုပ်ရကိုင်ရတာ မလွယ်ဘူး။ ရန်ကုန်မှာအခြေချကြိုးစားမှာ အောင်မြင်ကြတယ်"ဟု ရန်ကုန်အက်ဆေးဆိုတဲ့ ဆောင်းပါးမှာ သုံးသပ်ရေးသားခဲ့ပါတယ်။

ဆရာမောင်ဝေဟင်ကတော့ "အမှန်တော့ ရန်ကုန်ဆိုတာ ရည်မှန်းချက်ရှိသူ၊ ရည်ရွယ်ချက်ရှိသူများအတွက် ကွင်းတစ်ခု၊ စင်တစ်ခုပါ။ ကြီးပွားတိုးတက်ဖို့ အခွင့်အလမ်းတွေ အများကြီး။ အောင်မြင်ဖြစ်ထွန်းဖို့ အခြေအနေတွေ အများကြီး၊ သည်လိုပဲ ကျွန်တော်နှလုံးသွင်းထားပါသည်။ ဒီအသိရှိလျှင် ရန်ကုန်သည် နေပျော်ပါသည်။ ရန်ကုန်သား လုပ်ရတာပဲ ကောင်းပါသည်"ဟု ရန်ကုန်သားပဲလုပ်ချင်သည် ဆောင်းပါးမှာ သူ့အမြင်ကို ရေးဖွဲ့ထားသည်။

ဆရာမောင်မိုးသူကမူ "ရန်ကုန်ဆိုတာ မြို့တော်လေ၊ မြန်မာပြည်ရဲ့ မြို့တော်ပေါ့၊ အဲဒီမြို့တော်ရန်ကုန်ကို အနယ်နယ်အရပ်ရပ်က လူတွေ စီးပွားရေး၊ မျှော်လင့်ချက်၊ အနုပညာမျှော်လင့်ချက်တွေ ရင်မှာပိုက်ပြီး ဆင်းလာကြ၊ တက်လာကြ၊ စုလာ၊ ဝေးလာကြတာကိုး။ အနာဂတ်ကြီးကျယ် တိုးတက်မြင့်မားဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ လာကြတာမျိုးရှိသလို တစ်ဝမ်းတစ်ခါး ရေကြည်ရာ၊ မြက်နုရာဖြစ်လေမလားဆိုပြီး လာကြတာပေပဲပေါ့။ ဒါဟာ ကမ္ဘာ့နိယာမပါပဲ။ ကမ္ဘာနှင့်တစ်ဝန်း လူ့သမိုင်း၊ လူ့ဖြစ်စဉ်ကို ပြန်ကြည့်ရင်လူဆိုတာ အဲဒီလိုပဲ ရေကြည်ရာမြက်နုရာ တိုးတက်ဖြစ်ပေါ်မှုရနိုင်စရာရှိတဲ့ မြို့ပြရှိရာကို အနယ်နယ်က စုပြုံပြီး လာကြရတာပေပဲကိုး။

"အခုတော့လည်း ခေတ်က ပြောင်းလဲသွားပြန်ပါပြီ။ အင်တာနက်ခေတ်မှာ ကမ္ဘာကြီးဟာ သေးသေးလေးပဲ ရှိတော့တယ်။ မန္တလေးရောက် ရှမ်းကလေးတစ်ယောက်တို့၊ ရန်ကုန်ရောက် မန္တလေးသားတစ်ယောက်ဆိုတာ ဘာမှမဟုတ်တော့ဘူး။ မရှိတော့ဘူး။ အဲဒီပြောင်းလဲမှုကို အမီလိုက်နိုင်မှ ခေတ်မီတိုးတက်မှုရှိမှာ။ ဒီတော့ရန်ကုန်ဆိုတဲ့ အတွေး၊ မန္တလေးဆိုတဲ့ အတွေး၊ ရှမ်းကလေးတစ်ယောက်ဆိုတဲ့ အတွေးတွေ ဖျောက်ပြီး ကျယ်ပြန့်မြင့်မားတဲ့ အတွေးအမြင်တွေ ဖြန့်ကြက်ဖို့လိုကြောင်းပါ။ ကြော်ငြာဖြင့် နိဂုံးချုပ်ကလနားသတ်ချင်တာကတော့ ခေတ်မီမီ ကမ္ဘာကို ကြည့်မြင်ကြဖို့ပါပဲ" ဟု ရန်ကုန်ရောက် မန္တလေးသား တစ်ယောက် ဆောင်းပါးမှာ ဆိုထားပါတယ်။

ဆရာမောင်သိန်းဆိုင်က "ရန်ကုန်သူ ရန်ကုန်သားတို့ အလွန်လက်လွယ်ကြသည်။ လက်ဖက်ရည်သောက်စရာမရှိလျှင် ပင် ပေါင်နှံ၍ သောက်ကြသည်။ ထိုစဉ်က အပေါင်ဆိုင်ဟူသမျှမှာ တရုတ်တွေက ချည်းဖွင့်ထားကြသည်။ တရုတ်စာလုံးဖြင့် အပေါင်ဆိုင်ဟု ရေးထားရာ မြန်မာများက ဘူးသီးငါးပေါင်းကြော်ဟု ခေါ်ကြသည်။ တရုတ်အားထားသည်ဆိုခြင်းမှာ အပေါင်ပို့ခြင်းဖြစ်သည်။ ရန်ကုန်သူ ရန်ကုန်သားတို့သည် ဗန်ကောက်လုံချည်၊ ပိုးလုံချည်တွေကို များသောအားဖြင့် ပေါင်စားကြပြီး အလှူအတန်း ပွဲလမ်းသဘင်ရှိမှ ရွေးယူပြီးဝတ်ကြသည်။ အလှူအတန်း၊ ပွဲလမ်းသဘင်ပြီးလျှင် အပေါင်ဆိုင်ပြန်ရောက်သည်။သည်ထိ လက်လွယ်ကြသည်။ ရန်ကုန်သူ ရန်ကုန်သားတို့ စရိုက်ကား မရှိပျော်ပျော်၊ ရှိပျော်ပျော်ဆိုသည်မျိုးဖြစ်သည်"ဟု ရန်ကုန်သူ ရန်ကုန်သား ဆောင်းပါးမှာ ထိုခေတ် ရန်ကုန်သားတွေရဲ့ ဓလေ့စရိုက်ကို ရေးဖွဲ့ခဲ့ပါတယ်။

ဆရာမြတ်ဆွေက "ပလက်ဖောင်းကျဉ်းကျဉ်းလေးမှာ ကပ်ပြီး ထရိတ်ဒါးရဲ့အရိပ်ကိုခို လျှောက်နေသူများကလည်း မနည်းပေ။ နေပြည်တော်ရုံးအောက်မှာတော့ ခေတ်ပေါ် အဖိုးတန်ကားကြီးတွေ ရပ်ချင်သလိုရပ်ထားကြပုံမှာ ခေတ်ရဲ့ပြယုဂ်ပဲ ဖြစ်မည်ထင်သည်"ဟု တစ်ရံရောအခါက ဆောင်းပါးဖြင့် မှတ်တမ်းပြုထားသည်။

ဆရာမောင်ဝဏ္ဏကတော့ "ရန်ကုန်မြို့ကြီးဟာ တစ်စတစ်စ စည်ကားလာလိုက်တာ၊ အရင်တုန်းက တောဆန်တဲ့ ကျွန်တော်တို့ သဃ်္ဃန်းကျွန်းဟာ (ဂျန်းရှင်း)လမ်းဆုံလမ်းခွဲကြီး တစ်ခုအဖြစ် စည်ကားလှပါပြီ။ စည်ကားတာနဲ့အမျှ လူဦးရေလည်း များသည်ထက် များလာပါပြီ။ လူများတော့ စရိုက်တွေလည်း အများကြီးပဲ။ မြန်မာ့ဓလေ့ထုံးမွမ်းခဲ့တဲ့ သဃ်္ဃန်းကျွန်းမှာ မြို့ဆန်တဲ့ ခပ်စိမ်းစိမ်း အကျင့်တွေ များလာပြီ။ ကိုယ့်အရပ်ထဲ ဘယ်သူတွေရှိလို့ ဘာတွေ လုပ်ကိုင်စားသောက်ကြတယ်။ အကျင့်စရိုက် ဘယ်လိုနေတယ်ဆိုတာ မသိသာတော့ဘူး။ မြို့ကြီးပြကြီးရဲ့ကောင်းမွေ၊ ဆိုးမွေတွေပဲပေါ့။ တိုးတက်စည်ပင်လာတာက ကောင်းပါတယ်။ လောကရဲ့ဓမ္မအတိုင်း အကောင်းချည်းပဲ လိုချင်လို့မရဘူးလေ။ ခပ်ညံ့ညံ့တွေကိုလည်း ပူးတွဲလက်ခံရမှာပဲ။ သတိနဲ့ဆင်ခြင်ပြီး ဆန်ကောင်းထဲက အလေးအမွှားတွေထုတ်ပစ်သလို တတ်နိုင်သလောက် ထုတ်ပစ်ဖယ်ပစ်ရမှာပေါ့။ အရာရာကို တရားကျနေစရာမလိုပါဘူး။ ကျွန်တော်တို့ဟာ ရိုးရိုးလူတွေပဲ။ ဆိုင်ရာကိုယ်ကျင့်သီလတွေ စောင့်ထိန်းရင်ပဲ တော်လှပြီပေါ့။ ကျွန်တော့်အိမ်ရှေ့မှာ စည်ပင်အမှိုက်ပုံးကလေးရှိတယ်။ တခြားလူတွေ လမ်းပေါ် အမှိုက်ပစ်တာကို စိတ်ဆိုးမနေဘဲ ကိုယ်ကိုယ်တိုင်က အမှိုက်ပုံးထဲကိုပဲ အမှိုက်ပစ်ဖြစ်အောင် ကြိုးစားရမှာပေါ့လေ" လို့ ဘတ်စ်ကား အမှိုက်ပုံးနဲ့ ဆောင်းပါးပါ ရေးဖွဲ့ခဲ့မှုကလည်း မှတ်သားစရာပါ။

ဆရာ နတ်နွယ်က "ကမ္ဘာ့မြို့တော်ကြီးတွေမှာ လူသားများ သွားလာရေးကို ဖြေရှင်းတဲ့အနေနဲ့ ကောင်းကင်ရထားတွေ၊ မြေအောက်ရထားတွေ ရှိကြတယ်။ အဲဒါတွေများ ရန်ကုန်မှာ ရှိလာရင်တော့ သားတို့ ကြိုးစားကြ၊ သားတို့ ရန်ကုန်ရောက်ရင် ကိုယ့်ခေါင်းပေါ်ကသွားတဲ့ ရထားတွေလည်း စီးရမယ်။ မြေအောက်က သွားတဲ့ရထားတွေလည်း စီးရမယ်။ တစ်နေ့ကျရင် ပေါ့လေ"လို့ ဆိုပြီး အဆုံးသတ်ထားပုံကလည်း အိပ်မက်ထဲက ရန်ကုန် ခေါင်းစဉ်နဲ့ ဆောင်းပါးက လိုက်ဖက်မိလှပါတယ်။

ဆရာ ရဲမြလွင် ဂျပန်ဘာသာမှ တိုက်ရိုက်ပြန်ဆိုထားတဲ့ "မြန်မာပြည်၏ မှောင်လွှမ်းသော နေ့ရက်များ" စာအုပ်မှာတော့ ၁၉၈၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အတွင်း မြန်မာ့နိုင်ငံရေးသတင်းများ ရေးသားခဲ့သော ဂျပန်လူငယ်သတင်းထောက် အာရအီတိုးရှိ အခိ က မြန်မာပြည်ဆင်းရဲရခြင်းနှင့် အကျင့်ပျက်ခြစားခြင်းများ၊ မဆလနောက်ဆုံးကာလများနှင့် စစ်တပ်အာဏာသိမ်းခြင်း စတဲ့ဖြစ်ရပ်တွေကို အောက်ပါအတိုင်း ခရေစေ့တွင်းကျရေးသားခဲ့ပါတယ်။

"၁၉၈၇ ခုနှစ် ဩဂုတ်လမှာ မြန်မာဘာသာနဲ့ ထုတ်ဝေတဲ့ သတင်းစာတစ်စောင်မှာ ခေတ်ရဲ့အခြေအနေကို သရော်ထားတဲ့ ကာတွန်းတစ်ပုဒ်ပါလာခဲ့တယ်။ သူဌေးကြီးတစ်ယောက်က သူ့ရဲ့ တပည့်နှစ်ယောက်ကို မောင်းထုခိုင်းပြီး လူအုပ်ကြီးရှိတဲ့နေရာကို ဦးတည်ရင်း အခုလို ဟစ်အော်ပြောနေတယ်။ တိုင်းသူပြည်သားအပေါင်းတို့ လာဘ်မစားတဲ့ရုံး၊ မီးမပျက်တဲ့ ရပ်ကွက်၊ ရေမရောတဲ့ အရက်ဆိုင်၊ ဓာတ်ဆီမခိုးတဲ့ ဓာတ်ဆီဆိုင်နဲ့ လက်မှတ်ဝယ်ပြီးရင် အကြွေပြန်မအမ်းတဲ့ မီးရထားဘူတာကို ရှာပေးနိုင်တဲ့သူအား ကျွန်ုပ်၏တစ်ဦးတည်းသော သမီးချောနဲ့ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးမည် ဖြစ်ကြောင်း ကြေညာမောင်းခတ်လိုက်သည်"ဟု ပြန်လည်ဖောက်သည်ချ ရေးသားထားပါတယ်။

စာအုပ်ရဲ့ တစ်နေရာမှာတော့ အာရအီတိုးရှိအခိ က "ရန်ကုန်မြို့ပေါ်မှာရှိတဲ့ ဘတ်စ်ကားတွေကို ကြည့်လိုက်ရင် ဘယ်ကားကိုပဲ ကြည့်လိုက်၊ လူတွေကို ငါးပိသိပ် ငါးချဉ်သိပ်ပြည့်ကျပ်နေအောင် တင်လာကြတာကို တွေ့နေရတယ်။ ရုံးတက်ရုံးဆင်း အချိန်တွေမှာတော့ လူငယ်တချို့ဟာ နောက်ကနေ တွဲလောင်းဆွဲပြီး လိုက်စီးကြရတယ်"လို့ ထိုခေတ်မြင်ကွင်းကို ရေးခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ"ဘတ်စ်ကားထဲမှာ ခါးပိုက်နှိုက်ပြီးရင် ကြောက်စရာအကောင်းဆုံးက စပယ်ယာတွေပဲ။ လူတွေကို မဆံ့အင်တန် အတင်းထိုးနေရင်းက 'ခင်ဗျားတို့ လူလိုပြောနေတာ နားမလည်ကြဘူးလား၊ ချောင်ချောင်စီးချင်ရင် ကိုယ်ပိုင်ကားဝယ်စီးကြ' စတဲ့ စကားတွေနဲ့ တစ်လမ်းလုံး ကြမ်းကြမ်းတမ်းတမ်း အော်ငေါက် ပြောဆိုလာခဲ့တယ်။ မိန်းကလေးတစ်ယောက်က သူ့ကို ကွက်ကြည့်ကွက်ကြည့်နဲ့ လှည့်ကြည့်နေရှာတယ်။ စပယ်ယာက မသိချင်ယောင်ဆောင်နေတယ်။မိန်းကလေးတွေက လူတွေကြားထဲမှာ 'အကြွေပြန်အမ်းပေးပါ'လို့ အော်ပြောရမှာကို ရှက်နေရှာတယ်။ ပြန်အမ်းနိုး၊ ပြန်အမ်းနိုးနဲ့ စောင့်လာလိုက်တာ ဆင်းရမယ့်မှတ်တိုင်ကိုရောက်တော့ 'ခပ်သုတ်သုတ်လေး ဆင်းကြစမ်းပါဗျာ။ နောက်ကားလိုက်လာလို့'ဆိုပြီး တွန်းချတာကို ခံလိုက်ရတော့တယ်" စသဖြင့် ရေးထားခဲ့ပါတယ်။

နည်းပညာထွန်းကားလာတဲ့ IT ခေတ်မှာလည်း ရန်ကုန်နဲ့ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပက ရေးသားမှုများကိုလည်း လေ့လာတွေ့ရှိရပြန်ပါတယ်။

ရန်ကုန်မှာ အလုပ်ကိစ္စနဲ့ ကာလအတန်ကြာနေထိုင်ခဲ့တဲ့ ကိုရီးယားက အိုနီး (အစ်မ) တစ်ယောက်ကတော့ သူ့မွေးရပ်ဌာနေကို ပြန်သွားပြီး မကြာမီသူ့ဖေ့ဘွတ်(ခ်)လူမှုကွန်ရက်ပေါ်မှာ ရန်ကုန်အတွေ့အကြုံလေးနဲ့ပတ်သက်ပြီး "ရန်ကုန်မှာ နေတုန်း ညဘက်မီးပျက်ပြီး တစ်ခန်းလုံးမှောင်မည်းသွားလို့ ကြောက်ရွံ့ထိတ်လန့်တာ ဖြစ်မိပေမယ့် ရန်ကုန်သားတွေကတော့ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်လို အရေးမထားတဲ့အကြောင်း၊ ညကြီးသန်းခေါင်ရပ်ကွက်ထဲက ခွေးလေ ခွေးလွင့်တွေ တအားဟောင်လို့ သူအိပ်မရတဲ့အကြောင်း၊ ရန်ကုန်ရောက်ခါစက မြို့ထဲမှာ ကားတွေကြားထဲကနေ သူသက်စွန့်ဆံဖျား လမ်းဖြတ်ကူးခဲ့ရတဲ့အကြောင်း၊ ဒါပေမယ့် ရန်ကုန်သားတွေကတော့ ကားတွေကြားထဲက ကျွမ်းကျင်စွာ လမ်းဖြတ်ကူးနေတာ မြင်ခဲ့ရကြောင်း" ရေးထားတာကိုလည်း ဖတ်လိုက်ရတယ်။

ဆိုခဲ့ပါ ခေတ်အဆက်ဆက် ရန်ကုန်ဋီကာကို ဖတ်လိုက်ရတော့ ခေတ်အလိုက်ရန်ကုန်ရဲ့ အတိတ်တွေ၊ ရန်ကုန်ရဲ့ အရိပ်တွေ၊ ရန်ကုန်ရဲ့ပြယုဂ်တွေကို ပြန်ပြောင်းအမှတ်ရလွမ်းရသလို အတိတ်၊ ပစ္စုပ္ပန် နှိုင်းယှဉ်စရာ၊ သင်ခန်းစာယူစရာတွေလည်း ဖြစ်မိကြောင်းပါ။

ထို့အတူ ရန်ကုန်အချပ်ပိုစာဖတ်သူများ အနေဖြင့်လည်း ရန်ကုန်ဟာ ခေတ်အလိုက် ဘာတွေပြောင်းလဲလာခဲ့သလဲ။ ပြကတေ့အတိုင်း ဘယ်အရာတွေက ကျန်ရှိနေဆဲလဲဆိုတာကို ခွဲခြမ်းစိတ်ဖြာ နှိုင်းယှဉ်သုံးသပ် ကြည့်စေလိုကြောင်းပါဗျာ . . . . ။

## ရန်ကုန်မြို့ပြတစ်ခွင် ကားပါကင်မှ

ပန်းဘဲတန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက ပြောသည်ကို မှတ်သားဖူးသည်။

ရန်ကုန်မြို့တွင် ၂၀၁၇ ခုနှစ် မေလအထိ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်ပေါင်း ၅၂၉၀၀၀ စီးခန့်ရှိနေရာ တဖြည်းဖြည်းနှင့် များပြားလာသော ကားအစီးရေကြောင့် ရန်ကုန်မြို့၌ ကားပါကင်အတွက် စိန်ခေါ်မှုတစ်ခု ဖြစ်လာနေပြီဖြစ်သည်။ လူနေထိုင်မှု များပြားလာသော ရန်ကုန်မြို့နေရာအနှံ့တွင် အထပ်မြင့် လူနေတိုက်များ တည်ဆောက်ထားသော်လည်း အတော်များများသော လေးထပ်၊ ငါးထပ်၊ ခြောက်ထပ်များ၌ ကားပါကင် မပါဝင်ခြင်းကြောင့် ရပ်ကွက်လမ်းများပေါ်တွင်လည်း ကားများ ဖွေးဖွေးလှုပ်နေတော့သည်။ ကိုယ့်လမ်း၊ ကိုယ့်အိမ်ရှေ့လမ်းပေါ် တွင်ပင် ကားပါကင်ရရန် မလွယ်ကူ။ ဤလမ်းတွင် နေထိုင်သော်လည်း ဤလမ်းတွင် ကားပါကင်ရပြီး ညအချိန် ကားရပ်ရန် ခက်ခဲနေပြီဖြစ်သည်။ ရပ်ကွက်အတော်များများတွင် အခြားလမ်းမှ ကားများ မိမိတို့လမ်းတွင် လာရောက်ရပ်နား ညအိပ်ကြသဖြင့် ဗီနိုင်း၊ ဆိုင်းဘုတ်များထောင်ကာ မိမိတို့လမ်း၌ နေထိုင်သူများသာ လမ်းပေါ်တွင် ကားကို ညအိပ်ရပ်နားခွင့်ပြုကြောင်း အသိပေးထားသည်ကို နေရာတိုင်း၌ မြင်တွေ့နေရသည်။

ရန်ကုန်မြို့တွင် ကားများ ညအိပ်ရပ်နားရန် အဆောက်အအုံ ဆောက်လုပ်ကာ စီစဉ်ဆောင်ရွက်ခဲ့သော်လည်း ထိုသို့ အဆောက်အအုံနည်းပါးသဖြင့် ကားပါကင်ပြဿနာကို ထိထိရောက်ရောက် မဖြေရှင်းနိုင်ခဲ့။ အချို့နေရာများတွင် တက္ကစီများ ရပ်နားရန် မျဉ်းတား ကားပါကင်နေရာများ သတ်မှတ်ပေးခဲ့သော်လည်း တက္ကစီယာဉ်များက လာရောက်ကားပါကင် မထိုးချေ။

**အချပ်ပို (ဃ) သို့**

တစ်ပတ်အတွင်း ရန်ကုန်ကားဈေးကွက်

# တက်ဈေးပေးမဝယ်ကြတဲ့အတွက် ဈေးမာမာနှင့် တင်းခံဆဲ

# ရန်ကုန်ကားလောကအခြေအနေ

မင်းသော်




တက်ဈေးများနှင့် ဈေးကွက်အေးစက်ဆဲ ရန်ကုန်ကားဈေးကွက်အတွင်း ငွေကျပ်သိန်း ၁၅၀ မှ ၁၈၀ ကြား မော်တော်ကားများမှလွဲ၍ ကျန်ကားများ အရောင်းအဝယ် မရှိသလောက်နည်းပါးနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ဂျပန်လေလံဈေးများ မြင့်တက်ခြင်း၊ ဒေါ်လာဈေးမြင့်တက်ခြင်းတို့ကြောင့် ကားသစ်တင်သွင်းလိုသူများမှာလည်း ထင်သလောက် ခရီးမပေါက်သည်ကို မြင်တွေ့ရပြီး ကားသစ်များတင်သွင်းသူများမှာလည်း တက်ဈေးဖြင့် အဝယ်မရှိ လက်ဝယ်မော်တော်ကားများ ကိုင်ထားကြရသည့် အနေအထားဖြစ်သည်။

လက်ရှိတွင် ယာဉ်ရောင်းဝယ်ရေးစခန်းများ၌ တစ်ရက်လျှင် အရောင်းအဝယ်ဖြစ်သည့် အစီးရေမှာ သုံးစီးဝန်းကျင်ခန့်သာရှိပြီး အများစုမှာ အမေးအမြန်းပင် မရှိတတ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ သို့သော် အင်ဂျင်ပါဝါ ၁၃၀၀ စီစီနှင့် ၁၀၀၀ စီစီ၊ ၆၆၀ စီစီ မော်တော်ကားများမှာမူ ဈေးနှုန်းသင့်တင့်ပြီး လက်ရှိဝယ်ယူသည့် အရေအတွက် အားကောင်းလာသည်ကို မြင်တွေ့ရသည်။ အများစုမှာ ဟွန်ဒါဖစ်များပင် ဖြစ်ကြပြီး ကြိုက်ရောင်းကြိုက်ဝယ်အနေအထားဖြင့် ရောင်းချနေကြပြီး အမြတ်မကျန်သည့် ဈေးကွက်တစ်ခုပင် ဖြစ်ကြောင်း ဝယ်ရောင်းကျွမ်းကျင်သူတစ်ဦးက ပြောသည်။

ဈေးကွက်အတွင်းသို့ မျက်စိလည်လမ်းမှားကာ ရောက်ရှိလာသည့် ဈေးချိုသော အိမ်သုံးကားသန့်များမှာမူ နာရီမဆိုင်းဘဲ အရောင်းအဝယ်ဖြစ်နေသည်ကို မြင်တွေ့ရပြီး ဈေးနှုန်းသင့်သည့် မော်တော်ကားများမှာမူ ဈေးနှိမ်ပေးခြင်းကြောင့် တစ်ပတ်ပင်ကြာမြင့်သော်လည်း အရောင်းအဝယ်မဖြစ်ဘဲ ယာဉ်ရောင်းဝယ်ရေးစခန်းစုံသည်အထိ အလုပ်မဖြစ်သည်ကိုလည်း မြင်တွေ့ရသည်။ အဓိကမှာ ဈေးကွက်အတွင်း ဈေးနှုန်းသင့်သော်လည်း ဈေးပေးနိုင်သူများဘက်မှလည်း မလိုက်နိုင်ခြင်းကြောင့် ယခုကဲ့သို့ အရောင်းအဝယ်မရှိသလောက် တန်းနေခြင်းဖြစ်သည်။

သက်တမ်း နှစ် ၂၀ စလစ်အပါအဝင် အခြားစလစ်ဈေးနှုန်းများမှာလည်း ကျဆင်းလာနေသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း တစ်ဦးချင်းတင်သွင်းသည့် စလစ်ကပ်ကားများကို ပုံမှန်သက်တမ်းအဖြစ်သုံးလပေးထားသည့်အပြင် ပထမအကြိမ်နှစ်လခန့် ဒုတိယအကြိမ်တစ်လခန့် သက်တမ်းတိုးမြှင့်ပေးလိုက်ခြင်းသည် စလစ်ဈေးနှုန်းများကို ဆွဲချလိုက်ခြင်းပင်ဖြစ်သည်။ စလစ်ဈေးမှာ သက်တမ်းနှစ် ၂၀ စလစ်အနေဖြင့် ငွေကျပ်သိန်း ၁၃၀ ဝန်းကျင်တွင် သုံးပတ်အထိ ကြံ့ကြံ့ခံနေသည့်အတွက် ကားဈေးနှုန်းများသည်လည်း လိုက်ပါကျဆင်း၍ လာနိုင်ကြောင်း လာမည့်သီတင်းပတ်အတွက် ကျွမ်းကျင်သူအချို့က သုံးသပ်ကြသည်။

နံပါတ်ထွက်ထားသည့် ရန်ကုန်လိုင်စင် မော်တော်ကားများမှာလည်း ဝယ်ရောင်းအချင်းချင်းသာ ပြန်လည်ဝယ်ယူနေကြပြီး အပြင်ဝယ်လက် မရှိသလောက် ရှားပါးနေကြောင်း၊ မော်တော်ကား ဝယ်ယူလိုသူအများစုမှာလည်း ဈေးလျှော့ပေးသည့် ပုံမှန်ပေါက်ဈေးထက် နိမ့်သည့်အခြေအနေကိုသာ စောင့်ဆိုင်းဝယ်ယူကြသဖြင့် အမြတ်ရရှိရန် မလွယ်ကူနိုင်တော့ကြောင်း၊ ဝယ်ယူပြီးသား မော်တော်ကားပိုင်ရှင်များ အနေဖြင့် အရောင်းအဝယ်နှင့် အလဲအထပ်ပြုလုပ်ရန်အတွက် စောင့်ဆိုင်းဆဲကာလသာ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အောက်တိုဘာလဆန်းမှစ၍ ပြည်တွင်းထုတ် CKD/SKD စနစ်ဖြင့် ထုတ်လုပ်သည့် မော်တော်ကားများမှာမူ ပြင်ပဈေးကွက်အတွင်းမှ မော်တော်ကားများထက် ပိုမိုရောင်းချလာရသည်ကို မြင်တွေ့ရကာ တစ်လခွဲကာလအတွင်း အရောင်းပြခန်း၌ ပြတ်သည်အထိ ရောင်းချနေကြသည်ဟု မော်တော်ကားလောကအတွင်းမှ သိရှိရပြီး ဈေးကွက်အတွင်း မတန်တဆဈေးမြှင့်ထားသည်ဟု ယူဆကြပုံရသည့် ဝယ်လက်များမှာ နှစ်ဆန်း ကားသစ်များနှင့် ဆူဇူကီးစင်တာများမှ ကားသစ်များကိုသာ ပိုမိုဝယ်ယူလာကြသည်ကို သတိချပ်သင့်ပြီဖြစ်ကြောင်း၊ ကားလောကအတွင်း အပြောင်းအလဲတစ်ရပ်အနေဖြင့် ကားသစ်များကို စိတ်ဝင်စားမှု မြင့်တက်လာနေပြီဖြစ်ကြောင်း ဝယ်ရောင်း ကိုသူရိန်စောက ပြောပြသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသည့် စလစ်ဈေးနှုန်းများမှာ သက်တမ်း နှစ် ၂၀ လူစီးစလစ်မှာ ငွေကျပ်သိန်း ၁၃၅၊ စက်မှုဇုန်လူစီးစလစ်မှာ ငွေကျပ်သိန်း ၁၃၀၊ တက္ကစီစလစ်မှာ ငွေကျပ် ၁၂၃ သိန်း၊ တိုက်ကြေစလစ်မှာ ငွေကျပ် ၁၂၃ သိန်း၊ စက်မှုဇုန်လုပ်ငန်းသုံးအပ်ကားမှာ ငွေကျပ် ၄၁ သိန်း၊ ဘတ်စ်မှ လူစီးစလစ်မှာ ငွေကျပ် ၁၃၁ သိန်း၊ ဘတ်စ်မှ ဘတ်စ်တင်သွင်းမှုစလစ်မှာ ငွေကျပ်သိန်း ၈၀ တို့ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ယခုကာလအတွင်း နံပါတ်များအနေဖြင့် 2P-7037 သို့ရောက်ရှိလာနေသည်ကို မြင်တွေ့ရသည်။

> “နံပါတ်ထွက်ထားသည့် ရန်ကုန် လိုင်စင်မော်တော်ကားများမှာလည်း ဝယ်ရောင်းအချင်းချင်းသာ ပြန်လည်ဝယ်ယူနေကြပြီး အပြင်ဝယ်လက် မရှိသလောက် ရှားပါးနေကြောင်း၊ မော်တော်ကား ဝယ်ယူလိုသူအများစုမှာလည်း ဈေးလျှော့ပေးသည့် ပုံမှန်ပေါက်ဈေးထက် နိမ့်သည့်အခြေအနေကိုသာ စောင့်ဆိုင်းဝယ်ယူကြသဖြင့် အမြတ်ရရှိရန် မလွယ်ကူနိုင်တော့ကြောင်း၊ ဝယ်ယူပြီးသား မော်တော်ကား ပိုင်ရှင်များအနေဖြင့် အရောင်းအဝယ်နှင့် အလဲအထပ်ပြုလုပ်ရန်အတွက် စောင့်ဆိုင်းဆဲ ကာလသာဖြစ်”

## တစ်ပတ်အတွင်းအရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ်လ် | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Kluger | 2006 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၇၅ |
| Harrier | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၇၀ |
| Noah | 2008 | ရန်ကုန် | 2000cc | အပြင်ဈေး | ၃၃၅ |
| Alphard | 2005 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၅၀ |
| Honda Fit | 2012 | ယာယီ | 1300cc | အပြင်ဈေး | ၂၄၃ |
| Honda Insight | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၅၅ |
| Caldina | 2003 | ရန်ကုန် | 1800cc | အပြင်ဈေး | ၁၇၀ |
| Swift | 2012 | တောင်ကြီး | 1300cc | နယ် | ၁၈၀ |
| Partner | 2010 | ရန်ကုန် | 1500cc | နယ် | ၁၈၀ |
| Probox Succeed | 2011 | မန္တလေး | 1500cc | နယ် | ၁၉၀ |

**ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။**

**အချပ်ပို (ဂ) မှ**

ခရီးသည်များ ရနိုင်သည့် လူစည်ကားရာ လမ်းဆုံ၊ လမ်းထိပ် နေရာများတွင်သာ ကားပါကင်ထိုး ရပ်နေကြသည်။

စည်းကမ်းမဲ့ ရပ်နားယာဉ်များကို စည်ပင်သာယာရေး၊ ရပ်ကွက်အုပ်ချုပ်ရေးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီးအတူ ဖမ်းဆီးကာ ရက်အကန့်အသတ်ဖြင့် ထိန်းချုပ်ရန် ဆောင်ရွက်သင့်သည်ဟု သုံးသပ်သူများက ဆိုနေကြသည်။ အရေးကြီးသည်မှာ ကားရပ်နားမှု စနစ်တကျဖြစ်ရန် လိုအပ်သည်ဖြစ်ရာ ကောင်းမွန်သောနည်းလမ်းကို အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်မှာ အမှန်ပင်ဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်နှင့် လူနေထူထပ်သည့် မြို့နယ် သုံးမြို့နယ်တို့တွင် မျဉ်းဝါတား ကားပါကင်များ ပြန်လည်ဆောင်ရွက်တော့မည်ဖြစ်ရာ စနစ်တကျဖြင့် ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ရန် လိုအပ်နေပြီဖြစ်သည်။ သို့သော် ယင်းစနစ်ကို အချို့က ဘဝင်မကျ။

မျဉ်းဝါများတားပြီး ကားပါကင်များ ဖော်ဆောင်လျှင် ရန်ကုန်မြို့ပြတစ်ခွင်တွင် ကားပါကင်များကြောင့် စနစ်တကျ စီတန်းရပ်နားနေသော ကားများကို မြင်တွေ့ရနိုင်တော့မည်ဟု မျှော်မှန်းနေမိ . . .။